ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

ချမ်းသာခြင်းအကြောင်းတရား

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 12 May 2020 ၁၀၀၁၀

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး လိုအပ်ချက်များကို နောက်လာမည့်လများကိုသာမက covid အပြီးခေတ် ကမ္ဘာကိုပါ မျှော်မှန်းကြည့်ပြီး တွက်ဆပြင်ဆင်ရမည်ဖြစ်ကြောင်း ရေးသားဖော်ပြ

နေပြည်တော် မေ ၁၁

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံ၏ လူမှုရေး၊ စီးပွားရေးလိုအပ်ချက်များကို နောက်လာမည့်လများကိုသာမက covid အပြီးခေတ် ကမ္ဘာကိုပါ မျှော်မှန်းကြည့်ပြီး တွက်ဆပြင်ဆင်ရမည်ဖြစ်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မေလ(၁၅)ရက်နေ့အထိ ချမှတ်ထားသည့် covid နှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို လက်ရှိရောဂါအခြေအနေကိုကြည့်ပြီး သုံးသပ်ရာတွင် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်နိုင်မှု အင်အားကို အဓိကထည့်တွက်ရပါကြောင်း။

ထို့ကြောင့် ပြည်သူများကို အားပေးစကားပြောလိုပါကြောင်း၊ ယခု covid သက်တမ်း (၅)လထဲရောက်ချိန်တွင် ကမ္ဘာတစ်ဝန်းပညာရှင်ကြီးများက ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန် ဘယ်လိုအစီအစဉ်တွေလုပ်သင့်သည်နှင့် ပတ်သက်၍ အကြံပြုကြပါကြောင်း၊ အကြံပြုချက်အားလုံးလိုလိုမှာ မိမိတို့ စောစောကတည်းက လုပ်ဆောင်ထားပြီးကိစ္စများဖြစ်ပါကြောင်း၊ မိမိတို့ ဂုဏ်ယူနိုင်ပါကြောင်း။

သို့ရာတွင် အတိတ်အတွက် ဂုဏ်ယူတာထက် အနာဂတ်အတွက် ပြင်ဆင်ဖို့က ပိုအရေးကြီးပါကြောင်း၊ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေးလိုအပ်ချက်များကို နောက်လာမည့် လများကိုသာမက covid အပြီးခေတ် ကမ္ဘာကိုပါ မျှော်မှန်းကြည့်ပြီး တွက်ဆပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်နှင့် ခံနိုင်ရည်ကိုချိန်ဆပြီး ရှေ့ကိုဆက်လှမ်းကြရမည်ဖြစ်ပါကြောင်း ရေးသားထားသည်။

ထို့ပြင် လျှော့ပေးနိုင်သည့် နေရာများတွင် လျှော့ပေးပြီး အကျိုးဆက်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေရမည်ဖြစ်ပါကြောင်း၊ အလျှော့အတင်း မှန်ကန်ရန် အရေးကြီးပါကြောင်း၊ မိမိတို့ပြည်သူများကလည်း နိုးကြားတက်ကြွစွာ "ငါတို့ပါမှဖြစ်မယ်"ဆိုသည့်အသိဖြင့် စိန်ခေါ်မှုများကို ကူညီကျော်လွှားပေးကြစေလိုပါကြောင်း၊ မတွေ့ဖူးသည့်အတွေ့အကြုံများကို ရင်ဆိုင်ရင်းဖြင့် ရင့်ကျက်ခိုင်မာလာမည်ဖြစ်ပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရေးသားဖော်ပြထားသည်။

☆ **အတိတ်အတွက် ဂုဏ်ယူတာထက် အနာဂတ်အတွက် ပြင်ဆင်ဖို့က ပိုအရေးကြီး**

☆ **ပြည်သူများ၏ လိုအပ်ချက်နှင့် ခံနိုင်ရည်ကိုချိန်ဆပြီး ရှေ့ကိုဆက်လှမ်းကြရမည်ဖြစ်**

☆ **ပြည်သူများကလည်း နိုးကြားတက်ကြွစွာ "ငါတို့ပါမှဖြစ်မယ်"ဆိုသည့်အသိဖြင့် စိန်ခေါ်မှုများကို ကူညီကျော်လွှားပေးကြစေလို**

ကြေးမုံ ယနေ့ ဖတ်စရာ

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရေးအတွက် Quarantine ထားရှိရန် လျာထားသော ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဌာနပိုင်အဆောက်အအုံများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

စာမျက်နှာ » ၄

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်နေသော ကုန်သွယ်မှုနှင့် စီးပွားရေးအခြေအနေများကုစားရေးနှင့် ပြန်လည်တုံ့ပြန်ရေး ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ အစည်းအဝေးကျင်းပ

စာမျက်နှာ » ၈

မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရသော မြန်မာနိုင်ငံသားများအား ပြန်လည်စိစစ်လက်ခံခဲ့

မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

နေပြည်တော် မေ ၁၁

မလေးရှားနိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံပြီးနောက် ထိန်းသိမ်းခံထားရသော မြန်မာနိုင်ငံသား ၃၉၁ ဦးအား မလေးရှားအစိုးရ အစီအစဉ်ဖြင့် Malaysia Airlines စင်းလုံးငှားအထူးလေယာဉ်နှစ်စင်းဖြင့် ယနေ့တွင် ပြန်လည်ပို့ဆောင်ခဲ့ရာ နံနက် ၁၀ နာရီ ၂၅ မိနစ်နှင့် ညနေ ၃ နာရီ ၅ မိနစ်တို့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အသီးသီး ပြန်လည်ရောက်ရှိခဲ့ကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများမှ လွှဲပြောင်းလက်ခံခဲ့သည်။

အဆိုပါ ထိန်းသိမ်းခံ မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံသားမှန်ကန်မှုစိစစ်၍ မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့မှ မည်သူမည်ဝါ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

လက်ဆေး၊ ခပ်ဝေးဝေး၊ ကွယ်ကာအုပ်ဆိုင်းပေး

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လက်ရှိကာလတွင် လူတိုင်းလူတိုင်း အစဉ်အမြဲလိုက်နာရမည်မှာ အပြင်ထွက်လျှင် လက်ဆေး၊ လူအချင်းချင်း ထိတွေ့ဆက်ဆံလျှင် နှာခေါင်း၊ ပါးစပ်တို့ကို အုပ်စည်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ ခပ်ဝေးဝေးနေဟူသည့် အချက်သုံးချက် ဖြစ်သည်။ ထိုအချက်သုံးချက်သည် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရာတွင် ထိရောက်သောအချက်များဖြစ်သည်။

ထိုအချက်များကို လိုက်နာဆောင်ရွက်လျှင် ရောဂါကင်းဝေးပြီး ထိုအချက်များကို မလိုက်နာ၊ မဆောင်ရွက်လျှင် ရောဂါအလျင်အမြန် ဖြစ်ပွားလာနိုင်ပါသည်။ သာမန်အခြေအနေမှာပင် ထိုအချက်များသည် လူတို့ကို အခြားကူးစက်တတ်သောရောဂါများမှ ကင်းဝေးစေပါသည်။ ကပ်ရောဂါဘေးဖြစ်ပွားနေသော အချိန်အခါတွင်မူ ထိုအချက်သုံးချက်ကို လူတိုင်းလူတိုင်း မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်ပါသည်။ သို့သော် လိုက်နာကြသူများရှိသလို မလိုက်နာကြသူများလည်း ရှိနေပါသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကမ္ဘာ့နိုင်ငံများတွင်ဖြစ်ပွားနေရာ၌ အချို့နိုင်ငံများသည် ရောဂါကာကွယ်ရေးအချက်များကို တိတိကျကျလိုက်နာသောကြောင့် ရောဂါဖြစ်ပွားမှုများအား ဟန့်တားထိန်းချုပ်နိုင်သည်ကို တွေ့ရသည်။ ယင်းနိုင်ငံများတွင် တောင်ကိုရီးယားနိုင်ငံလည်းပါဝင်ပြီး ရောဂါထိန်းချုပ်နိုင်သည့် အခြေအနေကောင်း ရှိနေသည်။ သို့သော် တောင်ကိုရီးယားနိုင်ငံမှ လူငယ်တစ်ဦးသည် မေလ ၆ ရက်နေ့က ၎င်းတွင် ရောဂါရှိနေသည်ကို မသိရှိသေးခင် ကလပ်တစ်ခုသို့သွားရောက်ခဲ့သည်။ နောက်နှစ်ရက်အကြာ မေလ ၈ ရက်နေ့၌ ကလပ်တွင်၎င်းနှင့် ဆက်စပ်ခဲ့သူ လူ ၁၅ ဦး ရောဂါကူးစက်ခံလိုက်ရသည်။

မြန်မာနိုင်ငံတွင်လည်း ဤကဲ့သို့အဖြစ်မျိုး တစ်ကြိမ်မက ဖြစ်ခဲ့ဖူးသည်။ ထိုကဲ့သို့ ဖြစ်စဉ်အားလုံးတွင် အဓိကမှာ လူအချင်းချင်းထိတွေ့ပတ်သက်ခဲ့ရာ၌ မိမိတွင်ရောဂါကူးစက်နေသည်ကို မသိရှိခြင်းနှင့် ပါးစပ်နှာခေါင်းစည်း မတပ်ခြင်းကြောင့်ဖြစ်သည်။ ရောဂါရှိသူနှင့် တစ်အိမ်တည်းအတူနေ၊ တစ်ဆောင်တည်းအတူနေ၊ တစ်ခန်းတည်းအတူနေလျှင် ရောဂါသေချာပေါက် ကူးစက်ခံရမည်ဖြစ်သည်။ ယင်းတို့သည် သင်ခန်းစာယူစရာ အချက်များဖြစ်သည်။ ရန်ကုန်မြို့တွင် ရောဂါရှိသူနှင့် တစ်ဆောင်တည်း အတူနေသဖြင့် ရောဂါအစုအပြုံလိုက် ကူးစက်ခံရသည်ကိုတွေ့ရပြီး နယ်မြို့တွင် ဝန်ထမ်းတစ်ဦးသည် ရောဂါရှိနေသည်ကို မသိရှိသေးခင် ပါးစပ်နှာခေါင်းစည်းတပ်၍ လုပ်ဖော်ကိုင်ဖက်အချင်းချင်းဆက်ဆံခဲ့ရာ ရောဂါမကူးစက်သည်ကို တွေ့ရသည်။

ထို့ကြောင့် ပါးစပ်နှာခေါင်းစည်းတပ်ရန်၊ လက်ဆေးရန်၊ ခပ်ဝေးဝေး နေရန် တွင်တွင်သတိပေးနေရသည်။ လူအများသည် အပြင်ထွက်လျှင် လက်ဆေး၊ ပါးစပ်နှာခေါင်းစည်း တပ်လေ့ရှိသော်လည်း နေထိုင်ရာ ဂေဟာအတွင်းရောက်လျှင်မူ ယင်းဓလေ့များကို စွန့်လွှတ်တတ်ကြသည်။ အထူးသဖြင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာမနေကြခြင်းသည် အန္တရာယ်ကို ဖိတ်ခေါ်နေသလိုဖြစ်သည်။ လက်ရှိကာလသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေဆဲကာလဖြစ်၍ အဆိုပါအချက်များကို အလေ့အထသဖွယ် ပြုလုပ်ရမည်ဖြစ်သည်။ မိမိကိုယ်ကိုယ် ဆန်းစစ်နေရမည်ဖြစ်သလို သူတစ်ပါးတို့အား (မိမိ မိတ်ဆွေ၊ အသိုင်းအဝိုင်း၊ ဆွေမျိုး၊ မိသားစုပါမကျန်) လေ့လာအကဲခတ်နေရမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၌ မေလ ၈ ရက်နေ့တွင် စီးပွားရေး ပြန်လည်ဖွင့်လှစ်လိုက်သည်နှင့် ပြည်နယ် ၁၁ ခုတွင် ကိုဗစ်-၁၉ ဗိုင်းရပ်ပိုး အသစ်ထပ်မံကူးစက်မှု အလွန်လျင်မြန်သည့်နှုန်းဖြင့် မြင့်တက်လာသည်မှာ သင်ခန်းစာယူဖွယ်ရာဖြစ်သည်။ လူမှုစီးပွားထိခိုက်မှုများသဖြင့် ကန့်သတ်မှု အမျိုးမျိုးကို မည်သည့်နိုင်ငံကမျှ ပြုလုပ်လိုခြင်းမရှိပေ။ မြန်မာနိုင်ငံ၌ နယ်မြို့များတွင် ကန့်သတ်မှုပိုသော်လည်း ရန်ကုန်မြို့၌ ပြည်သူများ၏ လူမှုစီးပွားကို ထောက်ထားသောအားဖြင့် အသိတရားဖြင့်လိုက်နာရန် နှိုးဆော်နေရသည်။

သို့ဖြစ်ရာ ပြည်သူများ လူမှုစီးပွား မထိခိုက်စေရေး၊ ရောဂါကူးစက်မှုများ လျော့ကျရပ်တန့်ရေးအတွက် မြို့နေပြည်သူအားလုံးတို့အနေဖြင့် မဖြစ်မနေကိစ္စရှိမှ ပြင်ပသို့ထွက်ပါ၊ ပြင်ပသို့ထွက်လျှင် လက်ဆေးပါ၊ ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ပါ၊ တစ်ဦးနှင့်တစ်ဦး ခပ်ဝေးဝေးနေပါ၊ အတူတူနေထိုင်ကြသူအချင်းချင်း လေ့လာဆန်းစစ် သတိပြုပေးပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ သက်တော် (၉၁) နှစ်မြောက် ဝိဇာတမွေးနေ့အကြိုအဖြစ် ချို့တဲ့ပြည်သူများအား အခြေခံစားသောက်ကုန်များ လှူဒါန်း

ရန်ကုန် မေ ၁၁

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ သက်တော်(၉၁)နှစ်မြောက် ဝိဇာတ မွေးနေ့အကြိုအဖြစ် တပည့် ဒါယကာ၊ ဒါယိကာမများစုပေါင်း၍ ချို့တဲ့ ပြည်သူများအား အခြေခံစားသောက်ကုန်များ လှူဒါန်းသည့် အစီအစဉ်ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ ပြုလုပ်သည်။

အလှူ့ဒါယကာ ဦးထွန်းရင်ဦး(ခ) ဦးထွန်းထွန်းက "ဆရာတော်ကြီးရဲ့ ဆန္ဒအရ ဒီနေရာကို လာရောက်လှူဒါန်းတာပါ။ လက်ရှိ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေတဲ့ကာလမှာ အမှန်တကယ် ချို့တဲ့သူတွေကို လှူဒါန်းဖို့ ဆရာတော်ကြီးက မိန့်ကြားတဲ့အတွက် အခုလိုလှူဒါန်းတာဖြစ်ပါတယ်။ လှူဒါန်းနိုင်ဖို့အတွက် စာရင်းကောက်ယူမှုနဲ့ ပြင်ဆင်မှုတွေကို ကြိုတင်ဆောင်ရွက်ခဲ့ရပါတယ်"ဟု ပြောသည်။

အဆိုပါလှူဒါန်းမှုကို ဆရာတော်၏ တပည့်ရင်းများနှင့် သုံးရောင်ခြယ် ပြည်သူ့အကျိုးပြု လူမှုကွန်ရက်တို့က ဦးစီးဆောင်ရွက်ခြင်းဖြစ်ပြီး လှူဒါန်းမှု အနေဖြင့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ရှမ်းကျောင်းရပ်ကွက် [ဘုရင့်နောင်တံတား အမှတ်(၂) အောက်]တွင် နေထိုင်ကြသည့် အိမ်ထောင်စု ၂၀၀ နှင့် ဒိုင်စုရပ်ကွက်ရှိ အိမ်ထောင်စု ၂၅၀ တို့အား အိမ်ထောင်စုတစ်စုလျှင် ဆန်(၅)ပြည်နှင့် ဆီ၊ ကြက်ဥ၊ ငါးခြောက်၊ ငါးပိရည်နှင့် ငါးပိထောင်း စသည့်အခြေခံစားသောက်ကုန်များကို လှူဒါန်းကြသည့်အပြင် နှာခေါင်းစည်းများကိုလည်း ဝေမျှပေးခဲ့ကြသည်။

ရှမ်းကျောင်းရပ်ကွက် [ဘုရင့်နောင်တံတား အမှတ်(၂)အောက်]တွင် နေထိုင်သူ ဒေါ်ဝင်းဝင်းမော်က "လက်လုပ်လက်စား နေ့စားလုပ်သားတွေပါ။ အခုလိုကာလမှာ ဒီလိုလှူဒါန်းမှုဟာ ကျွန်မတို့အတွက်တော့ တန်ဖိုးဖြတ်လို့မရနိုင်ပါဘူး။ ကျွန်မတို့မိသားစုအတွက်တော့ သုံး၊ လေးရက်စာလောက် အစားအသောက်အတွက် ပူပင်စရာမလိုတော့ပါဘူး။ အခုလို လှူဒါန်းပေးတဲ့ ဆရာတော်ကြီးလည်း ကျန်းမာပြီး သက်တော်ရာကျော် ရှည်ပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ပြောသည်။

အလားတူ ယင်းကဲ့သို့လှူဒါန်းမှုအနေဖြင့် ယနေ့မွန်းလွဲပိုင်းတွင် လမ်းမတော်မြို့နယ် ၁၅ လမ်းရှိ မြို့နယ်စည်ပင်သာယာရုံး၌ စည်ပင်သာယာဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များအား လှူဒါန်းမှုများပြုလုပ်ခဲ့သည့်အပြင် မေ ၁၂ ရက်တွင် ဒလမြို့နယ် ကျုံစစ်သားရပ်ကွက်၌ အိမ်ထောင်စု ၁၈၀ တို့အား လှူဒါန်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အလှူ့ဒါယကာ ဦးထွန်းရင်ဦး(ခ) ဦးထွန်းထွန်းထံမှ သိရသည်။

သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၁-၅-၂၀၂၀)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၀,၀၀၀	၁၀,၅၀၀	၁၅၂	၁,၅၇၂,၅၀၀
MTSH	၃,၆၅၀	၃,၆၅၀	၁,၂၆၆	၄,၅၆၂,၉၀၀
MCB	၈,၅၀၀	၈,၃၀၀	၅၁	၄၂၈,၉၀၀
FPB	၂၃,၅၀၀	၂၃,၅၀၀	၁၂၈	၃,၀၀၈,၀၀၀
TMH	၂,၇၅၀	၂,၇၅၀	၁၂၁	၃၃၂,၇၅၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၁

ရန်ကုန်(ရွှေဈေး) ၁၁၈၅၀၀၀ မန္တလေး(ရွှေဈေး) ၁၁၈၄၀၀၀

စက်သုံးဆီအမျိုးအစား		ရန်ကုန်	မန္တလေး
(က) ဒီဇယ်	တစ်လီတာ	၄၂၀/၄၈၀ ကျပ်	၄၅၀/၄၇၅ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၄၅၀/၅၀၀ ကျပ်	၅၂၅/၅၄၀ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၃၁၀/၃၄၅ ကျပ်	၃၇၀/၃၉၅ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၄၃၀/၄၉၀ ကျပ်	၄၆၅/၄၈၅ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ်	တစ်လီတာ	၄၀၀/၄၁၀ ကျပ်
အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၄၁၀/၄၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၃၃၅/၃၄၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၃၉၇.၈
(ခ) ဥရောပ	တစ်ယူရို	=	၁၅၁၁.၉
(ဂ) တရုတ်	တစ်ယွမ်	=	၁၉၇.၂၅
(ဃ) ထိုင်း	တစ်ဘတ်	=	၄၃.၄၆၄
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၂၂.၅၂
(စ) အိန္ဒိယ	တစ်ရူပီး	=	၁၈.၄၇၀
(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၉၁၀.၂၀
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၉၈၇.၈၀
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၃၀၃.၇
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၁၄.၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်သူသာလျှင် အဓိက

❍ တပ်မတော်မှ

ထို့နောက် ကျိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမြင့်ကျော်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာလှဌေးမင်းတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးအတွက် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းအထောက်အကူပြုပစ္စည်းများဖြစ်သည့် PPE ဝတ်စုံ ၁၀၀၀၊ Surgical Masks ၁၀၀၀၀၊ Goggles အခု ၁၀၀၊ Surgical Gloves အခု ၃၀၀၀၊ Bleaching Powder သုံးပုံး ၊ Non-contact Thermometer အခု ၅၀၊ Hand Gel ဘူး ၂၅၀ နှင့် N 95 Mask အခု ၅၀၀နှင့် စားသောက်ဖွယ်ရာများအား ပေးအပ်လှူဒါန်းရာ ဒေါက်တာမြင့်ကျော်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မှ ရန်ကုန်မြို့ရှိ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနသို့ သံသယလူနာများ၏ တို့ဖတ်နမူနာများ ဓာတ်ခွဲစမ်းသပ်မှုပြုလုပ်ရန် ပေးပို့ရာတွင် လမ်းခရီးအလွန်ကွာဝေးခက်ခဲခြင်း၊ သွားလာမှုအချိန်၊ နေရာ၊ လူ ကန့်သတ်ချက်များဖြစ်ပေါ်နေသည့်အတွက် အဆိုပါ COVID-19 ရောဂါရှာဖွေရေး RT-PCR (Thermocycle ROTOR GENE-6000)စက်ကို ကျိုင်းတုံမြို့တွင် ထားရှိဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် အချိန် သုံးနာရီအတွင်း လူဦးရေ ၃၄ ဦးကို စစ်ဆေးပေးနိုင်ပြီး ၂၄ နာရီအတွင်း ပျမ်းမျှလူဦးရေ ၂၀၀ ဝန်းကျင်ခန့် စစ်ဆေး ပေးနိုင်ကြောင်း သိရသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သီလဓမ္မကုန်းသာတောရကျောင်းတိုက် ဦးစီးပဓာနနာယက(ဝစီပိတ်) ဆရာတော် ဘဒ္ဒန္တကောဝိဒ အမှူးပြု၍ ကျိုင်းတုံမြို့၏အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာ ပန်ကွဲကျေးရွာအနီးရှိ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်း တည်ထားကိုးကွယ်သည့် အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် NDAA(မိုင်းလား) အဖွဲ့နှင့် UWSA (ဝ) အဖွဲ့တို့မှ တာဝန်ရှိသူများအား တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံရိပ်သာဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်လှိုင်တို့ တက်ရောက်ကြပြီး NDAA (မိုင်းလား)အဖွဲ့မှ ဥက္ကဋ္ဌ ဦးစိုင်းလင်းနှင့်အဖွဲ့ဝင်များ၊ UWSA(ဝ) အဖွဲ့မှ ဦးညီကပ်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကမ္ဘာပေါ်တွင် COVID-19 ရောဂါဖြစ်ပွားသူပေါင်း လေးသန်းကျော်ရှိပြီဖြစ်ပြီး မိမိတို့နိုင်ငံတွင် ဖြစ်ပွားသူပေါင်း ၁၇၈ ဦးရှိပြီဖြစ်ကြောင်း၊ အဆိုပါ ရောဂါသည် မမြင်ရ၊ မကြားရ၊ အနံ့ခံ မရနိုင်သောကြောင့် လူတိုင်းကိုယ်စီ အသိစိတ်ဖြင့် သတိထားနေထိုင်ကြရမည်ဖြစ်ကြောင်း၊ မိုင်းလားဒေသတွင် ဆရာဝန်လိုအပ်ချက်ရှိသည်ဟု ကြားသိရကြောင်း၊ အရပ်ဘက်ဆရာဝန်များ လုံလောက်မှုမရှိပါက တပ်မတော်ဆေးအဖွဲ့များ စေလွှတ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း အထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။

ထို့နောက် NDAA(မိုင်းလား)အဖွဲ့နှင့် UWSA(ဝ)အဖွဲ့တို့က မိမိတို့ဒေသများ၌ COVID-19 ရောဂါဖြစ်ပွားသူမရှိသေးကြောင်းနှင့် ဖြစ်ပေါ်လာပါက အသုံးပြုနိုင်ရန် ဆေးရုံ၊ ဆေးခန်းများကို အသင့်ပြင်ဆင်ထားရှိပါကြောင်း၊ စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း၍လည်း စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဝင်ပေါက်များကို ဇန်နဝါရီလကတည်းကပိတ်၍ သွားရောက်ခြင်းများကို စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က NDAA(မိုင်းလား)အဖွဲ့နှင့် UWSA(ဝ)အဖွဲ့တို့အတွက် တစ်ဖွဲ့လျှင် PPE ဝတ်စုံ ၅၀၀၊ Surgical Masks အခု ၁၀၀၀၀၊ Goggles အခု ၁၀၀ ၊ Surgical Gloves အခု ၁၀၀၀၊ Bleaching Powder နှစ်ပုံး၊ Non-contact Thermometer အခု ၅၀၊ Hand Gel ဘူး ၂၅၀ နှင့် N 95 Mask အခု ၅၀၀နှင့် စားသောက်ဖွယ်ရာများအား အသီးသီး ထောက်ပံ့ပေးအပ်ရာ NDAA(မိုင်းလား)အဖွဲ့နှင့် UWSA(ဝ)အဖွဲ့တို့က လက်ခံရယူခဲ့ကြသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ကျိုင်းတုံမြို့ရှိ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား Amazing Keng Tong Hotel ၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများအား တင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းအထောက်အကူပြုပစ္စည်းများဖြစ်သည့် Surgical Masks ၁၀၀၀၀၊ Bleaching Powder သုံးပုံး ၊ Non-contact Thermometer အခု ၅၀၊ Hand Gel ဘူး ၂၅၀ နှင့် N 95 Mask အခု ၅၀၀နှင့် စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများအား ထောက်ပံ့ပေးအပ်ရာ မြို့မိမြို့ဖ များက လက်ခံရယူခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

❖ ရှေ့ဖုံးမှ

ဖြစ်ကြောင်း သက်သေခံလက်မှတ်(Certificate of Identity-C of I)ထုတ်ပေးခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့၊ မြန်မာနိုင်ငံရှိသက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ပူးပေါင်းညှိနှိုင်းလျက်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ကျန်းမာရေး စိစစ်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့က လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၎င်းတို့ နေရပ်ပြန်မည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ သတ်မှတ်မော်တော်ယာဉ်များဖြင့် ခေါ်ဆောင်ရေးနှင့် သက်ဆိုင်ရာဒေသများသို့ ရောက်ရှိချိန်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ Community Based Facility Quarnatine ၂၁ ရက် ထားရှိနိုင်ရေးကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့တို့ကလည်းကောင်း တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မွန်ပြည်နယ်ရှိ ပြည်သူများအတွက် ကမ္ဘောဇဘဏ်မှ ရေသယ်ယာဉ်နှစ်စီး လှူဒါန်း

မော်လမြိုင် မေ ၁၁

မွန်ပြည်နယ်ရှိ ပြည်သူများအတွက် ကမ္ဘောဇဘဏ်မှ ရေသယ်ယာဉ် နှစ်စီးကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဒေါ်တင်အိထံ မေ ၈ ရက်တွင် ပေးအပ်လှူဒါန်းခဲ့သည်။

မွန်ပြည်နယ်ရှိ ပြည်သူများအတွက် စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၉၀၀ ရှိသော ဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်သစ် နှစ်စီးကို ပေးအပ်လှူဒါန်းခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ ပြည်သူများအတွက် ၅၂ စီးမြောက် လှူဒါန်းခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ ပြည်သူများအတွက် ရေပြတ်လပ်မှု မရှိစေရေး We Love Yangon အဖွဲ့နှင့် ပူးပေါင်းကာ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းသွားမည်ဟု သိရသည်။

ထို့အတူ ကမ္ဘောဇဘဏ်သည် နိုင်ငံတစ်ဝန်းရှိ ပြည်သူများအတွက် အင်္ဂလန်နိုင်ငံထုတ် Dando Heavy-duty ရေတွင်းတူးစက်ကြီးနှစ်စီးဖြင့် စက်ရေတွင်းများ တူးဖော်လှူဒါန်းလျက်ရှိရာ မေ ၉ ရက်က ညောင်ဦးခရိုင် မန်ကျည်းစောက်ကျေးရွာတွင် တူးဖော်လှူဒါန်းခဲ့သည်။ ကမ္ဘောဇဘဏ်သည် Myanmar Airways International(MAI)၊ Air KBZ၊ KBZ MS General Insurance နှင့် KBZ Life တို့နှင့် လက်တွဲ၍ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ကုသရေးအတွက် ယနေ့အထိ ငွေကျပ်သိန်းပေါင်း ၃၃,၉၁၄ သိန်းကို လှူဒါန်းခဲ့ပြီးဖြစ်သည်။

ကိုကျော်

☆ ကျောဖုံးမှ

ရှင်းလင်းပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က ကျေးဇူးတင်စကားပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်ထံ အလှူရှင်များက အလှူငွေနှင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းကြပြီး ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ လှူဒါန်းပွဲ၌ အလှူရှင် ၁၂ ဦးတို့က ငွေကျပ်သိန်းပေါင်း ၂၅၉၃၀ နှင့် အမေရိကန်ဒေါ်လာ ၁၁၄၀၀ နှင့် ညီမျှသော COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းရာ နိုင်ငံတော်နှင့်အကျိုးတူ ကျောက်စိမ်းကျောက်မျက် တူးဖော်ရေးလုပ်ငန်းရှင်များအဖွဲ့က ငွေကျပ်သိန်း ၂၁၀၀၀ နှင့် ညီမျှသော PPE ဝတ်စုံ ၅၀၀၀၀ နှင့် ဆက်စပ်ပစ္စည်း ရှစ်မျိုး၊ Myanmar Shwe Nagar Agricultural Group Co.,Ltd. နှင့် China Merchants Group က PPE ဝတ်စုံ ၄၀၀၀၊ မျက်မှန် ၄၀၀၀ နှင့် Mask ၄၅၀၀၊ UPG Paint & Coating Co.,Ltd. က အသက်ရှူစက် ခြောက်လုံး၊ ကျောက်စိမ်းတောင် ကျောက်မျက်ကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၀၊ Lighthouse Enterprise Limited က ငွေကျပ်သိန်း ၅၀၀၊ ဒေါ်ခင်ယုံနှင့်သားသမီးမြေးတစ်စုက အသက်ရှူအထောက်အကူပြုစက် နှစ်လုံး၊ မြန်မာကလပ်(စင်ကာပူ)မှ ငွေကျပ် ၁၃၂ သိန်း၊ Telecom International Company Limited က ငွေကျပ် ၂၂၄ သိန်း၊ Geology 1979 Batch RASU ကျောင်းသားဟောင်းများက ငွေကျပ် ၂၆ သိန်း၊ Advanced Synergy Co.,Ltdမှ PPE ဝတ်စုံ ၆၀၊ လက်အိတ်ရှည် ၆၀၊ မျက်မှန် ၆၀၊ ဖိနပ် ၆၀ နှင့် N95Mask ၆၀၊ Pure White Group က ငွေကျပ် ၂၇ ဒသမ ၇၈ သိန်းနှင့် မြန်မာအလုပ်သမား လူမှုဖူလုံရေးစင်တာ(ကိုရီးယား)မှ အမေရိကန်ဒေါ်လာ ၁၁၄၀၀ တန်ဖိုးရှိ COVID-19 RT-PCR Test Kits ၁၁၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

သတင်းနှင့် ဓာတ်ပုံ-မင်းသစ်(MNA)

သစ်တောသစ်ပင် ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး အလှတိုး

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၁

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဥပဒေကြမ်းပူးပေါင်း ကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရေးအတွက် Quarantine ထားရှိရန် လျာထားသော ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဌာနပိုင်အဆောက်အအုံများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၁၁

Coronavirus Disease 2019(COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရေး အတွက် Quarantine ထားရှိရန် လျာထားသော ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဌာနပိုင်အဆောက်အအုံများနှင့် စပ်လျဉ်း၍ Video Conferencing စနစ်ဖြင့် ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၈ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု) လောကနတ်ခန်းမ၌ ကျင်းပသည်။

ရပ်ဆိုင်းသွားခဲ့

အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကိုရိုနာဗိုင်းရပ်စ်ရောဂါသည် ကမ္ဘာလုံးဆိုင်ရာ ကူးစက်ပြန့်ပွားလျက်ရှိသောကြောင့် နိုင်ငံအားလုံးတွင် ရောဂါအန္တရာယ်ကြီးမားစွာ ခံစားနေရပြီး ကမ္ဘာ့နိုင်ငံအများစုတွင် Lockdown အစီအစဉ်ကို ချမှတ်တင်းကျပ်ထားသောကြောင့် လုပ်ငန်းအသီးသီး၏ ယန္တရားများ အတိုင်းအတာ ကြီးမားစွာ ရပ်ဆိုင်းသွားခဲ့ပါကြောင်း။

ပြည်ပနိုင်ငံများသို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အလုပ်အကိုင်များဖြင့် ရောက်ရှိနေကြသော မြန်မာနိုင်ငံသား အချို့မှာ ဆက်လက်ရပ်တည်ရန် ခက်ခဲလာသောကြောင့် ၎င်းတို့၏ ဆန္ဒအရ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူပေးလျက်ရှိရာ အိန္ဒိယနိုင်ငံတွင် ပုဂ္ဂလိကအစီအစဉ်ဖြင့် ပညာသင်ကြားနေကြသော ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ် ၂၅၈ ပါး/ဦးတို့ကို ဧပြီ ၂၂ ရက်တွင်လည်းကောင်း၊ ကိုရီးယားနိုင်ငံရောက် ရဟန်း/ လူပုဂ္ဂိုလ် ၉၆ ပါး/ဦး(ရဟန်းတစ်ပါးအပါ)ကို ဧပြီ ၃၀ ရက်တွင်လည်းကောင်း လေကြောင်းခရီးဖြင့် ပြန်လည်ပင့်ဆောင်ခေါ်ယူနိုင်ခဲ့ပါကြောင်း။

အလားတူ သီရိလင်္ကာနိုင်ငံတို့မှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ် ၁၇၅ ပါး/ ဦး(မော်လ်ဒိုက်မှ လူပုဂ္ဂိုလ် ၁၄ ဦး အပါအဝင်)တို့ကို မေ ၁၆ ရက်တွင် ပြန်လည်ပင့်ဆောင်ခေါ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆောင်ရွက်ခဲ့ပြီးဖြစ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်များကလည်းကောင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်/မန္တလေး)မှ သင်ကြားစီမံ ဆရာတော်များကလည်းကောင်း၊ စာသင်တိုက်များရှိ နာယကဆရာတော်များကလည်းကောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကင်းဝေးစေရန် ရတနသုတ်၊ မေတ္တသုတ်၊ ပဋ္ဌာန်းဒေသနာတော်များကို သတ်မှတ်အချိန်များတွင် ရွတ်ဖတ်သရဇ္ဈာယ်ပူဇော်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ဧပြီ ၁ ရက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး ၁၀ ပါးတို့က ဝေဟင်မှ လေယာဉ်ဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံအောင် ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ မေတ္တာပို့သခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

ဤဝန်ကြီးဌာနအနေဖြင့်လည်း ပြည်ပမှ ပြန်လည် ဝင်ရောက်လာကြသူများအတွက် Community Based Facility Quarantine စခန်းအဖြစ် အသုံးပြုနိုင်သော ဘာသာရေးအဆောက်အအုံများ၊ ရုံးဌာန အဆောက်အအုံများ၊ တက္ကသိုလ်ကျောင်းဆောင်များကို ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆောင်ရွက်သွားမည်

တိုင်းဒေသကြီး/ ပြည်နယ်များတွင် Community Based Facility Quarantine ထားရှိနိုင်မည့် ဘာသာရေးအဆောက်အအုံ အရေအတွက်မှာ စုစုပေါင်း ၁၉၁ နေရာဖြစ်ပါကြောင်း၊ အဆိုပါနေရာများတွင် Quarantine ထားရှိနိုင်သော လျာထားဦးရေမှာ ၉၁၇၈ ဦးခန့်ဖြစ်ပြီး လက်ရှိစခန်းဝင်ရောက်နေသည့် အရေအတွက်မှာ ၁၄၀၄ ပါး/ဦး ဖြစ်ပါကြောင်း၊ အဆိုပါစခန်းများတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် အိပ်ရာ၊ နေရာ၊ ရေ၊ မီး၊ မိလ္လာတို့ကို စီစဉ်ပေးလျက်ရှိပြီး စားသောက်ရေးလိုအပ်ချက်ကို ဘာသာရေး/လူမှုရေးအဖွဲ့အစည်းများမှတစ်ဆင့် အလှူရှင်မေတ္တာရပ်ခံ၍ အဆင်ပြေအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့အပြင် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)ကလည်း တိုင်းဒေသကြီး/ပြည်နယ်များရှိ ရဟန်း၊ သာမဏေ၊ သီလရှင်များ ဆွမ်းကွမ်းကိစ္စအဆင်ပြေစေရန်အတွက် ကျောင်းပေါင်း ၆၀၂၄ ကျောင်းနှင့် သံဃာ ၃၄၉၄၄ ပါးတို့အတွက် ဆွမ်းစရိတ်ငွေကျပ် ၃၅၅၄၅၀၀၀၀ ကို တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးများက သက်ဆိုင်ရာ ဆရာတော်များထံ ဆက်ကပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Coronavirus Disease 2019(COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရေးအတွက် Community Based Facility Quarantine သတ်မှတ်ထားသော ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် စပ်လျဉ်း၍ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ နုဂ္ဂဟအသင်း(ဗဟို)၏ အစီအစဉ်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ရဟန်း၊ သာမဏေ၊ သီလရှင်ကျောင်းများအတွက် ဆွမ်းစရိတ် ဆက်ကပ်လှူဒါန်းမှုအခြေအနေကို Video Conferencing စနစ်ဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အနုပညာတက္ကသိုလ်(ရန်ကုန်/မန္တလေး)မှ ပါမောက္ခချုပ်များ၊ ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် (စီမံ)၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ သာသနာရေးမှူးများနှင့် အနုပညာ အထက်တန်းကျောင်း (ရန်ကုန်/မန္တလေး/ပြည်)မှ ကျောင်းအုပ်ကြီးများက Video Conferencing ဖြင့် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ကိုဗစ်-၁၉ လူနာများအား ဘာသာရေး အဆောက်အအုံများနှင့် ဝန်ကြီးဌာနပိုင် အဆောက်အအုံများတွင် Community Based Facility Quarantine ထားရှိစဉ် အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံ၏ အမျိုးသားရေးအကျိုးစီးပွား ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင်ဆောင်ရွက်ရန်မှာ နိုင်ငံ့ဝန်ထမ်းအားလုံးတွင် တာဝန်ရှိပါကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါပြန့်ပွားမှု တားဆီးထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ခံယူကာ အလေးထား ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လယ်ယာလုပ်ငန်းများတွင် တောင်သူလယ်သမားများ ဘေးကင်းလုံခြုံစွာ ဆောင်ရွက်နိုင်ရေး နှိုးဆော်ချက်

၁။ မကြာမီ မုတ်သုံကာလသို့ ကျရောက်တော့မည်ဖြစ်ပါသည်။ တောင်သူဦးကြီးများအနေဖြင့် မိုးသီးနှံများစိုက်ပျိုးရန် လယ်ယာလုပ်ငန်းခွင်သို့ စတင်ဝင်ရောက်သည့်နည်းတူ နွေသီးနှံများ ရိတ်သိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြပါသည်။ ယခုကဲ့သို့ ကမ္ဘာ့ကပ်ရောဂါကိုဗစ်-၁၉ ဖြစ်ပွားနေချိန်ကာလအတွင်း တောင်သူလယ်သမားများနှင့် မိသားစုဝင်များအားလုံး ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေး နေထိုင်ဆောင်ရွက်ကြရန် အလွန်အရေးကြီးပါသည်။

၂။ သို့ဖြစ်ပါ၍ တောင်သူဦးကြီးများအနေဖြင့် လယ်ယာလုပ်ငန်းခွင်သို့ ဝင်ရောက်ချိန်တွင် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(က) လယ်ယာလုပ်ငန်းခွင်သို့ သွားရောက်ရာတွင်လည်းကောင်း၊ လယ်ယာလုပ်ငန်းဆောင်ရွက်ရာတွင်လည်းကောင်း၊ အစားအစာစားသောက်ရာတွင်လည်းကောင်း တစ်ဦးနှင့်တစ်ဦး လုံလောက်သောအကွာအဝေးဖြင့် နေထိုင်၊ လုပ်ကိုင်၊ စားသောက်ကြရန်၊

(ခ) လက်ဆေးနိုင်ရန် ဆပ်ပြာကို ဆောင်သွားရန်၊

(ဂ) လယ်ယာသုံးကိရိယာများကို မသုံးစွဲမီ သန့်ရှင်းရေးပြုလုပ်ရန်၊

(ဃ) လယ်ယာသုံးစက်ကိရိယာများကို ကိုင်တွယ်မသုံးစွဲမီနှင့် သုံးစွဲပြီးတိုင်း၊ အစာမစားမီနှင့် အစာစားပြီးတိုင်း လက်ကို ဆပ်ပြာနှင့် စင်ကြယ်စွာဆေးကြောရန်၊

(င) မိုးရေစို၍ ဖျားနာခြင်းမဖြစ်စေရန် ခမောက်၊ မိုးကာ၊ ပက္ကလာ၊ လည်ရှည်ဖိနပ်များကို အသုံးပြု ဝတ်ဆင်ရန်၊

(စ) ချောင်းဆိုး၊ နှာချေသည့်အခါတိုင်း တံတောင်ကွေးဖြင့် လုံခြုံစွာ အုပ်၍ ပြုလုပ်ရန်၊ (သို့မဟုတ်) နှာခေါင်းစည်း တပ်ဆင်ထားရန်၊

၃။ တောင်သူဦးကြီးများအနေဖြင့် အထက်ပါလုပ်ငန်းစဉ်များအပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သော ကျန်းမာရေးဆိုင်ရာ ကျင့်သုံးရမည့် အချက်များအား လိုက်နာကြခြင်းဖြင့် မိမိတို့၏ လယ်ယာလုပ်ငန်းများတွင် ကျန်းမာပျော်ရွှင်စွာ စိုက်ပျိုးထုတ်လုပ်ကြရန် နှိုးဆော်အပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်

ယနေ့ကာလသည် အတိတ်သမိုင်းကို သင်ခန်းစာယူကာ သံသယနှင့် ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုရရှိရေးအတွက် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံအစည်းအဝေးများကို သုံးကြိမ်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သဘောတူညီချက်အချို့ကိုလည်း ရရှိထားပါသည်။ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

[နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်]

အပစ်အခတ်ရပ်စဲကြောင်း ကြေညာချက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

အပစ်အခတ်ရပ်စဲကြောင်း ကြေညာချက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

ထုတ်ပြန်ချက်အမှတ် (၄/၂၀၂၀)

၁။ မြန်မာ့တပ်မတော်က ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ချက်တွင် နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုများ အခြေပြုလှုပ်ရှားသော နေရာဒေသများအဖြစ် သတ်မှတ်ထားသည့် နယ်မြေများမှအပ အခြားနယ်မြေများတွင် ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၀ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ အပစ်အခတ်ရပ်စဲသွားမည်ဖြစ်ကြောင်း ဖော်ပြကြေညာခဲ့သည်။ အဆိုပါ ထုတ်ပြန်ချက်အရ အကြောင်းနှစ်ရပ်ရှိပြီး ပထမအချက်မှာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်တားဆီးကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်နှင့် ဒုတိယအချက်မှာ ထာဝရငြိမ်းချမ်းရေးကို ပြန်လည်ဖော်ဆောင်ရန်ဖြစ်သည်။

၂။ မြန်မာနိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုနှင့် ယင်းအခက်အခဲကြောင့် တစ်နိုင်ငံလုံး၏ လူမှုစီးပွားဘဝကို ဆိုးကျိုးသက်ရောက်မှုများအပေါ် နိုင်ငံတစ်ဝန်းလုံးက တက်တက်ကြွကြွ ဖြေရှင်းဆောင်ရွက်လျက်ရှိသည့် အခါသမယတွင် တပ်မတော်၏ ယခုကဲ့သို့ အခါသင့်စွာဆောင်ရွက်မှုသည် အမျိုးသားငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော ကိုဗစ်-၁၉ အခက်အခဲအပေါ် အပြီးသတ်အောင်မြင်မှုရရှိရန်အတွက် အကျိုးပြုနိုင်မည်ဖြစ်သဖြင့် ကြိုဆိုပါသည်။

၃။ လက်ငင်းအကျိုးဖြစ်ထွန်းမှုများအနေဖြင့် အပစ်အခတ်ရပ်စဲမှုသည် ယာယီအားဖြင့်ဖြစ်သော်လည်း ပဋိပက္ခဖြစ်ပွားရာဒေသများသည် ငြိမ်းချမ်းမှုကို မျက်မြင်ကိုယ်တွေ့ ရရှိခံစားနိုင်မည်ဖြစ်ပြီး တစ်ဆက်တည်းမှာပင် အဆိုပါဒေသများရှိ လူမှုအသိုင်းအဝိုင်းများသည်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းရပ်များကို ပိုမိုအာရုံစိုက်လုပ်ဆောင်လာနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် လတ်တလောတွင် ပဋိပက္ခဒဏ်ခံစားရသည့်ဒေသများ၌ အခြေအနေများ တည်ငြိမ်အေးချမ်းသွားသဖြင့် အဆိုပါဒေသများ၌ နေထိုင်သော လူမှုအသိုင်းအဝိုင်းများအတွက် အရေးပေါ် လိုအပ်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပံ့ပိုးကူညီရန် ပိုမိုလွယ်ကူလာစေနိုင်မည်ဟု ကော်မရှင်က ရှုမြင်ပါသည်။

၄။ ကော်မရှင်အနေဖြင့် အပစ်အခတ်ရပ်စဲထားသည့် ကာလအတွင်း အပြုသဘောဆောင်သော သက်ရောက်မှုများရရှိမည်ဟု မျှော်မှန်းထားသည်။ ယင်းကဲ့သို့ အပြုသဘောသက်ရောက်မှုများရရှိပြီး သက်ဆိုင်သည့် အစုအဖွဲ့များအားလုံးက ကျေနပ်လက်ခံကြသည့်အခါ မိမိတို့အနေဖြင့် မဝေးတော့သည့် အနာဂတ်တွင် အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ချက်များ ထပ်မံဖြစ်ပေါ်စေရန် မျှော်လင့်နိုင်မည်ဖြစ်ကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်နိုင်ရေးအတွက် လမ်းစဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၁ ရက်

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်ရေးအတွက် Exchange of Letters လက်မှတ်ရေးထိုးပွဲ တက်ရောက်

နေပြည်တော် မေ ၁၁

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)တို့အကြား Exchange of Letters လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအေးလွင်နှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) ခေတ္တဌာနေကိုယ်စားလှယ် Ms. Dawn Del Rio၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ခေတ္တဌာနေကိုယ်စားလှယ် Ms. Cecile Fradot နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)တို့အကြား နားလည်မှုစာချွန်လွှာ (MoU)ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်က သုံးပွင့်ဆိုင်လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ယင်းနားလည်မှုစာချွန်လွှာအား ပထမအကြိမ်အဖြစ် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်မှ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်အထိ (၁)နှစ်သက်တမ်းရှိ

Exchange of Letters ကို ၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်တွင် သုံးပွင့်ဆိုင်လက်မှတ်ရေးထိုး၍ လုပ်ငန်းများဆက်လက်ဆောင်ရွက်ခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ရခိုင်ပြည်နယ်တွင် နေထိုင်ခဲ့ဖူးသူများ ပြန်လည်လက်ခံခြင်းဆိုင်ရာ လုပ်ငန်းအားလုံးကို စိစစ်ရန်နှင့် ကြီးကြပ်ရန် နှစ်နိုင်ငံမှရွေးချယ်ထားသည့် ကိုယ်စားလှယ်များနှင့် ပူးတွဲလုပ်ငန်းအဖွဲ့ (Joint Working Group–JWG) ကို မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ခေါင်းဆောင်သည့် ကိုယ်စားလှယ် ၁၃ ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းရေးမှူးချုပ်ခေါင်းဆောင်သည့် ကိုယ်စားလှယ် ၁၃ ဦးတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေး လေးကြိမ်ကို အောင်မြင်စွာကျင်းပပြီး ဖြစ်ပါကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပေးပို့လာသည့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ၏ အိမ်ထောင်စုစာရင်းနှင့် လူဦးရေစာရင်းများကို အသုတ်လိုက်ခွဲ၍ မိမိတို့တွင်ရှိပြီးဖြစ်သော စာရင်း၊ ဇယား၊ မှတ်တမ်းများအား နည်းပညာများအသုံးပြုကာ တိုက်ဆိုင်စိစစ်၊ စစ်ဆေးဆောင်ရွက်ကာ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် စာရင်းဇယားများ ပြန်လည်ပေးပို့လျက်ရှိပါကြောင်း၊ ထို့ပြင် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ (Technical Working Group– TWG) အစည်းအဝေးကို (၁၂) ကြိမ် ကျင်းပနိုင်ခဲ့ပြီး UNDP၊ UNHCR တို့မှ ဝန်ထမ်းများသည် ရခိုင်ပြည်နယ်အတွင်း ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များသို့ နယ်မြေကွင်းဆင်းဆောင်ရွက်မှု ခုနစ်ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ကွင်းဆင်းလေ့လာမှုများမှရရှိသည့် အချက်အလက်များကို အခြေခံ၍ လက်ငင်းအကျိုးသက်ရောက်စေမည့် စုစုပေါင်းစီမံကိန်းလုပ်ငန်း ၄၅ ခုအား ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါကြောင်း။

ထို့ပြင် ညောင်ချောင်းနှင့် ပဒင်းကျေးရွာတို့၌ ဆောင်ရွက်မည့် စီမံကိန်းအသစ်များ လုပ်ငန်းဆောင်ရွက်ခွင့်ကိုလည်း ဧပြီလအတွင်းက ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များသည် သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုများပင်ဖြစ်ပါကြောင်း၊ UNDP၊ UNHCR နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ နိုင်ငံခြားသားဝန်ထမ်းများကိုလည်း တာဝန်ကျရာနေရာဖြစ်သည့် မောင်တောအပါအဝင် ရခိုင်ပြည်နယ်အတွင်း ခွင့်ပြုထားသည့်နေရာများသို့ အသွား၊ အပြန်ခရီးသွားလာခွင့်ကိုလည်းကောင်း၊ ပြည်ဝင်ဗီဇာ သက်တမ်းတိုးမြှင့်ခြင်းကိစ္စရပ်များကို လည်းကောင်း အဆင်ပြေစွာစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် ထိထိရောက်ရောက် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ယခင် MoU ပါ သုံးပွင့်ဆိုင်ဆောင်ရွက်ရမည့် အချက်အလက်များအပေါ် ပြန်လည်သုံးသပ်ပြီး လာမည့်ကာလအတွင်း ပြောင်းလဲလာသည့် အခြေအနေပေါ်မူတည်၍ ပိုမိုထိရောက် အကျိုးရှိမည့် လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် MoU ကို ယခုဒုတိယအကြိမ်အဖြစ် တစ်နှစ်သက်တမ်းတိုးဆောင်ရွက်မည့် Exchange of Letters လက်မှတ်ရေးထိုး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များတွင် အထောက်အကူပြု ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည့် UNDP နှင့် UNHCR တို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်းနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ လက်ငင်းအကျိုးရှိသည့် စီမံကိန်းများဖန်တီးပေးနိုင်ရေးတို့အတွက် နီးကပ်စွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအေးလွင်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) ခေတ္တဌာနေကိုယ်စားလှယ် Ms. Dawn Del Rio နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) ခေတ္တဌာနေကိုယ်စားလှယ် Ms. Cecile Fradot တို့က ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်တင်၊ ဦးမြင့်ကြိုင်နှင့် ဦးစိုးအောင်တို့ ရှေ့မှောက်တွင် Exchange of Letters ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် UNDP ၊ UNHCR တို့အကြား နားလည်မှုစာချွန်လွှာကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်တွင် လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ရာ MoU တစ်နှစ် သက်တမ်းတိုးသည့် ပထမအကြိမ် Exchange of Letters ကို ၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ယခုဒုတိယအကြိမ်အဖြစ် ပြန်လည်လက်ခံရေးအထောက်အကူပြုလုပ်ငန်းစဉ်များကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၆ ရက်မှ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၅ ရက်အထိ တစ်နှစ်သက်တမ်းတိုးဆောင်ရွက်နိုင်ရန် Exchange of Letters လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တစ်ခါသုံးပစ္စည်းများအန္တရာယ် ကာကွယ်ဖို့ ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းကာကွယ်စို့

နိုင်ဦး(DOCA)

မကြာသေးမီက နေပြည်တော်ဟိုတယ်တစ်ခုတွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးတစ်ခုတက်ဖြစ်သည်။ နာမည်ကြီး ဟိုတယ်တစ်ခုပီပီ ဧည့်ဝတ်ကျေပွန်မှု၊ ဖော်ရွေမှု၊ စားသုံးသူများကို ဂရုစိုက်မှုများသည် အပြစ်ဆိုဖွယ်မရှိပေ။ သံပရာရည်ဖြင့် ဧည့်ခံသောအခါ ကျွန်တော် အမြဲတမ်း ကြုံတွေ့နေကျ၊ သုံးစွဲနေကျ အလေးချိန်ပေါ့ပါးသည့် တစ်ခါသုံးပလတ်စတစ်ပိုက်မဟုတ်ဘဲ အလေးချိန်စီးသည့် ပိုက်တစ်ခုဖြစ်နေသည်ကို ထူးခြားစွာခံစားမိ၍ ဧည့်ခံနေသည့် ဝန်ထမ်းလေးကို မေးကြည့်ရာ ဝါးပိုက်လေးများဖြစ်ကြောင်း သိရသည်။ ဟိုတယ်မှ တာဝန်ရှိသူ၊ စီမံကွပ်ကဲသည့်သူများကို မလေးစားဘဲ မနေနိုင်ပေ။ သာမန် ပိုက်သုံးစွဲမှုလေးများကိုပင် အသေးအဖွဲ့ဟူ၍ သဘောမထားဘဲ အလေးအနက် စေတနာထားကာ ဆောင်ရွက်ပေးမှုကို မချီးကျူးဘဲမနေနိုင်ခဲ့ပေ။ သာမန်အရည်များကို စုပ်ယူရန် ဈေးပေါပြီး အလွယ်တကူ ဝယ်ယူရရှိနိုင်သည့် တစ်ခါသုံးပလတ်စတစ်ပိုက်လေးနေရာတွင် ဈေးကြီးမည်၊ လုပ်ရမည်မှာ လက်ဝင်မည်၊ ဟိုတယ်၏ အမြတ်ငွေဆုံးရှုံးမည်ကို သိလျက်နှင့် စားသုံးသူများကို စေတနာထား ဆောင်ရွက်ပေးသည့် အဆိုပါ လုပ်ငန်းရှင်ကို ကျေးဇူးတင်မိသည်။ သာမန် တစ်ခါသုံး ပလတ်စတစ်ပိုက်လေးသည် သဘာဝမြေကြီးထဲတွင် ပျော်ဝင်ပျက်စီးရန် နှစ်ပေါင်းထောင်ချီကြာမြင့်နိုင်သည်။ ဝါးပိုက်လေးသည် သုံးလေးနှစ်အတွင်း သဘာဝမိခင်မြေကြီးကို အာဟာရပေးနိုင်သည်။ မစွန့်ပစ်ခင် ခွဲစိတ်၍ အသားကင်တံလေးအဖြစ် အသုံးပြုမလား၊ အလှဆင်ပစ္စည်းလေးအဖြစ်သုံးမလား၊ သန့်စင်၍ ခွဲစိတ်ကာ သွားကြားထိုးတံလေးအဖြစ် အသုံးတော်ခံမလား၊ ယုတ်စွအဆုံးမီးမွေးသည့်ပစ္စည်းလေးအဖြစ်၊ ထင်းအဖြစ်သုံးမလား ရပေသည်။

ကမ္ဘာကြီးတွင် နေ့တစ်နေ့ကုန်ဆုံးတိုင်း တစ်ခါသုံးစွန့်ပစ်ပစ္စည်းတန်ချိန် ခြောက်သန်းကျော် စွန့်ပစ်လျက်ရှိကြောင်း၊ ထိုအထဲမှ ၄၂ ရာခိုင်နှုန်းကျော်ကိုသာပြန်လည်သုံးစွဲကြပြီး ကျန်ရှိသည့် ၅၈ ရာခိုင်နှုန်းကျော်သည် မြေကြီးထဲသို့လည်းကောင်း၊ ပင်လယ်သမုဒ္ဒရာ၊ မြစ်၊ ချောင်း၊ အင်းအိုင်များထဲသို့လည်းကောင်း၊ မီးရှို့ဖျက်ဆီးသဖြင့် သဘာဝလေထုထဲသို့ အဆိပ်မီးခိုးများအဖြစ်လည်းကောင်း နေ့စဉ် ပျောက်ကွယ်သွားမည်မှာ သေချာလှပေသည်။ တစ်လ၊ တစ်နှစ်ဆိုပါက မည်မျှအထိဖြစ်မည်ကို တွေးမကြည့်ရဲပေ။

ကြိုးစားဆောင်ရွက်

ယနေ့ခေတ်မှာ အချိန်သည် ငွေဖြစ်နေသည်။ အချိန်ကိုလု၍ ကြိုးစားဆောင်ရွက်နေကြသည်။ ထို့ကြောင့် စားရေး၊ ဝတ်ရေး၊ နေရေးကိစ္စများအတွက် အချိန်မပေးနိုင်ပေ။ ထိုအခါ ငွေနှင့်အချိန်ကို လဲလှယ်ကြရပြန်သည်။ ဤသို့ ခေတ်ကာလပြောင်းလဲလာမှု၊ စားဝတ်နေရေးကိစ္စများ ပြောင်းလဲလာမှုကို တွေ့မြင်နေသော စီးပွားရေးသမားများသည် တစ်ခါသုံးပစ္စည်းများကို လှိုင်လှိုင်ထုတ်လုပ်ရောင်းချလာကြသည်။ မျှော်လင့်သည့်အတိုင်း တွင်တွင်ကျယ်ကျယ် ရောင်းချလာကြသည်။ အမြတ်အစွန်း ကြီးမားစွာရရှိလာကြသည်။ တစ်ခါသုံးပလတ်စတစ်ပိုက်များ၊ ဖော့ဘူးများ၊ ပလတ်စတစ်အိတ်များ၊ အချိုရည်၊ ဘီယာ၊ ကော်ဖီဘူးခွံများ၊ အိတ်ခွံများ အိမ်တိုင်းမှာ၊ အမှိုက်ပုံတိုင်းမှာ၊ တောရောမြို့ပါ တောင်ပေါ်၊ မြေပြန့် ခရီးသွားလမ်းများဘေးမှာ ပြန့်ကျဲလျက်ရှိနေသည်က သက်သေပင်ဖြစ်သည်။

သဘာဝဂေဟစနစ်ကို ဖျက်ဆီး

ထိုတစ်ခါသုံးပစ္စည်းများကြောင့် လမ်းဘေးဝဲယာ အလှအပများ ပျက်စီးရသည်။ အမြင်မတင့်တယ် ဖြစ်ရသည်။ တစ်ခါသုံးစွန့်ပစ်ပစ္စည်းများကတော့ ပို၍ပို၍ တိုးလာနေဆဲ ဖြစ်သည်။ သက်မဲ့ရုပ်ဝတ္ထုများဖြစ်သည့် တစ်ခါသုံးစွန့်ပစ်ပစ္စည်းများကြောင့် သက်ရှိသတ္တဝါများ၊ အပင်မျိုးစုံတို့၏ သဟဇာတဖြစ်တည်မှုများကို အန္တရာယ်ပေးလျက်ရှိသည်။ သဘာဝဂေဟစနစ်ကို ဖျက်ဆီးနေသကဲ့သို့ ဖြစ်နေသည်။

ဝန်နှင့်အားမမျှ

နိုင်ငံတော်အကြီးအကဲများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ဦးဆောင်၍ အမှိုက်ပြဿနာများကို နိုင်ငံသူနိုင်ငံသားများ အလေးဂရုထား လိုက်ပါဆောင်ရွက်ကြရန် အချိန်မအားလပ်သည့်ကြားမှ စံပြအဖြစ်ဆောင်ရွက်နေသည်။ လိုက်ပါဆောင်ရွက်ကြသဖြင့် အမှိုက်ကင်းစင်သော ကျေးရွာအချို့ပေါ်လာသည်။ သို့သော် နည်းပါးနေသေးသည်။ မြန်မာတစ်နိုင်ငံလုံးကို တစ်ခါသုံးအမှိုက်များက လွှမ်းခြုံနေဆဲပင် ရှိသေးသည်။ ပရဟိတစိတ်ရှိသူ၊ မြေကမ္ဘာကို မြတ်နိုးသူများကမူ စိတ်ဓာတ်မကျ၊ ကိုယ်တိုင်လည်းဖွဲ့မလျှော့ အားတင်း၍ တစ်ခါသုံးစွန့်ပစ်ပစ္စည်းများကို မြေကမ္ဘာပေါ်မှဖယ်ရှားနေဆဲ၊ ကောက်ယူနေဆဲ၊ အခြားသူများကို ပညာပေးဆွေးနွေး၍ ကိုယ်တိုင်လည်းစံပြအဖြစ် လုပ်ကိုင်နေဆဲပင် ဖြစ်သည်။ တာဝန်ရှိသည့် ဌာနများကလည်း စွန့်ပစ်သည့်တစ်ခါသုံးပစ္စည်းများကို ဝန်နှင့်အားမမျှသော်လည်း ရှင်းလင်းနေဆဲ၊ ဖျက်ဆီးနေဆဲပင် ဖြစ်သည်။

ဂုဏ်ပြုပွဲလုပ်ကာ ပြသ

ရန်ကုန်တိုင်းဒေသကြီးတွင်ရှိသော မြောင်းကြီးများကို ရှင်းလင်းသည့်အဖွဲ့သည် မှောင်မှောင်မည်းမည်း မြောင်းကြီးထဲတွင် အောက်ဆီဂျင်ပြတ်ပါက အသက်သေဆုံးရမည်၊ ကင်းမလက်မည်းများနှင့် ကြွက်များ၊ မြွေများကြောင့် ထိခိုက်ဒဏ်ရာရ၊ ဘဝသစ်သို့ကူးပြောင်းရမည်မှန်း သိသော်လည်း ပြည်သူများမိုးတွင်းကာလ ရေကြီး၊ ရေလျှံကာ အတိဒုက္ခမရောက်စေရေးအတွက် မြောင်းအတွင်းပိတ်ဆို့လျက်ရှိသော တစ်ခါသုံးစွန့်ပစ်ပစ္စည်းများဖြစ်သည့် ပလတ်စတစ်ပစ္စည်းများ၊ ဖော့ဘူးများ၊ ဘီယာ၊ အချိုရည်ဘူးခွံများ၊ ပလတ်စတစ်အိတ်များကို အသက်စွန့်ကာ ရှင်းလင်းပေးသည့် စေတနာကို လေးစားသောအားဖြင့် ဂုဏ်ပြုပွဲပြုလုပ်ပေးခဲ့သည်ကို မီဒီယာတွင် ဖော်ပြထား၍ သိရှိရသည်။ တာဝန်ကိုကျော်လွန်ကာ စေတနာလေးဖြည့်စွက်၍ ပြည်သူများအကျိုးအတွက် ဆောင်ရွက်ပေးခဲ့သောအဖွဲ့ကို ကျေးဇူးတင်မိသလို စေတနာထားသည်ကို လက်တွေ့ကျကျ ကျေးဇူးတင်သဖြင့် ဂုဏ်ပြုပွဲလုပ်ကာ ပြသခဲ့သည့်သူများကိုလည်း လေးစားမိသည်။

လက်ရှိတွင် မြန်မာနိုင်ငံတွင် ပလတ်စတစ်အရည်စုပ်ပိုက်လေးများနေရာတွင် ဝါးငယ်လေးများဖြင့် အစားထိုးအသုံးပြုနေသလို အုန်းပင်ထွက်ပစ္စည်းလေးများဖြင့် ပန်းကန်မျိုးစုံကို အစားထိုးထုတ်လုပ်၍ ပလတ်စတစ်ဖော့ဘူးများ၊ ပလတ်စတစ်ပန်းကန်ပြားများ၊ ပလတ်စတစ်ထမင်းစားဘူးများနေရာတွင် အစားထိုးဝင်ရောက်ရန် ကြိုးစားနေသလို တစ်ခါသုံးစွန့်ပစ်ပစ္စည်းများဖြစ်သည့် ကော်ဖီထုပ်ခွံများကို အသုံးပြု၍ လှပသည့် ဒီဇိုင်းများဖြင့် လက်ဆွဲအိတ်၊ လက်ဆွဲခြင်း၊ စားပွဲခင်း၊ ကုလားထိုင်ခင်း၊ ဖျာများပြုလုပ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချနေသည်ကို ဟိုမှာဒီမှာ တွေ့နေရသည်။ ပို၍ထူးခြားသည်မှာ မည်သည့်အပိုပစ္စည်းမျှမပါဘဲ ရောင်စုံကော်ဖီထုပ်မျိုးစုံကိုသာ အသုံးပြု၍ ခြင်းပုံ၊ ဥဒေါင်းပုံ၊ သဘာဝရှုခင်းပုံများကို ပုံဖော်၍ ပန်းချီကားကဲ့သို့ပြုလုပ်ရောင်းချနေသည်ကိုလည်း တွေ့မြင်ရပါသည်။ စွန့်ပစ် ဖော့ဘူး၊ ရေသန့်ဘူး၊ အချိုရည်ဘူး၊ ဘီယာဘူးများကို အသုံးပြု၍ အိမ်များ၊ ဆိုင်များ၊ ပြခန်းများတွင် အလှဆင်ထားကြသည်ကိုလည်း မြင်တွေ့ရသည်။ အဆိုပါ ပစ္စည်းများကို အသုံးပြု၍ ငရုတ်၊ ပူစီနံ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ပန်းပင်စသည်များ စိုက်ပျိုး၍ အကျိုးရှိစွာ သုံးစွဲနေကြသည်ကိုလည်း တွေ့မြင်နေရသည်။

ခရီးတစ်ခုသွားရင်း တစ်ခါသုံး စွန့်ပစ်ရေသန့်ဘူးများနှင့် ပလတ်စတစ်စများကို အသုံးပြု၍ ပရဟိတလူငယ်အဖွဲ့တစ်ခုက ပြုလုပ်ရောင်းချသည့် လှပသေသပ်သော စားပွဲတင်မီးအုပ်ဆောင်းလေးများ၊ နံရံကပ်မီးလုံးကာလေးများ၊ မျက်နှာကြက်မီးအလှဆင်ပစ္စည်းလေးများကို ဝယ်ယူဖြစ်သည်။ မေးကြည့်တော့ ပစ္စည်းလေးများ ရောင်းချရရှိငွေများဖြင့် ဆင်းရဲနွမ်းပါးသည့် ရင်ခွင်မဲ့ကလေးငယ်စောင့်ရှောက်ရေးဂေဟာတစ်ခုကို လှူဒါန်းနေကြောင်း ဓာတ်ပုံမှတ်တမ်းများ ကျွန်တော့်ကို ပြသည်။ လူငယ်လေးတွေဖြစ်ပေမယ့် စိတ်ထားမြင့်မြတ်ကြပါလား။ ဖြူစင်သည့် ပရဟိတစိတ်ထားလေးများကို အခြေခံကာ ကမ္ဘာမြေလည်း စိမ်းလန်းစိုပြည်စေ၊ တစ်ခါသုံးစွန့်ပစ်ပစ္စည်းများလည်း လျော့နည်းစေ၊ အကျိုးလည်းရှိစေ၊ အခက်အခဲရှိသူများကိုလည်း ကူညီရာရောက်စေ၊ အမှိုက်များကိုလည်း ငွေဖြစ်စေ၊ အခြားသူများကိုလည်း ပညာပေးရာရောက်စေသဖြင့် အတုယူသင့်ပါသည်။

ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာမြေကို ကြီးမားစွာ အန္တရာယ်ဖြစ်ပေါ်စေသော တစ်ခါသုံးစွန့်ပစ်ပစ္စည်းများနေရာတွင် သဘာဝပစ္စည်းများဖြင့် အစားထိုးသုံးစွဲရန် ဆောင်ရွက်ခြင်းသည် ညစ်ညမ်းမည့် မြေထု၊ ရေထု၊ လေထုအတွက် ကာကွယ်ရာရောက်သဖြင့် အားပေးကူညီပေးစေချင်ပါသည်။ စွန့်ပစ်ပစ္စည်းများကို အကျိုးမဲ့မဖြစ်စေဘဲ အကျိုးရှိစွာ ပြန်လည်သုံးစွဲမှုများကို အတုယူကာ လိုက်ပါဆောင်ရွက်စေချင်ပါသည်။ သို့မှသာ အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သော စံနမူနာပြခဲ့သလိုဖြစ်ကာ ဩဇာပြည့်ဝကောင်းမွန်သော မြေ၊ သန့်စင်သော လေအေး၊ အေးမြကြည်လင် အန္တရာယ်ကင်းသော ရေများကို အမွေပေးခဲ့ရာ ရောက်ပေမည်။

သဘာဝပစ္စည်းများဖြင့် အစားထိုး

တစ်ခါက ခရီးတစ်ခုသွားရင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တစ်ဦးနှင့် ဆုံဖြစ်သည်။ ကျွန်တော်တို့ နေ့စဉ်စားသုံးလျက်ရှိသော ဆန်၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံများတွင် တစ်ခါသုံးစွန့်ပစ်ပစ္စည်းများ၊ ဓာတုဆေးဝါးများ၊ ပလတ်စတစ်များကြောင့် အဆိပ်သင့်နေကြပြီဖြစ်ကြောင်း ပြောပြသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် အမူအကျင့်များကို ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ အားပေးကူညီရမည်ဖြစ်ကြောင်း၊ တစ်ခါသုံးစွန့်ပစ်ပစ္စည်းများ သုံးစွဲမှုကို လျှော့ချနိုင်ရေးကြိုးစားရမည်ဖြစ်ကြောင်း၊ တစ်ခါသုံးပစ္စည်းများသုံးစွဲမှုလျော့နည်းစေရေးအတွက် သဘာဝပစ္စည်းများဖြင့် အစားထိုးထုတ်လုပ်သည့် လုပ်ငန်းများကို အားပေးရမည်ဖြစ်ကြောင်း စုံလင်စွာပြောပြ၍ ဗဟုသုတလည်းရသည်။ လိုက်နာဆောင်ရွက်ရမည်ဟူသော အသိလည်းရသည်။

ပြီးတော့ ခရီးတစ်ခုသွားရင်း တစ်ခါသုံးစွန့်ပစ်ရေသန့်ဘူးများနှင့်ပလတ်စတစ်စများကိုအသုံးပြု၍ ပရဟိတလူငယ်အဖွဲ့တစ်ခုက ပြုလုပ်ရောင်းချသည့် လှပသေသပ်သော စားပွဲတင်မီးအုပ်ဆောင်းလေးများ၊ နံရံကပ်မီးလုံးကာလေးများ၊ မျက်နှာကြက်မီးအလှဆင်ပစ္စည်းလေးများကို ဝယ်ယူဖြစ်သည်။ မေးကြည့်တော့ ပစ္စည်းလေးများ ရောင်းချရရှိငွေများဖြင့် ဆင်းရဲနွမ်းပါးသည့် ရင်ခွင်မဲ့ကလေးငယ်စောင့်ရှောက်ရေးဂေဟာတစ်ခုကို လှူဒါန်းနေကြောင်း ဓာတ်ပုံမှတ်တမ်းများ ကျွန်တော့်ကို ပြသည်။ လူငယ်လေးတွေဖြစ်ပေမယ့် စိတ်ထားမြင့်မြတ်ကြပါလား။ ဖြူစင်သည့် ပရဟိတစိတ်ထားလေးများကို အခြေခံကာ ကမ္ဘာမြေလည်း စိမ်းလန်းစိုပြည်စေ၊ တစ်ခါသုံးစွန့်ပစ်ပစ္စည်းများလည်း လျော့နည်းစေ၊ အကျိုးလည်းရှိစေ၊ အခက်အခဲရှိသူများကိုလည်း ကူညီရာရောက်စေ၊ အမှိုက်များကိုလည်း ငွေဖြစ်စေ၊ အခြားသူများကိုလည်း ပညာပေးရာရောက်စေသဖြင့် အတုယူသင့်ပါသည်။

အကျိုးရှိစွာ ပြည်လည်အသုံးချ

တစ်ခါသုံးပစ္စည်းများကို အလွယ်တကူရယူသုံးစွဲကာ လွယ်လွယ်စွန့်ပစ်သဖြင့် ပတ်ဝန်းကျင်အလှအပများကို ပျက်စီးစေသည်။ သက်ရှိသတ္တဝါများ၊ အပင်မျိုးစိတ်များ၏ ဂေဟစနစ်ကို ပျက်စီးစေသည်။ မြေဆီလွှာများကို ပျက်စီးစေသည်။ အနံ့အသက်မကောင်းသောလေကို ရှူရှိုက်ရသည်။ ကြည်လင်အေးမြသန့်စင်သောရေရရှိမှု ခဲယဉ်းနိုင်သည်။ ရေရှည်မဆင်မခြင်ဆောင်ရွက်ပါက၊ သုံးစွဲနေပါက၊ စွန့်ပစ်နေပါက ရင်လေးစရာပင်ဖြစ်သည်။ လက်ရှိတွင် ကျွန်တော်တို့သည် တစ်ခါသုံးစွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့စွာဘယ်လောက်အထိ စွန့်ပစ်မိခဲ့ပြီလဲ မသိနိုင်ပေ။ တစ်ခါသုံးစွန့်ပစ်ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုနိုင်သည့် အရေအတွက် ဘယ်လောက်များ ရှိသလဲမသိနိုင်ပေ။ သို့သော် တစ်ခါသုံးစွန့်ပစ်ပစ္စည်းများကို တတ်နိုင်သမျှလျှော့ချသုံးစွဲမည်၊ အကျိုးရှိစွာ ပြည်လည်အသုံးချမည်၊ တစ်ခါသုံးပစ္စည်းများနေရာတွင် သဘာဝပစ္စည်းများဖြင့် အစားထိုးသုံးစွဲမည်ဆိုပါက နောက်မကျသေးဟု ထင်မိပါသည်။

စံနမူနာကောင်းပြသ

သို့ဖြစ်၍ မြန်မာနိုင်ငံ၏မြေထု၊ ရေထု၊ လေထုကို ညစ်ညမ်းစေပြီး သက်ရှိသတ္တဝါများနှင့် အပင်မျိုးစုံတို့၏ သဟဇာတဖြစ်မှုကို အန္တရာယ်ပြုခြိမ်းခြောက်လျက်ရှိသည့် တစ်ခါသုံးပစ္စည်းများကို လွယ်ကူစွာရယူသုံးစွဲမှုကို တတ်နိုင်သရွေ့ လျှော့သုံးကြရန်၊ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းများကို ရှောင်ရှား၍ အသုံးအဆောင်ပစ္စည်းအဖြစ်၊ စိုက်ပျိုးရေးလုပ်ငန်းသုံးအဖြစ် ပြန်လည်အသုံးပြုကြရန်၊ တစ်ခါသုံး ဆွဲမြည့်ရန်မလွယ်ကူသည့် ပစ္စည်းများအစား သဘာဝပစ္စည်းများဖြင့် ထုတ်လုပ်သော ပြည်တွင်း ထုတ်ကုန်ပစ္စည်းများကို အားပေးကြရန်၊ အနာဂတ် လူငယ်များအတွက် စံနမူနာကောင်းပြသ၍ ကောင်းသော လုပ်ဆောင်မှုအမွေကို ပေးခဲ့ကြရန်၊ မိမိနိုင်ငံ စိမ်းလန်းစိုပြည်မှုရှိစေရေးအတွက် ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းကာကွယ်ရေး ကူညီဆောင်ရွက်ပေးကြရန် စေတနာရှေ့ထားကာ တိုက်တွန်းအပ်ပါသည်။ ။

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၁၁၈၂၂	၁၈၀

ရောဂါပိုးကင်းစင်လာသူ	သေဆုံးသူ
၇၄	၆

စောင့်ကြည့်လူနာ စုစုပေါင်း – ၃၉၁၆

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၅၉ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၁၄၅	၅
၂	ပဲခူး	၇	၁
၃	စစ်ကိုင်း	၇	
၄	ချင်း	၆	
၅	ရှမ်း(ရှေ့)	၃	
၆	မန္တလေး	၃	
၇	ရှမ်း(တောင်)	၂	
၈	ရှမ်း(မြောက်)	၂	
၉	နေပြည်တော်	၂	
၁၀	မွန်	၁	
၁၁	မကွေး	၁	
၁၂	ကချင်	၁	
	စုစုပေါင်း	၁၈၀	၆

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ပြည်နယ်	တိုင်းဒေသကြီး
ကယားပြည်နယ်	တနင်္သာရီတိုင်းဒေသကြီး
ကရင်ပြည်နယ်	ဧရာဝတီတိုင်းဒေသကြီး
ရခိုင်ပြည်နယ်	

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၁-၅-၂၀၂၀ ရက်၊ ည (၈)နာရီ

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

နိုင်ငံအမည်	ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
အမေရိကန်	၁၃၆၈၀၃၆	၂၅၆၃၃၆	၈၀၇၈၉
စပိန်	၂၆၈၁၄၃	၁၇၇၈၆၄	၂၆၇၄၄
ရုရှား	၂၂၁၃၄၄	၃၉၈၀၁	၂၀၀၉
ဗြိတိန်	၂၁၉၁၈၃	စိစစ်ဆဲ	၃၁၈၅၅
အီတလီ	၂၁၉၀၇၀	၁၀၅၁၈၆	၃၀၅၆၀
ပြင်သစ်	၁၇၆၉၇၀	၅၆၂၁၇	၂၆၃၈၀
ဂျာမနီ	၁၇၁၉၉၉	၁၄၅၆၀၀	၇၅၆၉
ဘရာဇီး	၁၆၃၅၁၀	၆၄၉၅၇	၁၁၂၀၇
တူရကီ	၁၃၈၆၅၇	၉၂၆၉၁	၃၇၈၆
အီရန်	၁၀၉၂၈၆	၈၇၄၂၂	၆၆၈၅

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

နိုင်ငံအမည်	ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
စင်ကာပူ	၂၃၈၂၂	၂၇၂၁	၂၀
အင်ဒိုနီးရှား	၁၄၂၆၅	၂၈၈၁	၉၉၁
ဖိလစ်ပိုင်	၁၁၀၈၆	၁၉၉၉	၇၂၆
မလေးရှား	၆၇၂၆	၅၁၁၃	၁၀၉
ထိုင်း	၃၀၁၅	၂၇၉၆	၅၆
ဗီယက်နမ်	၂၈၈	၂၄၉	၀
မြန်မာ	၁၈၀	၇၄	၆
ဘရူနိုင်း	၁၄၁	၁၃၄	၁
ကမ္ဘောဒီးယား	၁၂၂	၁၂၀	၀
လာအို	၁၉	၁၃	၀

ကိုဗစ် - ၁၉ ရောဂါနှင့်ပတ်သက်၍ သိရှိလိုသည်များကို တိုင်းရင်းသားဘာသာစကား ခုနစ်မျိုးဖြင့် မကြာမီ ဆက်သွယ်မေးမြန်းနိုင်တော့မည်

ရန်ကုန် မေ ၁၁

ကိုဗစ် – ၁၉ ရောဂါနှင့်ပတ်သက်၍ ပြည်သူများသိရှိလိုသည်များကို တိုင်းရင်းသားဘာသာစကား ခုနစ်မျိုးဖြင့်လည်း မကြာမီ မေးမြန်းနိုင်မည်ဖြစ်ကြောင်း Blue Ocean Investment Limited ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်ထံမှ သိရသည်။

COVID – 19 Call Centre အား ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်– ၁၉ ဖြစ်ပွားမှုအခြေအနေ၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်း၊ ရောဂါကာကွယ်ရန်ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်း၊ လူနာများရှာဖွေကုသခြင်း စသည့် လုပ်ငန်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဆက်သွယ်မေးမြန်းသိရှိနိုင်စေရေးအတွက် ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်ပြီး ဧပြီ ၉ ရက်မှ လက်ရှိအထိ ပြည်တွင်း အော်ပရေတာများမှတစ်ဆင့် အခမဲ့ခေါ်ဆိုမေးမြန်းမှု ငါးသန်းရှိကြောင်း သိရသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာစကားများဖြင့် မေးမြန်းမှုများကို အလိုအလျောက် ဖြေကြားနိုင်ရန် စီစဉ်တည်းဖြတ်မှုများ လုပ်ဆောင်နေပြီး မကြာမီရက်ပိုင်းအတွင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ် – ၁၉ နှင့်ပတ်သက်၍ ဆရာဝန်များနှင့် တိုက်ရိုက်ဆွေးနွေးလိုပါက 2019 ကို ခေါ်ဆိုကာ လိုင်းခွဲ (၀) ကို ခေါ်ဆိုမေးမြန်းနိုင်ပြီး မေးမြန်းမှုများပြားသည့်အတွက် တစ်ဦးလျှင် အချိန် ၆ မိနစ်ခန့်သာ မေးမြန်းနိုင်မည်ဖြစ်သည်။ 2019 ၏ လိုင်းခွဲ (၁)တွင် ရောဂါလက္ခဏာများအကြောင်း၊ လိုင်းခွဲ (၂)တွင် ကူးစက်နိုင်သည့် နည်းလမ်းများအကြောင်း၊ လိုင်းခွဲ (၃)တွင် ကာကွယ်နိုင်သည့်နည်းလမ်းများ၊ လိုင်းခွဲ (၄)တွင် အသွားအလာ ကန့်သတ်ခြင်းအကြောင်း၊ လိုင်းခွဲ ငါးတွင် နောက်ဆုံးရ ကိုဗစ် – ၁၉ ရောဂါပိုးတွေ့လူနာအရေအတွက်အကြောင်းတို့ကို အလိုအလျောက်စနစ်ဖြင့် ဖြေကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

အောင်သူရ

✻ မြန်မာနိုင်ငံမှ

တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ အဲရစ်အာဗရန်သည် မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် လေးနှစ်စီမံကိန်း ချမှတ်ကာ ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၄–၃–၃ ကစားကွက်ကစားရန် သတ်မှတ်ခဲ့သူလည်းဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၎င်းနေရာတွင် အစားထိုးရန် ပြည်တွင်း သို့မဟုတ် ပြည်ပ နည်းစနစ်ဒါရိုက်တာတစ်ဦး ခန့်အပ်မည်ဖြစ်ပြီး ကိုဗစ်–၁၉ ရောဂါပြီးဆုံးသွားပါက တာဝန်ပေးအပ်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်–၁၉ ရောဂါကြောင့် လက်ရွေးစင်အသင်းအားလုံးကို လေ့ကျင့်မှုရပ်နားထားပြီး ပြင်ဆင်မှုများကို ရောဂါအခြေအနေပြီးဆုံးမှသာ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

facebook

မူပိုင်ခွင့်အသိရှိပါ



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်နေသော ကုန်သွယ်မှုနှင့် စီးပွားရေးအခြေအနေများကုစားရေးနှင့် ပြန်လည်တုံ့ပြန်ရေးဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၁

Coronavirus Disease 2019 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များ၊ COVID–19 Economic Relief Plan (CERP) နှင့် ကိုဗစ်–၁၉ ကြောင့် ဖြစ်ပေါ်နေသည့် ကုန်သွယ်မှု အခြေအနေများ၊ ကိုဗစ်–၁၉ အလွန်ကာလ ကုန်သွယ်မှုနှင့် စီးပွားရေးပြန်လည်တုံ့ပြန်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးအဆင့် အထက်အရာထမ်းများအား တွေ့ဆုံမှာကြားသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က ကိုဗစ်–၁၉ ရောဂါကြောင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍစုံတွင် ထိခိုက်မှုများ လျော့ပါးသက်သာစေရေးနှင့် ပြန်လည်တုံ့ပြန်နိုင်ရေးအတွက် နိုင်ငံတော်မှ ဖွဲ့စည်းထားသည့် ကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များနှင့်ဆောင်ရွက်နေမှု၊ ကိုဗစ်–၁၉ အလွန်ကာလတွင် နိုင်ငံတော်မှ ဦးစားပေးဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းကာ အဆိုပါ လုပ်ငန်းစဉ်များတွင် မိမိတို့ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်သွားရမည့် အခြေအနေများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန်၊ နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီထောက်ပံ့ပေးသွားမည့်အခြေအနေများနှင့် အဆိုပါအထောက်အပံ့များအား ထိရောက်စွာ အသုံးချသွားနိုင်ရေးအတွက် စီမံကိန်းများပြုစုတင်ပြသွားရေး၊ အိမ်နီးချင်းနိုင်ငံများသာမက နိုင်ငံတကာဈေးကွက်သို့ မိမိတို့၏ထုတ်ကုန်များ ဈေးကွက်ဝင်ရောက်နိုင်ရေး ဆောင်ရွက်သွားမည့် အစီအမံများအား ပြုစုတင်ပြသွားရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထူးက ကိုဗစ်–၁၉ Economic Relief Plan (CERP) တွင် ပါဝင်သည့် လုပ်ငန်းစဉ်များအနက် မိမိတို့ဌာနမှ ဆောင်ရွက်နေသည့် ကုန်သွယ်မှု လျင်မြန်ချောမွေ့ရေး (Trade Facilitation) ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန်၊ အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေး (E–Commerce) စနစ် ပိုမိုပြင်ပြင် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်သွားရန်နှင့် စားသောက်ကုန်နှင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍတို့တွင် ပြည်တွင်းစွမ်းအားစုများ ထူထောင်ပြီး ထုတ်လုပ်မှုစွမ်းရည် မြင့်မားလာစေရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ရုံးခွဲတာဝန်ခံများကို တွေ့ဆုံ

နေပြည်တော် မေ ၁၁

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ အရာထမ်းများ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ရုံးခွဲတာဝန်ခံများအား Video Conferencing ဖြင့် တွေ့ဆုံသည်။

ကြိုတင်ပြင်ဆင်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခု ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးအတွက် မိမိတို့ဒေသတွင်းရှိ ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ကာ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီမှတစ်ဆင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များကို ပံ့ပိုးကူညီဆောင်ရွက်ရေး၊ ကိုဗစ်–၁၉ အလွန်ကာလတွင် ကျန်းမာရေးအရ လုံခြုံစိတ်ချရပြီး သန့်ရှင်းသော ခရီးစဉ်ဒေသများဖြစ်ပေါ်လာရေး ကိစ္စရပ်များအပါအဝင် ခရီးစဉ်ဒေသများကို စီမံခန့်ခွဲပေးနိုင်မည့် Destination Management Organization များဖွဲ့စည်းနိုင်ရေး ၊ ကျန်းမာရေးအသိရှိပြီး တီထွင်ဆန်းသစ်မှုများပြုလုပ်ကာ ဒစ်ဂျစ်တယ်နည်းပညာနှင့်ပေါင်းစပ်ပြီး ဝန်ဆောင်မှုကောင်းစွာပေးနိုင်သော ခရီးသွားလုပ်ငန်းပေါ်ထွက်လာရေးအတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန် မှာကြားသည်။

ပေါင်းစပ်မှာကြား

ယင်းနောက် ဒုတိယဝန်ကြီးက ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ Destination Management Organization ဖွဲ့စည်းရေးတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ် ဖောင်ဒေးရှင်း (၂၅)ကြိမ်မြောက် ငွေရတု သွေးလှူပွဲ စနစ်တကျ ပြုလုပ်မည်

ရန်ကုန် မေ ၁၁

စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ် ဖောင်ဒေးရှင်းက ကြီးမှူးပြုလုပ်မည့် (၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် စနစ်တကျ စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်)၌ မေ ၂၄ ရက် တနင်္ဂနွေနေ့ နံနက် ၇ နာရီခွဲမှ ၁၁ နာရီခွဲထိ ပြုလုပ်မည်ဖြစ်ပါသဖြင့် မည်သူမဆို ကြွရောက် သွေးလှူဒါန်းနိုင်ပါကြောင်းနှင့် သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် စန်းမောင်မြင့် သွေးလှူကုသိုလ် ဖောင်ဒေးရှင်းမှ အမှတ်တရလက်ဆောင်များ (ခေါက်ထီး၊ ခရီးဆောင်အိတ်ငယ်၊ ငွေရတုအထိမ်းအမှတ် Waistcoat၊ လက်သန့်ဆေးရည်၊ ဝါးမီးသွေးမျက်နှာသစ်ဆပ်ပြာ၊ Mask & Medical Cap) တို့ဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ပြီး သွေးလှူဒါန်းမည့်သူများသည် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း ဖုန်း–၀၉–၄၄၉၂၅၃၇၆၇၊ ၀၉–၆၉၅ ၁၃၅၅၁၅ တို့သို့ မေ ၂၂ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

ကြေးမုံ

ကျောင်းသုံးစာအုပ် ပုံနှိပ်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၁

၂၀၂၀–၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်ပုံနှိပ်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် သက်ဆိုင်ရာ ပညာရေးရုံးများအရောက် ပို့ဆောင်နိုင်ရေးအတွက် ဆပ်ကော်မတီနှစ်ရပ် ပူးပေါင်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၀) ကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ Video Conferencing စနစ်ဖြင့် ချိတ်ဆက်ကျင်းပသည်။

ပွင့်ပွင့်လင်းလင်းဆွေးနွေး

အစည်းအဝေးတွင် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယခုအစည်းအဝေးကို ပညာရေးဝန်ကြီးဌာနက ပြန်ကြားရေးဝန်ကြီးဌာနမှတစ်ဆင့် လာမည့်ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များကို ပြင်ပလုပ်ငန်းရှင်များအား တင်ဒါစနစ်ဖြင့် အပ်နှံခဲ့မှုနှင့်စပ်လျဉ်း၍ အချိန်မီပြီးစီးရေးနှင့် ဖြန့်ဝေနိုင်ရေးအတွက် ကျင်းပခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တက်ရောက်လာကြသူများက ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အမှာစကားပြောကြားသည်။

ယင်းနောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ယခင်အစည်းအဝေး ဆွေးနွေးချက်များနှင့် ယခုအစည်းအဝေးကျင်းပရခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီအတွင်းရေးမှူး ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအနေဖြင့် ကျောင်းသုံးစာအုပ်ရိုက်နှိပ်ခြင်းနှင့် ပို့ဆောင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုနှင့် ပြင်ပပုံနှိပ်တိုက်များ၏ ရိုက်နှိပ်ခြင်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေတို့ကို လည်းကောင်း၊ ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီအတွင်းရေးမှူး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ပြင်ပပုံနှိပ်တိုက်များ ရိုက်နှိပ်ပြီးစီးမှုနှင့် ဖြန့်ချိပို့ဆောင်ရေး ဆောင်ရွက်သွားမည့် ကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် တက်ရောက်လာကြသူများက ကျောင်းသုံးစာအုပ်များ ပုံနှိပ်ထုတ်လုပ်ခြင်းနှင့် ဖြန့်ချိရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က အစည်းအဝေးဆုံးဖြတ်ချက်မူကြမ်းအား ဖတ်ကြားတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၈ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၁ ရက်)

"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ မေလ ၉ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

စဉ်	သတင်းလက်ခံရရှိမှု	ဖော်ထုတ်ဖမ်းဆီးအရေးယူမှု
၁	ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဘီလူးမြို့ ကျေးရွာတွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။	၉-၅-၂၀၂၀ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ အင်းကုန်းကျေးရွာနေ ဒေါ်ဖြိုးအိသွယ်(၃၄)နှစ်၊ (ဘ)ဦးကျော်ရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဘီလူးမြို့ကျေးရွာနေ ဒေါ်ခင်ရွှေ (၅၆)နှစ်၊ (ဘ) ဦးအောင်သိန်းထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့ (၂)ဦးအား နမစ(နန်းမား)မယ(ပ)၃၂/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး ဒေါ်ခင်ရွှေ၏ နေအိမ်အား ဆက်လက်ရှာဖွေရာ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မိုးညှင်း) မယ(ပ)၇၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၂	စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်၊ ဝါးယူသာကျေးရွာနေ သန်းဝင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၇-၅-၂၀၂၀ ရက်နေ့တွင် ပင်လည်ဘူးမြို့နယ်၊ ဝါးယူသာကျေးရွာနေ သန်းဝင်း(၄၇)နှစ်၊ (ဘ)ဦးဝဲမောင်၏ လယ်တောအတွင်း ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပင်လည်ဘူး) မယ(ပ)၆၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၃	စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နတ်ချောင်းကျေးရွာနေ ဝင်းဆန်းနှင့်ဇနီးဖြစ်သူ ဒေါ်တင်ကြည်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၈-၅-၂၀၂၀ ရက်နေ့တွင် ကလေးမြို့နယ်၊ နတ်ချောင်းကျေးရွာ လမ်းပေါ်၌ ၎င်းကျေးရွာနေ အောင်မျိုးထိုက် (၂၉)နှစ်၊ (ဘ) ဦးသန်းထွန်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး နတ်ချောင်းကျေးရွာနေ ဝင်းဆန်း(၅၃)နှစ်၊ (ဘ)ဦးကျော်သန်း နှင့်ဇနီးဖြစ်သူ ဒေါ်တင်ကြည်(၅၃)နှစ်၊(ဘ)ဦးဘိုထံမှ ဝယ်ယူရရှိခဲ့ကြောင်းသိရှိရသဖြင့် ၎င်းတို့(၃)ဦးအား မမစ (ကလေး) မယ(ပ)၅၃/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး ဝင်းဆန်းနှင့်ဇနီး ဒေါ်တင်ကြည်တို့၏ နေအိမ်အားရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ (ကလေး) မယ(ပ)၅၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။
၄	တနင်္သာရီ တိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခ ရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။	ယခင်သီတင်းပတ်၌ အမှု(၉)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၈)ဦး၊ မ(၁)ဦး၊ ပေါင်း(၉)ဦးတို့အား စိတ်ကြွဆေးပြားများ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၄-၅-၂၀၂၀ ရက်နေ့တွင် ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်နေ အောင်သူပိုင်(၂၇)နှစ်၊ (ဘ)ဦးမြင့်ဌေး၏ နေအိမ် အားဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြား အကြေမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကော့သောင်း)မယ(ပ)၈၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း၊ အလားတူ ၎င်းရပ်ကွက်၊ အနော်ရထာ (၂)လမ်းပေါ်၌ ၎င်းရပ်ကွက်နေ နိုင်အောင်ထွေး(ခ) သားကြီး (၂၀)နှစ်၊(ဘ)ဦးမောင်နိုင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ၎င်းရပ်ကွက်နေ မင်းကိုဦး (ခ) ဟူစိန်(၂၀)နှစ်၊ (ဘ) ဦးအောင်ဝင်းထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့ (၂)ဦးအား မမစ(ကော့သောင်း) မယ(ပ) ၈၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၎င်းရပ်ကွက်၊ အနော်ရထာ(၁)လမ်းပေါ်၌ မင်းကိုဦး(ခ)ဟူစိန်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း) မယ (ပ)၈၄/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၀(က)ဖြင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ၅-၅-၂၀၂၀ ရက်နေ့တွင် ၎င်းရပ်ကွက်၊ အနော်ရထာ(၅)လမ်းနေ ဟာနက်(ခ) သန်းမြင့်ဦး (၂၉)နှစ်၊(ဘ) ဦးမြင့်အောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း) မယ(ပ)၈၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့်လည်းကောင်း၊ အလားတူ ၎င်းရပ်ကွက်၊ အနော်ရထာ(၄)လမ်းနှင့်(၅)လမ်းကြား၌ ၎င်းရပ်ကွက်နေ မျိုးအောင်(ခ)ယာရား(၃၅)နှစ်၊ (ဘ)ဦးမင်းမင်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး အေးရိပ်ငြိမ် ရပ်ကွက်နေ ပြည့်စုံအောင်(ခ)အောင်လေး(၂၄)နှစ်၊ (ဘ)ဦးသန်းထွန်းထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် အောင်သုခရပ်ကွက်၊ ချမ်းမြေ့သာ(၂) လမ်း၌ ပြည့်စုံအောင် (ခ)အောင်လေးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ၎င်းတို့(၂)ဦးအား မမစ(ကော့သောင်း) မယ(ပ)၈၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့်လည်းကောင်း၊ စစ်ဆေးချက်အရ ပြည့်စုံအောင်(ခ)အောင်လေးမှ မူးယစ်ဆေးဝါးများအား အေးရိပ်ငြိမ်ရပ်ကွက်နေ မထက်ထက်မွန် (ခ)ထက်ထက်(၁၉)နှစ်၊ (ဘ) ဦးစိုးမြင့်နှင့် မအငယ်လေး(၂၆)နှစ်၊ (ဘ)ဦးရွှေပန်းတို့ထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦး၏ နေအိမ်သို့ စစ်ဆေးရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိရသော်လည်း ၎င်းတို့(၃)ဦးအား မမစ(ကော့သောင်း) မယ(ပ)၈၇/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ဖြင့်လည်းကောင်း၊ ဆက်လက်၍ ၎င်းရပ်ကွက်၊ ချမ်းမြေ့သာ (၂)လမ်းပေါ်၌ ၎င်းရပ်ကွက်နေ ညီညီထွေး(ခ)ကိုပါး(၁၈)နှစ်၊ (ဘ) ဦးသန်းထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကော့သောင်း) မယ(ပ) ၈၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။
၅	ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ သမ္မတကမ်းခြေရပ်ကွက်နေ ဘူခိုးသည် မူးယစ်ဆေးဝါးများသုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၇-၅-၂၀၂၀ရက်နေ့တွင် ဒလမြို့နယ်၊ သမ္မတကမ်းခြေ ရပ်ကွက်နေ ဘူခိုး (ခ)တေဇာအောင်(၃၂)နှစ်၊ (ဘ)ဦးချစ်သန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူဇနီးဖြစ်သူ မဇင်ဇင်ဝေ(၁၈)နှစ်၊ (ဘ)ဦးအောင်မြင့်တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒလ)မယ(ပ)၁၉/၂၀၂၀၊ မူး/စိတ် ပုဒ်မ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၆	ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရွှေညောင်မြို့၊ မင်္ဂလာအောင်မြေ ရပ်ကွက်နေ ရန်နိုင်လင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၃-၅-၂၀၂၀ ရက်နေ့တွင် ရွှေညောင်မြို့၊ မင်္ဂလာအောင်မြေ (၁)ရပ်ကွက်နေ ရန်နိုင်လင်း(၃၃)နှစ်၊ (ဘ)ဦးသန်းမောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ရွှေညောင်) မယ(ပ)၃၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၇	ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မြို့တွင်းနှင့် မြို့ပေါ် ရပ်ကွက်များ၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	ယခင်သီတင်းပတ်များ၌ အမှု(၂၂)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၄၁) ဦး၊ မ(၃)ဦး၊ ပေါင်း(၄၄)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၅-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊ သီတဂူကျောင်းတိုက်ရှေ့လမ်းပေါ်၌ ၎င်းရပ်ကွက်နေ ကျော်စိုးလှိုင် (ခ)မိုးဒီ (ခ)ကျော်မျိုးလှိုင်(၂၁)နှစ်၊ (ဘ)ဦးဝင်းစိုးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ကြီး)မယ(ပ)၂၀/၂၀၂၀၊ မူး/စိတ် ပုဒ်မ၁၆(ဂ) ဖြင့် လည်းကောင်း၊ အလားတူ၇-၅-၂၀၂၀ ရက်နေ့တွင် ၎င်းမြို့၊ စိန်ပန်းရပ်ကွက်နေ ထက်အာကာ(၂၃)နှစ်၊ (ဘ)ဦးမြင့်ထွန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ကြီး) မယ(ပ) ၂၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။
၈	ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ အမှတ် (၅)ရပ်ကွက်၌ မူးယစ်ဆေးဝါးသုံးစွဲ/ဖြန့်ဖြူး ရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။	ယခင်သီတင်းပတ်များ၌ အမှု(၅)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၇) ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၇-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက် သတင်းအရ လားရှိုးမြို့၊ အမှတ်(၅)ရပ်ကွက်၊ ချယ်ရီလမ်းမပေါ်၌ အမှတ် (၇)ရပ်ကွက်နေ အောင်ကျော်သူ (၃၅)နှစ်၊ (ဘ) ဦးကျော်ကျော် မောင်းနှင်လာသည့်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး)မယ(ပ) ၉၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း၊ အလားတူ ၈-၅-၂၀၂၀ ရက်နေ့တွင် ၎င်းမြို့၊ အမှတ်(၅) ရပ်ကွက်နေ ဆောက်ချင် (ခ) အားဝူ(၅၀)နှစ်၊ (ဘ) ဦးရှောက်စိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ရန်ဆောင်(၄၀)နှစ်၊ (ဘ)ဦးလောင်အေတို့(၂)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး)မယ(ပ) ၉၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ ရန်ဆောင်၏ နေအိမ်အား ဆက်လက်ရှာဖွေရာ ဘိန်းဖြူများအား ထပ်မံဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး) မယ(ပ)၉၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီး ရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၉-၅-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း **(၁၁၀၂)**မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား**(၁၄၁၂)**ဦး၊ မ**(၂၇၇)**ဦး၊ ပေါင်း**(၁၆၈၉)**ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ**(၈၉၅၈.၂၅၁၄)**ဂရမ်၊ ICE **(၁၃၄၇.၄၂)**ဂရမ်၊ ဘိန်း**(၄၂၈၅၀.၇၃၈၈၆)**ဂရမ်၊ အဆင့်နိမ့်ဘိန်း**(၆၆၅.၂၇)**ဂရမ်၊ ဘိန်းစာမှုန့်**(၅၃၂၆၃.၇၆)**ဂရမ်၊ ဘိန်းစာရွက် **(၁၂၀၉၇.၃၂)**ဂရမ်၊ ဘိန်းစာရည်**(၂.၅)** လီတာ၊ စိတ်ကြွဆေးပြား**(၅၃၈၂၃၉)**ပြား၊ ဆေးခြောက် **(၁၀၃၁၂.၃၇)**ဂရမ်၊ ဘိန်းရည်**(၀.၁)**လီတာ၊ ဘိန်းဆီခဲ**(၅၉၆.၂၈)** ဂရမ်၊ ဘိန်းစေ့**(၆၀)**ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်**(၅၅.၉၅)**ဂရမ်၊ Ecstasy အကြေ**(၀.၀၀၁)**ဂရမ်၊ လက်နက်မျိုးစုံ**(၂၅)** လက်၊ ကျည်မျိုးစုံ**(၆၀၉)**တောင့်၊ လက်ပစ်ဗုံး**(၁)**လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့်မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-

အော်တိုတယ်လီဖုန်းနံပါတ်	-	၀၆၇-၅၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ်	-	၀၆၇-၅၉၀၂၃၃
အီးမေးလ်လိပ်စာ	-	antinarcotics@presidentoffice.gov.mm

MyCO အကြောင်း သိကောင်းစရာများ (၅)

မောင်ဦးကာ



ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ပုံစံများ (Form Relating Winding Up) နှင့် ဆန္ဒအလျောက်ဖျက်သိမ်းခြင်း (Voluntary Winding Up)

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရကုမ္ပဏီတစ်ခု ဖျက်သိမ်းခြင်းဆိုင်ရာ နည်းလမ်းများမှာ တရားရုံးအမိန့်ဖြင့် ဖျက်သိမ်းခြင်း (Winding Up by Court)၊ တရားရုံး၏ ကြီးကြပ်မှုဖြင့် ဖျက်သိမ်းခြင်း (Winding up subject to Supervision of Court)၊ ဆန္ဒအလျောက် ဖျက်သိမ်းခြင်း (Voluntary Winding up)တို့ ဖြစ်ပါသည်။ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းမှာ ကုမ္ပဏီတွင် ပါဝင်သူများက ဆန္ဒအလျောက်ဖျက်သိမ်းခြင်း (Members – Voluntary Winding Up)နှင့် မြီရှင်များက ဆန္ဒအလျောက် ဖျက်သိမ်းခြင်း (Creditors – Voluntary Winding Up) ဆိုပြီး နှစ်မျိုး ရှိပါသည်။

ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက် ဖျက်သိမ်းခြင်းများ ပြုလုပ်မည်ဆိုပါက MyCO တွင် ပုံစံ ည– ၄၊ ည– ၇၊ ည–၅(က) (J–4,7,5(A))တင်ပြပေးရုံဖြင့် လုံလောက်မှု ရှိပါသည်။ အခြားအချက်အလက်များ ပြင်ဆင်တင်ပြလိုသည်များကို ဒီဆောင်းပါးတွင် ဖော်ပြထားသည့် လုပ်ငန်းစဉ်အတိုင်း MyCO တွင် တင်ပြနိုင်ပါသည်။

ဆန္ဒအလျောက်ဖျက်သိမ်းခြင်းတွင် ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက် (Declaration of solvency in support of voluntary winding up)

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၃၅၀ (က)တွင် "ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက် ဖျက်သိမ်းရန် ဆောင်ရွက်ခဲ့လျှင် ကုမ္ပဏီ၏ဒါရိုက်တာများ သို့မဟုတ် ဒါရိုက်တာနှစ်ဦးထက်ပိုမိုပါရှိသော ကုမ္ပဏီဖြစ်လျှင် ဒါရိုက်တာအများစုသည်လည်းကောင်း၊ ဒါရိုက်တာတစ်ဦးတည်းရှိသည့် ကုမ္ပဏီတွင် အဆိုပါဒါရိုက်တာသည်လည်းကောင်း ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ချမှတ်မည့် အစည်းအဝေးအတွက် အကြောင်းကြားစာများ ပေးပို့သည့်နေ့ရက် မတိုင်မီ ကျင်းပပြုလုပ်သည့် ဒါရိုက်တာများအစည်းအဝေး၌ ကုမ္ပဏီကိစ္စရပ်များကို အပြည့်အဝ စစ်ဆေးဆောင်ရွက်မှုပြုလုပ်ပြီးကြောင်း၊ ထိုသို့ပြုလုပ်ပြီးနောက် ကုမ္ပဏီအား ဖျက်သိမ်းရန် စတင်သည့်နေ့ရက်မှ သုံးနှစ်ထက်မပိုသည့် ကာလတစ်ရပ်အတွင်းကုမ္ပဏီသည် ကြွေးမြီများကို အပြည့်အဝပေးချေနိုင်မည်ဟု ယူဆကြောင်း ကျမ်းကျိန်လွှာတစ်ရပ်ဖြင့် အတည်ပြုထားသည့် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်နိုင်သည်" ဟု ပြဋ္ဌာန်းထားပါသည်။

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ ပုဒ်မ ၃၂၃(င) တွင် "စာရင်းအားစစ်ဆေးပြီးသည့်အခါ ယင်း၏မိတ္တူတစ်စောင်ကို တရားရုံးတွင် မှတ်တမ်းပြုစု ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး အခြားမိတ္တူတစ်စောင်ကို မှတ်တမ်းပြုစုထားရှိရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။ ထိုမိတ္တူတစ်စောင်စီကို မြီရှင်များ သို့မဟုတ် သက်ဆိုင်သည့် ပုဂ္ဂိုလ်များက စစ်ဆေးကြည့်ရှုနိုင်စေရန် ထားရှိရမည်"ဟု ပြဋ္ဌာန်းထားပါသည်။

ကုမ္ပဏီ၏ ဒါရိုက်တာများသည် ကုမ္ပဏီ၏ ကိစ္စရပ်များကို အပြည့်အဝစစ်ဆေးဆောင်ရွက်မှု ပြုလုပ်ပြီးကြောင်းနှင့် ထိုသို့ပြုလုပ်ပြီးနောက် ကုမ္ပဏီအား ဖျက်သိမ်းရန် စတင်သည့်နေ့ရက်မှ သုံးနှစ်ထက် မပိုသော ကာလတစ်ရပ်အတွင်း ကုမ္ပဏီသည် ကြွေးမြီများကို အပြည့်အဝပေးချေနိုင်မည်ဟု ယူဆကြောင်း ကြေညာချက်၊ ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်ကို အတည်ပြုထားသော ဒါရိုက်တာများ၏ ကျမ်းကျိန်လွှာ ပူးတွဲရန်၊ ကုမ္ပဏီကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကုမ္ပဏီ စာရင်းစစ်များ၏ အစီရင်ခံစာတို့နှင့်အတူပူးတွဲ၍ MyCO တွင် ပုံစံည–၄ (J–4)ဖြင့် တင်ပြရပါမည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်မှု အကြောင်းကြားစာ (Notice of appointment of liquidator)

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၃၇၆ (က)တွင် ပြဋ္ဌာန်းထားသည်မှာ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက အကြောင်းတစ်စုံတစ်ရာကြောင့် မရှိသည့်ကိစ္စရပ်များတွင် တရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးကို ခန့်အပ်နိုင်သည်။ ပုဒ်မ ၃၇၆ (ဂ)တွင် ဖော်ပြထားသည်မှာ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းအားခန့်အပ်ပြီးနောက် ၂၁ ရက်အတွင်း မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် သတ်မှတ်ဖော်ပြထားသည့်ပုံစံ ည–၇ (J–7)ဖြင့် ခန့်အပ်မှု အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရပါမည်။

ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အပြီးသတ်စာရင်း (Liquidator's final account in members' voluntary winding up)

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၃၅၇ (က)တွင် ပြဋ္ဌာန်းထားသည်မှာ Liquidator တစ်ယောက်သည် ကုမ္ပဏီ၏ ကိစ္စရပ်များကိုအပြည့်အဝ စာရင်းရှင်းလင်း ဖျက်သိမ်းပြီးသည်နှင့် တစ်ပြိုက်နက် စာရင်းရှင်းလင်း ဖျက်သိမ်းစာရင်းကိုတင်ပြရန်နှင့် ယင်းအတွက် ရှင်းလင်း ပြောဆိုရန်အလို့ငှာ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး တစ်ရပ်ကို ခေါ်ယူကျင်းပရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၃၅၇(ဂ) တွင် "အစည်းအဝေးကျင်းပပြီးနောက် ခုနစ်ရက်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းမိတ္တူ တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည့်အပြင် အစည်းအဝေးကျင်းပခြင်းနှင့် ကျင်းပသည့်နေ့ရက်တို့ကို ၎င်းထံသို့ ပြန်ကြားရမည်။ အစည်းအဝေး၌ အစည်းအဝေး အထမြောက်ရန် တက်ရောက်ရမည့် လိုအပ်သည့် ဦးရေ မပြည့်ဝခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အစည်းအဝေးကို တရားဝင်ဆင့်ခေါ်ခဲ့ကြောင်း၊ ထိုအစည်းအဝေးသို့ အစည်းအဝေးအထမြောက်ရန် တက်ရောက်ရမည့် လူဦးရေ အပြည့်အဝမတက်ရောက်ခဲ့ကြောင်း ဖော်ပြပါရှိသည့် ပြန်ကြားချက်တစ်စောင်ကို ပြုလုပ်ရမည်။ ထိုပြန်ကြားချက်အား ပြုလုပ်ပြီးသည့်အခါ ပြန်ကြားချက် ပြုလုပ်ခြင်းနှင့် သက်ဆိုင်သော ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များအရ ပြန်ကြားချက်ကို အဆိုပါအတိုင်း လိုက်နာဆောင်ရွက်ပြီးဖြစ်သကဲ့သို့ မှတ်ယူရမည်"ဟု ပြဋ္ဌာန်းထားပါသည်။

ကုမ္ပဏီတွင်ပါဝင်သူများ၏ဆန္ဒအလျောက် ဖျက်သိမ်းရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အပြီးသတ်စာရင်းအား စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကုမ္ပဏီအတွက် အခွန်ကင်းရှင်းကြောင်း စာမိတ္တူတစ်စောင်တို့ကိုပူးတွဲ၍ MyCO တွင် ည–၅(က) (J–5(A))ဖြင့် တင်ပြရပါမည်။

ကုမ္ပဏီဖျက်သိမ်းသည့် တရားရုံးအမိန့် (Court Order concerning winding up of company)

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၃၀၉ (က)၊ "ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို ချမှတ်သည့်အခါတွင် ကုမ္ပဏီဖျက်သိမ်းပေးရန် တရားစွဲဆိုသည့်အမှုမှ လျှောက်ထားသူနှင့်ကုမ္ပဏီတို့သည် ထိုအမိန့်အား ချမှတ်သည့်နေ့ရက်မှ တစ်လအတွင်း ထိုအမိန့်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရန် တာဝန် ရှိသည်"ဟု ပြဋ္ဌာန်းထားရာ ကုမ္ပဏီဖျက်သိမ်းသည့် တရားရုံးအမိန့်၏ မိတ္တူတစ်စောင်ကို MyCO တွင် ည–၁ (J–1)ဖြင့် တင်ပြရပါမည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက စာရင်းစစ် ပြုစုထားသောစာရင်းကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၃၂၃(င)နှင့်အညီ MyCO တွင် ပုံစံည–၂ (J–2) ဖြင့် တင်ပြရပါမည်။

မြီရှင်များက ကုမ္ပဏီကိုဆန္ဒအလျောက် ဖျက်သိမ်းရာတွင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ၏ အပြီးသတ်စာရင်းကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၃၇၀(ဂ)နှင့် အညီ MyCO တွင် ပုံစံ ည–၆(က) (J–6(A)) ဖြင့် တင်ပြရပါမည်။

စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရေးသားဖော်ပြချက် (Liquidator's statement in ongoing winding up)

စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရေးသားဖော်ပြချက်ကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၄၀၈(ဂ)နှင့်အညီ MyCO တွင် ပုံစံည–၁၀ (J–10)ဖြင့် တင်ပြရပါမည်။

နိုင်ငံတော်အတွင်းရှိ ပြည်ပကော်ပိုရေးရှင်း ဖျက်သိမ်းခြင်း၊ မိခင်နိုင်ငံရှိကုမ္ပဏီအပါ ဖျက်သိမ်းခြင်းဟူ၍ နှစ်မျိုး ရှိပါသည်။

နိုင်ငံတော်အတွင်း ပြည်ပကော်ပိုရေးရှင်းက စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုကို ရပ်စဲကြောင်း အကြောင်းကြားစာ (Notice of ceasing to carry on business in the Union by overseas corporation)

နိုင်ငံတော်အတွင်း ပြည်ပကော်ပိုရေးရှင်းက စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုကို ရပ်စဲကြောင်း အကြောင်းကြားစာကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ၅၅(က) နှင့်အညီ MyCO တွင် ပုံစံင–၉(E–9) ဖြင့် တင်ပြရပါမည်။

ပြည်ပကော်ပိုရေးရှင်းသည် ဖွဲ့စည်းတည်ထောင်သည့်နေရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ဖျက်သိမ်းခြင်း သို့မဟုတ် မှတ်ပုံတင်ထားခြင်းမှ ပြန်လည်ပယ်ဖျက်ခြင်းဆိုင်ရာ အကြောင်းကြားစာ (Notice of winding up, dissolution or deregistration of overseas corporation in place of incorporation)

ပြည်ပကော်ပိုရေးရှင်းသည် ဖွဲ့စည်းတည်ထောင်သည့်နေရာ(မူလနိုင်ငံ)တွင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ဖျက်သိမ်းခြင်း သို့မဟုတ် မှတ်ပုံတင်ထားခြင်းမှ ပြန်လည်ပယ်ဖျက်ခြင်းဆိုင်ရာ အကြောင်းကြားစာကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၅၅ (စ) (၁) နှင့် အညီ MyCO တွင် ပုံစံ င–၁၀ (E–10)ဖြင့် တင်ပြရပါမည်။

ပြည်ပကော်ပိုရေးရှင်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို နိုင်ငံတော်အတွင်းခန့်အပ်ကြောင်း အကြောင်းကြားစာ (Notice of appointment of liquidator of overseas corporation in the Union)

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၅၅ (စ) (၂) အရ တရားရုံးသည် ပြည်ပကော်ပိုရေးရှင်း၏ မူလနိုင်ငံအတွက် တာဝန်ပေးထားသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် မှတ်ပုံတင်အရာရှိမှ လျှောက်ထားတင်ပြလာလျှင် ပြည်ပကော်ပိုရေးရှင်း၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိတစ်ဦးကို နိုင်ငံတော်အတွင်း ခန့်အပ်ပေးရမည်ဟု ပြဋ္ဌာန်းထားရာ ပြည်ပကော်ပိုရေးရှင်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို နိုင်ငံတော်အတွင်းခန့်အပ်ကြောင်းအကြောင်းကြားစာကို MyCO တွင် ပုံစံ င–၁၁ (E–11)ဖြင့် တင်ပြရပါမည်။

ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရန်အကြောင်းကြားစာ (Notice to remove an overseas corporation from Register following winding up)

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၅၅(င)အရ မှတ်ပုံတင်အရာရှိသည် အခန်း (၅) ပါပြဋ္ဌာန်းချက်များနှင့် အညီ တရားဝင်စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိက ပေးပို့သည့် အကြောင်းကြားစာကို လက်ခံရရှိပြီးနောက် ပြည်ပကော်ပိုရေးရှင်းအား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားရာ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် မှတ်ပုံတင်စာရင်းမှပယ်ဖျက်ရန် အကြောင်းကြားစာကို MyCO တွင် ပုံစံ င–၁၂ (E–12)ဖြင့် တင်ပြရပါမည်။

အထက်ပါ ပုံစံ ည၊ J– form များသည် လက်ရှိဖျက်သိမ်းရေးလုပ်နေသော ကုမ္ပဏီများကိုသာ အသုံးပြုရမည်ဖြစ်ပြီး လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေထွက်ရှိပြီးနောက်ပိုင်း MyCO တွင် ဖျက်သိမ်းလိုသော ကုမ္ပဏီများသည် လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေနှင့်အညီ MyCO တွင် အသစ်ထပ်မံဖော်ပြသွားမည့် ပုံစံများဖြင့်သာ ဖျက်သိမ်းရမည်ဖြစ်ပါသဖြင့် ထိုအချိန်တွင် ဖျက်သိမ်းလိုသည့် ကုမ္ပဏီများသည်ပုံစံ ည၊ J– form များကို အသုံးပြု၍ ရမည်မဟုတ်တော့ပါကြောင်း ကြိုတင်အသိပေးလိုပါသည်။ ။

ပုံစံ ည၊ J- form များသည် လက်ရှိဖျက်သိမ်းရေးလုပ်နေသော ကုမ္ပဏီများကိုသာ အသုံးပြုရမည်ဖြစ်ပြီး လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေထွက်ရှိပြီးနောက်ပိုင်း MyCO တွင် ဖျက်သိမ်းလိုသော ကုမ္ပဏီများသည် လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေနှင့်အညီ MyCO တွင် အသစ်ထပ်မံဖော်ပြသွားမည့် ပုံစံများဖြင့်သာ ဖျက်သိမ်းရမည်ဖြစ်ပါသဖြင့် ထိုအချိန်တွင် ဖျက်သိမ်းလိုသည့် ကုမ္ပဏီများသည် ပုံစံည၊ J- form များကို အသုံးပြု၍ ရမည်မဟုတ်တော့ပါကြောင်း။

မေ ၁၄ ရက်မှစ၍ ကိုရိုနာဗိုင်းရပ်စ် ကန့်သတ်ချက်အချို့ ဖြေလျှော့မည်ဟု နယူးဇီလန်ဝန်ကြီးချုပ် ဂျာစင်ဒါအာဒန် ပြော

ဝယ်လင်တန် မေ ၁၁

ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုတားဆီးရန် ချမှတ်ထားသည့် ကန့်သတ်ချက်များ ဖြေလျှော့နေသည့် နယူးဇီလန်နိုင်ငံက မေ ၁၄ ရက်မှစ၍ စားသောက်ဆိုင်များ၊ ကဖေးဆိုင်များ၊ ရုပ်ရှင်ရုံများ၊ ဈေးဝယ်စင်တာများအား ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်သလို နိုင်ငံအတွင်း ခရီးသွားလာခွင့်ကိုလည်း ခွင့်ပြုမည်ဟု ဝန်ကြီးချုပ် ဂျာစင်ဒါအာဒန်က ယနေ့ ပြောကြားလိုက်သည်။

စာသင်ကျောင်းများကို မေ ၁၈ ရက်၊ ဘားများကို မေ ၂၁ ရက်မှစ၍ ဖွင့်နိုင်ကြောင်း၊ လူ ၁၀ ဦးထက်ပို၍ မစုဝေးရန် ကန့်သတ်မည်ဖြစ်ကြောင်း အာဒန်က ပြောသည်။ ယနေ့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ သုံးဦးရှိကြောင်း နယူးဇီလန်နိုင်ငံက ထုတ်ပြန်ခဲ့စဉ် ယခုကဲ့သို့ ကြေညာခဲ့ခြင်းဖြစ်သည်။ ယနေ့တွေ့ရှိသည့် ကူးစက်ခံရသူ သုံးဦးအပါအဝင် နယူးဇီလန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၄၇ ဦးရှိပြီး ကူးစက်ခံရသူများ၏ ၉၃ ရာခိုင်နှုန်းမှာ ပြန်လည်သက်သာလာခဲ့ကြောင်း သိရသည်။

နယူးဇီလန်အစိုးရက မေ ၁၄ ရက်တွင် နှစ်စဉ်ထုတ်ပြန်နေကျ ဘတ်ဂျက်ကြေညာမည်ဖြစ်ပြီး နိုင်ငံက နှစ်ပေါင်းများစွာကြာ ဘဏ္ဍာရေးလိုငွေ ပြမည်ဖြစ်ကြောင်း၊ စီးပွားရေး ပံ့ပိုးမှု အစီအမံများကြောင့် ကြွေးမြီမှာ ယခင်ရည်မှန်းချက်များထက် မြင့်တက်လာမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။ နယူးဇီလန်နိုင်ငံကို အဆင့်လေးဆင့်ပါ ကန့်သတ်ချက်များဖြင့် အဝင်၊ အထွက်ပိတ်ပင်ခဲ့ပြီး ဧပြီ ၂၈ ရက်တွင် အဆင့်တစ်ဆင့် ဖြေလျှော့ခဲ့သည်။

နယူးဇီလန်နိုင်ငံတွင်ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများအပေါ် တင်းကျပ်သော လူမှုရေးဆိုင်ရာ အစီအမံများ ပြဋ္ဌာန်းခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို တားဆီးခဲ့သည်။

ကိုးကား-သည်စထရိတ်တိုင်းမ်
ဘာသာပြန်-ကျော်ထိုက်စိုး

ဂျပန်နိုင်ငံ၌ စီးပွားရေးလုပ်ငန်းတချို့ ပြန်လည်ဖွင့်လှစ်

တိုကျို မေ ၁၁

ဂျပန်နိုင်ငံအစိုးရသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် ချမှတ်ထားသည့် အရေးပေါ်အခြေအနေတစ်ရပ်ကို ယခုလကုန်မတိုင်မီ ပြန်လည်ဖြေလျှော့ပေးရေး အချိန်ယူစဉ်းစားလျက်ရှိသည့်အပြင် နိုင်ငံ၏ မြို့တချို့တွင်လည်း စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးရေး စတင်ဆောင်ရွက်လျက်ရှိသည်။

မြို့တော်တိုကျိုကို အရေးပေါ်အခြေအနေ ကြေညာချက်အောက်တွင် ဆက်လက်ထားရှိမည်ဖြစ်ပြီး မြို့ပေါင်း ၃၀ ကျော်တွင် ကန့်သတ်ချက်များကို ဖြေလျှော့ပေးရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။ ဂျပန်နိုင်ငံသည် တိုကျိုမြို့နှင့် အခြားသော မြို့ခြောက်မြို့ကို ဧပြီ ၇ ရက်က အရေးပေါ်အခြေအနေ ကြေညာခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေ ကြေညာခဲ့ခြင်းဖြစ်သည်။

အရေးပေါ်အခြေအနေ ဖြေလျှော့ပေး

ဂျပန်နိုင်ငံ အစိုးရသည် မေ ၁၄ ရက်တွင် ပြုလုပ်မည့် ကျွမ်းကျင်သူများအဖွဲ့နှင့် အစည်းအဝေးတွင် မြို့တချို့၌ အရေးပေါ်အခြေအနေ ဖြေလျှော့ပေးရေး ဆွေးနွေးရန် စီစဉ်လျက်ရှိပြီး ယနေ့ နံနက်ပိုင်းတွင် ခရီးသွားလာမှုအများဆုံးနေရာတွေထဲက တစ်ခုအပါအဝင်ဖြစ်သည့် ရှင်ဂျူကူဘူတာရုံအနီးလမ်းများ၌ ယခင်ရက်ပိုင်းကထက် လူအများအပြားမြင်တွေ့လာရသည်။

ဂျပန်နိုင်ငံအလယ်ပိုင်းရှိ ဖူကူအီမြို့တွင် ကိုရိုနာဗိုင်းရပ်စ်ထပ်မံကူးစက်ခံရသူမရှိသည်မှာ ၁၀ ရက်ကျော်သွားပြီဖြစ်ပြီး လက်ရှိတွင် နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၅၀၀၀ ကျော်ရှိကြောင်းနှင့် သေဆုံးသူအရေအတွက်သည်လည်း ၆၃၀ ကျော်ရှိကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်

ရုရှားနိုင်ငံ သက်ကြီးစောင့်ရှောက်ရေးဂေဟာ၌ မီးလောင်သေဆုံးသူ ၁၀ ဦးအထိ ရှိလာ

မော်စကို မေ ၁၁

ရုရှားနိုင်ငံအနောက်ပိုင်း သက်ကြီးစောင့်ရှောက်ရေးဂေဟာတစ်ခု မီးလောင်ကျွမ်းမှုတွင် သေဆုံးသူအရေအတွက်မှာ ၁၀ ဦးအထိ ရှိလာခဲ့ကြောင်း အရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

"မီးလောင်ကျွမ်းမှုကြောင့် လူ ၁၀ ဦး သေဆုံးခဲ့ပါတယ်" ဟု အဆိုပါ တာဝန်ရှိသူအား ကိုးကား၍ တက်စ်သတင်းဌာနက ဖော်ပြခဲ့သည်။ မော်စကိုမြို့တော် ခရာစနိုဂေါ်စ်ခရိုင်တွင် တည်ရှိသော သက်ကြီးစောင့်ရှောက်ရေးဂေဟာတစ်ခု၌ မီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ မီးသတ်တပ်ဖွဲ့ဝင်များက ဒေသစံတော်ချိန် ည ၁၂ နာရီခန့်တွင် အချက်ပေးမှုတစ်ခုရရှိခဲ့ပြီး ပထမဆုံးသော မီးသတ်တပ်ဖွဲ့က ၁၂ မိနစ်အတွင်း မီးလောင်ကျွမ်းရာနေရာသို့ ရောက်ရှိခဲ့သည်။ နံနက် ၁ နာရီ ၉ မိနစ်တွင် မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ခဲ့ပြီး မီးလောင်ဧရိယာမှာ ၁၅ စတုရန်းမီတာရှိကြောင်း ၎င်းက ဆိုသည်။

မီးလောင်မှုဖြစ်ပွားချိန်တွင် သက်ကြီးစောင့်ရှောက်ရေးဂေဟာ၌ ဝန်ထမ်းရှစ်ဦးအပါအဝင် လူ ၃၇ ဦးရှိခဲ့ကြောင်း သိရသည်။ မီးလောင်မှုမှာ ဘွိုင်လာခန်းရှိ လောင်စာငွေ့ပေါက်ကွဲမှုကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သက်ကြီးစောင့်ရှောက်ရေးဂေဟာရှိရာ အဆောက်အအုံမှာ အသုံးပြုရန် သင့်တော်မှုမရှိဟု ကနဦးသတင်းများက ဖော်ပြခဲ့သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

ဆေးဘက်ဆိုင်ရာဝန်ထမ်းများအပေါ် ကျူးလွန်သည့်ပြစ်မှုများကို လုံးဝသည်းခံမည်မဟုတ်ဟု တရုတ်တရားရုံးချုပ်က ထပ်မံပြောကြား

ပေကျင်း မေ ၁၁

ဆေးဝန်ထမ်းများအပေါ် ကျူးလွန်သည့် မှုခင်းများနှင့်ပတ်သက်၍ တရုတ်တရားရုံးများက ၂၀၁၉ ခုနှစ်နောက်ပိုင်း အပြီးအပြတ်ဆုံးဖြတ်ခဲ့သည့် အမှုရှစ်ခုကို ပြည်သူ့တရားရုံးချုပ်က မေ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို အပြစ်ပေးရန်အလုပ်သည် အလွန်အရေးပါသည်ဟု ပြည်သူ့တရားရုံးများက အမြဲခံယူကြောင်း၊ အဆိုပါအမှုရှစ်မှုဆိုင်ရာ စီရင်ချက်များသည် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအား ကျူးလွန်သည့် ပြစ်မှုများနှင့်ပတ်သက်၍ တရားရေးကဏ္ဍ၏ လုံးဝသည်းမခံသည့် သဘောထားကို ပြသခြင်းဖြစ်သည်ဟု မှတ်ယူသင့်ကြောင်း ပြည်သူ့တရားရုံးချုပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ပြည်သူ့တရားရုံးချုပ်က ထုတ်ပြန်သည့် ၎င်းအမှုများအနက် လူသိများထင်ရှားသည့် အမှုဖြစ်သည့် ပေကျင်းဆေးရုံတွင် ဆရာဝန်တစ်ဦးကို ဆန်ဝန်ဘင် ဆိုသူအမျိုးသားက ဓားဖြင့်ထိုးသတ်ခဲ့သည့်အမှု ပါဝင်သည်။ ဆန်ဝန်ဘင်၏ မိခင်သည် ယင်းဆေးရုံတွင် ဆေးကုသနေစဉ် ယင်းအမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဆန်ဝန်ဘင်ကို သေဒဏ်အမိန့် ချမှတ်ခဲ့သည်။

၂၀၁၉ ခုနှစ်နှင့် ယခုနှစ် ဧပြီလအကြား ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများကို တိုက်ခိုက်သည့်အမှုများ၊ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများ၏လုပ်ငန်းကို ဆိုးဆိုးရွားရွား နှောင့်ယှက်သည့်အမှုများနှင့်ပတ်သက်သည့် အမှု ၁၅၉ မှုကို ရုံးတင်စစ်ဆေးမှုများ အပြီးသတ်ဆောင်ရွက်ခဲ့ကြောင်း ပြည်သူ့တရားရုံးချုပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ ယင်းအမှုများနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ ၁၈၉ ဦးကို ထောင်ဒဏ်များ ချမှတ်ခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ဇော်လင်း

တောင်ကိုရီးယားက ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးအတွက် အမေရိကန်သို့ နှာခေါင်းစည်း နှစ်သန်း ပေးပို့

ဆိုးလ် မေ ၁၁

ကိုရိုနာဗိုင်းရပ်စ် တားဆီးကာကွယ်ရေးအတွက် အရေးပေါ်အကူအညီအဖြစ် တောင်ကိုရီးယားနိုင်ငံက အမေရိကန်နိုင်ငံသို့ နှာခေါင်းစည်း နှစ်သန်း ပေးပို့ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

မတ် ၂၄ ရက်က တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့အကြား ဖုန်းဖြင့်ဆွေးနွေးမှုအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရာတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီးနောက် ယခုကဲ့သို့ နှာခေါင်းစည်းများ ထောက်ပံ့ခြင်းဖြစ်သည်။ နှာခေါင်းစည်းများ သယ်ဆောင်လာသည့် အမေရိကန်ကုန်တင်လေယာဉ်တစ်စင်းမှာ ယနေ့ အမေရိကန်နိုင်ငံသို့ ရောက်ရှိမည်ဟု ဝန်ကြီးဌာနက ဆိုသည်။ နှာခေါင်းစည်းများကို ကိုရိုနာဗိုင်းရပ်စ် တားဆီးကာကွယ်ရေး ရှေ့တန်းမျက်နှာစာမှ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများသို့ ဖြန့်ဖြူးပေးမည်ဖြစ်သည်။

"တောင်ကိုရီးယားနဲ့ အမေရိကန်နိုင်ငံက ဒီပံ့ပိုးမှုက တစ်ဆင့် ကိုဗစ်-၁၉ ရောဂါ စိန်ခေါ်မှုကို မြန်မြန်ဆန်ဆန်ကျော်လွှားပြီး ဒီလို နှာခေါင်းစည်းတွေ ထောက်ပံ့မှုက တောင်ကိုရီးယားနိုင်ငံရဲ့ ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးအတွေ့အကြုံကို နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ မျှဝေရာမှာ အထောက်အကူပြုနိုင်ပါတယ်" ဟု ဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ တောင်ကိုရီးယားနိုင်ငံက အမေရိကန်နိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခဲ့ခြင်းမှာ ပထမဆုံးအကြိမ် မဟုတ်ပေ။

၂၀၀၅ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ ကတ်ထရီနာဟာရီကိန်းမုန်တိုင်း တိုက်ခတ်ချိန်တွင် တောင်ကိုရီးယားနိုင်ငံက ဒေါ်လာငါးသန်း ထောက်ပံ့ခဲ့သည့်အပြင် ၂၀၁၇ ခုနှစ်တွင် ဟာဗေးနှင့် အိုင်မာမုန်တိုင်းများ တိုက်ခတ်ချိန်တွင် ဒေါ်လာ နှစ်သန်း ကူညီခဲ့သည်။

ကိုးကား-ယွန်ဟပ်၊ ဘာသာပြန်-ကျော်ထိုက်စိုး

ကိုရိုနာဗိုင်းရပ်စ် နေ့စဉ်ကူးစက်ခံရသူ စံချိန်တင်မြင့်တက်လာသဖြင့် သမ္မတ ပူတင် မိန့်ခွန်းပြောမည်

မော်စကို မေ ၁၁

ကိုရိုနာဗိုင်းရပ်စ် နေ့စဉ်ကူးစက်ခံရသူ အရေအတွက် စံချိန်တင်မြင့်တက်ခဲ့ပြီး သေဆုံးသူအရေအတွက် ၂၀၀၀ ကျော်သို့ ရောက်ရှိလာသဖြင့် ရုရှားသမ္မတ ဗလာဒီမာ ပူတင်က ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ ကာကွယ်တားဆီးရေးဆိုင်ရာ မိန့်ခွန်းတစ်ရပ် ယနေ့ ပြောကြားမည်ဖြစ်သည်။

သမ္မတပူတင်သည် ရုရှားနိုင်ငံ၏ စီးပွားရေးကို ထောက်ခံအားပေးရန် အစီအမံများနှင့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုနှင့်ပတ်သက်၍ မိန့်ခွန်း ပြောကြားမည်ဖြစ်ကြောင်း အစိုးရက ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။ မေ ၁၂ ရက်တွင် စတင်ဖြေလျှော့ပေးဖွယ်ရှိသည့် နိုင်ငံတစ်ဝန်း အသွားအလာ တားမြစ်ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်တစ်ရပ်ကို သမ္မတ ပူတင်က ကြေညာလိမ့်မည်ဟု မျှော်လင့်ရသည်။

ရုရှားအစိုးရက လွှင့်တင်ထားသည့် ကိုရိုနာဗိုင်းရပ်စ် အချက်အလက်ဆိုင်ရာ တရားဝင်ဝက်ဘ်ဆိုက်တွင် ဖော်ပြချက်အရ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရကြောင်း စမ်းသပ်တွေ့ရှိခဲ့သူ ၁၁၆၅၆ ဦးရှိသဖြင့် ယခုအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၂၁၃၄၄ ဦး ရှိပြီဖြစ်သည်။

ယခုအချိန်အထိ လူပေါင်း ၅ ဒသမ ၆ သန်းကို ဗိုင်းရပ်စ် စမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ပိုးရှိသူ လူနာ ထက်ဝက်နီးပါးသည် ရောဂါလက္ခဏာမပြကြောင်း ရုရှား တာဝန်ရှိသူများက ပြောကြားသည်။

ဗိုင်းရပ်စ်ကူးစက်ခံရသူလူနာအများစုသည် မော်စကိုမြို့နှင့် ဝန်းကျင်ဒေသတွင်ဖြစ်ပြီး အချို့ဒေသများသည် စီးပွားရေးကို ဆိုးဆိုးရွားရွား ထိခိုက်စေသည့် အသွားအလာ တားမြစ်ကန့်သတ်မှုများကို ဖြေလျှော့ပေးရန် စတင်နေကြပြီဖြစ်သည်။

မော်စကိုမြို့ရှိ စက်မှုလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင် အချို့သည် လုပ်ငန်းစတင်နိုင်ပြီဖြစ်ကြောင်း၊ သို့သော်လည်း နှာခေါင်းစည်းများနှင့် လက်အိတ်များကို မေ ၁၂ ရက်မှစ၍ မဖြစ်မနေ ဝတ်ရမည်ဖြစ်ကြောင်း မြို့တော်ဝန်က ကြေညာချက် ထုတ်ပြန်ထားသည်။

ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - အောင်ဇော်လင်း



အီရန်ရေတပ် စစ်ရေးလေ့ကျင့်စဉ် မတော်တဆမှုကြောင့် တပ်ဖွဲ့ဝင် ၁၉ ဦးသေဆုံး

တီဟီရန် မေ ၁၁

အီရန်နိုင်ငံတောင်ဘက် ဂျာ့စ်ခ်ဆိပ်ကမ်းအနီး အီရန်ရေပိုင်နက်တွင် ရေကြောင်းစစ်ရေးလေ့ကျင့်မှုတစ်ခုလုပ်ဆောင်စဉ် ကိုနရာ့ခ်အမည်ရှိ ထောက်ပို့ရေးသင်္ဘောတစ်စင်းကို ဒုံးကျည်ဖြင့် မတော်တဆပစ်ခတ်ခဲ့မိ၍ အီရန်ရေတပ်မှ တပ်ဖွဲ့ဝင် ၁၉ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အီရန် သတင်းအေဂျင်စီက ယနေ့ ဖော်ပြထားသည်။

နိုင်ငံ၏တောင်ဘက် အိုမန်ပင်လယ်အတွင်း ဂျာ့စ်ခ်ဆိပ်ကမ်းအနီးတွင် ပြုလုပ်သော အီရန်ရေတပ်၏ စစ်ရေးလေ့ကျင့်မှုအတောအတွင်း အီရန်တပ်ဖွဲ့ဝင်များအား တင်ဆောင်လာသော အီရန်စစ်သင်္ဘောကို ယမန်နေ့ညနေပိုင်းက ဒုံးကျည်ဖြင့် မတော်တဆပစ်ခတ်ခဲ့ရာ အီရန် ရေတပ်မှ တပ်ဖွဲ့ဝင် ၁၉ ဦးထက်မနည်းသေဆုံးကာ ကျန် ၁၅ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။

မတော်တဆပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် အဆိုပါသင်္ဘောကို စက်ပိုင်းဆိုင်ရာ စမ်းသပ်စစ်ဆေးမှုများ ထပ်မံပြုလုပ်ရန်အတွက် ဆိပ်ကမ်းသို့ ဆွဲယူသွားကြောင်း သိရသည်။ ဒဏ်ရာရရှိသူများကို ဒေသဆိုင်ရာဆေးရုံများသို့ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကြောင်း သိရသည်။

မတော်တဆပစ်ခတ်မှုကြောင့် အီရန်ရေတပ်၏ ကိုနရာ့ခ် ထောက်ပို့ရေးသင်္ဘောကို ထိခိုက်သွားခြင်းဖြစ်ကြောင်း၊ ရေတပ်ဆိုင်ရာ စစ်ရေးလေ့ကျင့်မှုအတောအတွင်း အီရန်ရေတပ်က ဂျာမာရန်အမည်ရှိ အမြန်စစ်သင်္ဘောပေါ်မှတစ်ဆင့် သင်္ဘောဖျက်ဒုံးကျည်သစ် တစ်စင်းကို စမ်းသပ်ပစ်လွှတ်စဉ် အဆိုပါ ထောက်ပို့ရေးသင်္ဘောကို မတော်တဆ ပစ်မိခြင်းဖြစ်ကြောင်း တရားဝင်မဟုတ်သော ဒေသဆိုင်ရာမီဒီယာ များက သတင်းဖော်ပြထားသည်။

အခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိရာ နောက်ထပ် အသေးစိတ်အချက်အလက်များကို မကြာမီ ဆက်လက်ကြေညာသွားမည်ဖြစ်ကြောင်း အီရန်တပ်မတော်မှ ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

ဂျပန်နိုင်ငံရှိ ဒေသအများအပြားတွင် နေ့အပူချိန်များမြင့်တက်

တိုကျို မေ ၁၁

ဂျပန်နိုင်ငံရှိ ဒေသအများအပြားတွင် ယနေ့တိုင်းတာချက်များအရ နေ့အပူချိန်သည် ၃၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

မေ ၁၂ ရက်တွင်လည်း အပူချိန်ဆက်လက်မြင့်တက်လာနိုင်ဖွယ်ရှိသည်။ တိုကျိုမြို့တော်၏ အနောက်ဘက် ကိုဖူမြို့နှင့် မြောက်ဘက် ကီရာယူမြို့များ၏ နေ့အပူချိန်သည် ၃၃ ဒသမ ၄ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

တိုကျိုမြို့အလယ်ပိုင်းတွင် နေ့အပူချိန် ၂၈ ဒသမ ၁ ဒီဂရီစင်တီဂရိတ်ရှိပြီး အဆိုပါအပူချိန် မြင့်တက်မှုနှုန်းသည် နှစ်စဉ် ဇူလိုင်လအစောပိုင်းအပူချိန်မြင့်တက်မှုနှုန်းနှင့် တူညီမှုရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒပညာရှင်များက ထောက်ပြခဲ့သည်။

ထို့ပြင် ဂျပန်နိုင်ငံ၏ ဒေသအများအပြားတွင် အပူချိန် ၂၉ ဒီဂရီစင်တီဂရိတ်အထိ ဆက်လက်မြင့်တက်နိုင်ဖွယ်ရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒပညာရှင်များက ဆိုသည်။ တိုကျိုမြို့အလယ်ပိုင်းနှင့် အိုဆာကာမြို့များတွင် အပူချိန် ၂၇ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာနိုင်သည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ပျံ့နှံ့နေစဉ်တွင် ပြည်သူများအနေဖြင့် နေအိမ်များတွင် နေထိုင်သော်လည်း အပူချိန်မြင့်တက်မှုများကြောင့် အပူလျှပ်ခြင်းများခံစားနိုင်သည့်အတွက် ကျန်းမာရေး သတိပေးချက်များကို လိုက်နာကြရန် တာဝန်ရှိသူများက အကြံပြုပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

တရုတ်နိုင်ငံက ကျေးလက်ဒေသများတွင် ဒစ်ဂျစ်တယ်နည်းပညာတိုးတက်ရေးဆောင်ရွက်

ပေကျင်း မေ ၁၁

တရုတ်နိုင်ငံရှိ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရန် တရုတ်နိုင်ငံမှ တာဝန်ရှိသူများက စည်းမျဉ်းများ ချမှတ်ခဲ့သည်။ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနလေးခုက ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သော အထက်ပါစည်းမျဉ်းများတွင် သတင်းအချက်အလက်နည်းပညာကို အသုံးပြုပြီး ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ရေးနှင့် ကျေးလက်ဒေသ လူမှုစီးပွားဘဝမြှင့်တင်မှုများ ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ နည်းပညာမြှင့်တင်ရေးအစီအစဉ်တွင် အသိဉာဏ်တုနည်းပညာအသုံးပြုခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့်ပတ်သက်သည့် အချက်များနှင့် ရွှေ့ပြောင်းလုပ်သားများအား စိုက်ပျိုးရေးလုပ်ငန်းများတွင် စုဆောင်းခြင်းလုပ်ငန်းတို့နှင့် စပ်လျဉ်းသည့်အချက်အလက်များကို ဖော်ပြထားသည်။ ထို့အပြင် ကျေးလက်ဒေသများတွင် မိုဘိုင်းဖုန်းကွန်ရက်များ တည်ဆောက်ခြင်း၊ စာသင်ကျောင်းများအတွက် အင်တာနက်လိုင်းများ ချိတ်ဆက်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

အင်ဒိုနီးရှား ရေနံတင်သင်္ဘောပေါ်တွင် မီးလောင်မှုဖြစ်ပွား၊ လူအများအပြား ပျောက်ဆုံးလျက်ရှိ

ဂျကာတာ မေ ၁၁

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူမတြားပြည်နယ် ဘီလာဝန်ဆိပ်ကမ်းရှိ ဝါရူနာသင်္ဘောကျင်းတစ်ခု၌ မေ ၁၁ ရက် နံနက်ပိုင်းက ဆိုက်ကပ်ထားသော ရေနံတင်သင်္ဘောတစ်စင်းပေါ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းကြောင့် လူအများအပြား ဒဏ်ရာရရှိခဲ့ပြီး အဆိုပါ ဒဏ်ရာရရှိသူများအား ဆေးကုသမှုခံယူရန် ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် သင်္ဘောပေါ်ရှိ အလုပ်သမားအများအပြား ပျောက်ဆုံးနေသဖြင့် သင်္ဘောပေါ်၌ ပိတ်မိနိုင်ဖွယ်ရှိသည်ဟု တာဝန်ရှိသူများကဆိုသည်။

ဒေသဆိုင်ရာ တာဝန်ရှိသူများသည် အဆိုပါ မီးလောင်မှုကို ငြိမ်းသတ်ရန် မီးသတ်ယာဉ် ခြောက်စီးနှင့် ဆွဲသင်္ဘောသုံးစင်းကို အခင်းဖြစ်ပွားသည့်နေရာတွင် ဖြန့်ကြက်ထားကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၏ သင်္ဘောထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် ပီတီဝါရူနာနူဆာဆင်တနာ ကုမ္ပဏီသည် အဆိုပါ ရေနံတင်သင်္ဘောကို ၁၉၉၉ ခုနှစ်က တည်ဆောက်ခဲ့ပြီး ယခုအခါ သက်တမ်းရင့်လာသည့်အတွက် သင်္ဘော၏ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်များကိုပြုပြင်ရန် သင်္ဘောကျင်းတစ်ခုသို့ ဆိုက်ကပ်စဉ် ယခုကဲ့သို့ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို လူသားများဖြင့် ဇူလိုင်လတွင် စတင်စမ်းသပ်မည်

တိုကျို မေ ၁၁

ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကာကွယ်ဆေးများကို လူသားများဖြင့် ဇူလိုင်လအစောပိုင်းတွင် စတင်စမ်းသပ်တော့မည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ယနေ့ပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သော အောက်လွှတ်တော် ဘဏ္ဍာရေးကော်မတီ အစည်းအဝေးတွင် ဗိုင်းရပ်စ်ကာကွယ်ဆေးများကို လူဖြင့် စမ်းသပ်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါဗိုင်းရပ်စ်ကာကွယ်ဆေးများကို အမေရိကန်နိုင်ငံတွင် လူသားများဖြင့် စမ်းသပ်စစ်ဆေးလျက်ရှိကြောင်း ဝန်ကြီးချုပ် အာဘေးက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံရှိ တိုကျိုတက္ကသိုလ်၊ အိုဆာကာတက္ကသိုလ်၊ အမျိုးသားကူးစက်ရောဂါအင်စတီကျုတို့အပါအဝင် အင်စတီကျုအများအပြား၌ ဗိုင်းရပ်စ်ကာကွယ်ဆေးများကို စမ်းသပ်ထုတ်လုပ်လျက်ရှိကြောင်း ဝန်ကြီးချုပ် အာဘေးက ဆိုသည်။

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးအတွက် တုတ်ကွေးရောဂါကာကွယ်ဆေး အေဗီဂန်ဆေးသည် ထိရောက်မှုအရှိဆုံးဖြစ်မည်ဟု ဂျပန်အစိုးရအဖွဲ့အနေဖြင့် ယုံကြည်ကြောင်း ဝန်ကြီးချုပ် အာဘေးက ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

ဆိုးလ်မြို့မှ ညကပွဲရုံနှင့် ဆက်နွယ်သည့် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၆ ဦးထိ ရှိလာ

ဆိုးလ် မေ ၁၁

တောင်ကိုရီးယားနိုင်ငံဆိုးလ်မြို့ရှိ ညကပွဲရုံတစ်ရုံနှင့် ဆက်နွယ်ဖြစ်ပွားသည့် လူအစုအပြုံလိုက် ဗိုင်းရပ်စ်ကူးစက်မှုတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေမှာ ၈၆ ဦးအထိ ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

အဆိုပါ လူအစုအပြုံလိုက် ရောဂါကူးစက်ခံရမှုသည် ယခုရက်သတ္တပတ်အတွင်း ဖွင့်လှစ်ရန် စီစဉ်ထားသည့် တောင်ကိုရီးယား ပညာရေးဝန်ကြီးဌာန၏ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်မည့် အစီအစဉ်အား ရွှေ့ဆိုင်းထားရန် ဦးတည်စေခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ လေးရက်ကြာ အမျိုးသားအားလပ်ရက်သတ်မှတ်ကာလအတွင်း၌ မြို့တော်ဆိုးလ်ရှိ အီတေးဝန်ဒေသရှိ ညကပွဲရုံတစ်ရုံ၌ မေ ၂ ရက်တွင် လာရောက်စုဝေးကြသည့် ဧည့်သည်များအလယ်တွင် ကိုရိုနာဗိုင်းရပ်စ် ထပ်မံပိုးကူးစက်ဖြစ်ပွားမှု ရုတ်တရက်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ညကပွဲရုံသို့ လာရောက်ခဲ့ကြသူများနှင့် ၎င်းတို့၏ ဆွေမျိုးတော်စပ်သူများ၊ မိတ်ဆွေများအား ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း၊ ၎င်းတို့အထဲတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှု ဖြစ်ပေါ်ခဲ့သည့် တောင်ကိုရီးယားနိုင်ငံ ချီကွမ်မြောက်ပိုင်းပြည်နယ်နှင့် ဂျေဂျူးကျွန်းဒေသမှ ပြည်သူများလည်း ပါဝင်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိများက သတင်းထောက်များအား ယနေ့ ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်နေကြောင်း အတည်ပြုခံခဲ့ရသူများအနက် ၃၀ ရာခိုင်နှုန်းခန့်သည် ရောဂါလက္ခဏာပြသခြင်းမရှိဟု တောင်ကိုရီးယား ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - ဇော်ဝင်း

ကိုဗစ်-၁၉ ထိန်းချုပ်ရာတွင် လမ်းကြောင်းမှန်ပေါ်သို့ သီရိလင်္ကာရောက်ရှိဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား

ကိုလံဘို မေ ၁၁

သီရိလင်္ကာနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ခြေရာခံခြင်း၊ စမ်းသပ်စစ်ဆေးခြင်း၊ သီးသန့်ခွဲထားခြင်းနှင့် ကုသမှုဆိုင်ရာ မဟာဗျူဟာများကို တိုးမြှင့်လုပ်ဆောင်ခဲ့သည့်အတွက် ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်ရာတွင် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယနေ့တွင်ထုတ်ပြန်သည့် ကြေညာချက်တစ်စောင်တွင် ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ခံရသူများနှင့် ဆက်နွယ်မှုရှိသူများကို စမ်းသပ်စစ်ဆေးမှုများ တိုးမြှင့်ဆောင်ရွက်ခြင်းကလည်း ကူးစက်ရောဂါ မပြန့်ပွားစေရေးကို ဦးဆောင်ဦးရွက်ပြုခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုများသည် သီရိလင်္ကာနိုင်ငံအတွင်း အဓိကဦးစားပေးအဖြစ် ဆက်လက်ထားရှိရမည့်ကိစ္စဖြစ်ကြောင်းလည်း ယင်းအဖွဲ့က ပြောကြားသည်။ သီရိလင်္ကာနိုင်ငံသည် လက်ရှိတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၈၅၀ ကျော်နှင့် သေဆုံးသူ ကိုးဦးရှိပြီး ၃၀၀ ကျော်မှာ ရောဂါမှ ပြန်လည်သက်သာသွားပြီဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် သီရိလင်္ကာနိုင်ငံတွင် မတ် ၂၀ ရက်မှ စတင်ကာ ညမထွက်ရအမိန့် ထုတ်ပြန်ပြီးနောက်ပိုင်း တစ်လကျော်ကြာ ပိတ်ထားခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို ယနေ့ ဖွင့်လှစ်ခွင့်ပေးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

တရုတ်နိုင်ငံ ကျီလင်းနှင့် ဝူဟန်မြို့များ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူများ ထပ်မံတွေ့ရှိ

ပေကျင်း မေ ၁၁

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ကျီလင်းပြည်နယ်၏ ဒေသတစ်ခု၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုအန္တရာယ် မြင့်တက်နေခြင်းကြောင့် အသိပေးမှုအဆင့်ကို မြှင့်တင်ထားကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။ ယင်းဒေသတွင် ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁ ဦးရှိခဲ့ပြီးနောက် ယင်းသို့ သတိပေးမှုအဆင့်ကို မြှင့်တင်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံတွင်း၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုဖြစ်စေသည့် အခြေခံအကြောင်းများသည် ထိန်းချုပ်မှုအောက်တွင် ရှိနေပြီဖြစ်ကြောင်း တရုတ်အစိုးရက ပြောကြားခဲ့သည်။

ကျီလင်းမြို့တွင် အသက် ၄၅ နှစ်အရွယ် အမျိုးသမီးတစ်ဦး ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံရမှုကို မေ ၇ ရက်တွင် စမ်းသပ်တွေ့ရှိပြီးနောက် တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ကျီလင်းပြည်နယ်တွင် ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ဖြစ်ပွားမှု ဖြစ်ပေါ်ခဲ့သည်ဟု အတည်ပြု ပြောကြားသည်။

ယင်းအမျိုးသမီးအပါအဝင် ၎င်း၏ ဆွေမျိုးများနှင့် ရင်းနှီးကျွမ်းဝင်သူ ၁၁ ဦး၌ ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရကြောင်း ပြည်နယ်တာဝန်ရှိသူများက ပြောကြားသည်။

ကျီလင်းပြည်နယ်၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ထပ်မံဖြစ်ပေါ်ရသည့် အကြောင်းရင်းကို ပြည်နယ်တာဝန်ရှိသူက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ထို့အပြင် တရုတ်နိုင်ငံ ဝူဟန်မြို့၌လည်း မေ ၁၁ ရက်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ငါးဦး ထပ်မံတွေ့ရှိခဲ့ပြီး အဆိုပါ တွေ့ရှိမှုသည် ဧပြီ ၃ ရက်နောက်ပိုင်း ပထမဆုံး အကြိမ်တွေ့ရှိခြင်း ဖြစ်သည်။

ကျီလင်းနှင့် ဝူဟန်မြို့များသည် တရုတ်တစ်နိုင်ငံလုံးတွင် ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးထပ်မံကူးစက်မှု ဖြစ်ပေါ်သည့် ဒေသများဖြစ်ကြသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - ဇော်ဝင်း

လာအိုနိုင်ငံတွင် ၂၉ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ထပ်မံတွေ့ရှိခြင်းမရှိ

ဗီယင်ကျန်း မေ ၁၁

လက်ရှိအချိန်တွင် လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၉ ဦးရှိရာ ၂၉ ရက်အတွင်း ရောဂါကူးစက်ခံရသူ ထပ်မံတွေ့ရှိခြင်းမရှိကြောင်း လာအိုအစိုးရက ယနေ့ပြောကြားသည်။

လာအိုအစိုးရသည် သံသယရှိသူ ၃၆၀ ကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ နောက်ထပ် စမ်းသပ်စစ်ဆေးခဲ့ရာ သံသယလူနာအားလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကင်းစင်သောကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဟု အတည်ပြုလူနာမှာ ၁၉ ဦးသာရှိကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖောင်သွန်းမီအောင်ပေါ့ခ်က မြို့တော်ဗီယင်ကျန်းတွင် ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ထည့်သွင်းပြောကြားခဲ့သည်။

လာအိုအစိုးရသည် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ သံသယရှိသူများအတွက် သီးခြားစောင့်ကြည့်ရေးစင်တာ ၆၀ ခုကို စီစဉ်ပေးထားပြီး ယင်းစင်တာများတွင် ကိုဗစ်-၁၉ ရောဂါ သံသယရှိသူ ၁၆၁၆ ဦးကို သီးခြားစောင့်ကြည့်လျက်ရှိကြောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ အမျိုးသားလုပ်ငန်းအင်အားစုကော်မတီမှ ယမန်နေ့က ကြေညာခဲ့သည်။

လာအိုနိုင်ငံတွင် ပထမဆုံး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ နှစ်ဦးကို မတ် ၂၄ ရက်က စမ်းသပ်တွေ့ရှိခဲ့ပြီး ထိုအချိန်မှစ၍ ယမန်နေ့အထိ လူ ၃၅၄၇ ဦး၏ နမူနာကို ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ရာ ၎င်းတို့အနက် ၁၉ ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သို့သော် ရောဂါကူးစက်ခံရသူ ၁၉ ဦးအနက် ၁၃ ဦးသည် ကျန်းမာရေး ပြန်လည်ကောင်းမွန်ခဲ့ပြီး ကျန် ခြောက်ဦးသည် မြို့တော်ဗီယင်ကျန်းရှိ သတ်မှတ်ထားသည့် ဆေးရုံတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကြကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်း(၄) ဦးမင်းမင်းလတ်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

နေပြည်တော် မေ ၁၁
တောင်တွင်းကြီးမြို့နယ်အတွင်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းများလုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ရရှိရေး လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ ငွေကြေးပေးအပ်ခဲ့ရခြင်းအပေါ် အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်း(၄) ဦးမင်းမင်းလတ်သည် တောင်တွင်းကြီးမြို့နယ်အတွင်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းများလုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ရရှိရေးလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူများထံမှ စုစုပေါင်း ငွေကျပ် ၂,၂၂၀,၀၀၀ ကို တံစိုးလက်ဆောင်အဖြစ် လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့မရဲစခန်း၌ မေ ၁၁ ရက်တွင် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

သတင်းစဉ်

ဝင်းသိမ့်၊ မမာဘောက်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မြစ်ကြီးနားနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၁
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၄ နာရီခွဲတွင် မြစ်ကြီးနားမြို့ ရောရပ်ကွက်၌ ဝင်းသိမ့်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၊ ဘိန်းဖြူ သုည ဒသမ ၂ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက်နေ မမာဘောက်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအား လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ဒေင်ကျေးရွာအထွက် ဝမ်ကျောက်လုံ-ပန်စလီကျေးရွာသွားလမ်းတွင် အိုက်အေး(ခ)အိုက်မြောင် မောင်းနှင်ပြီး ကျော်ဦး(ခ) အိုက်မိုင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ငှက်ပျောသီးတင်ယာဉ် အရှိန်လွန်တိမ်းမှောက်

ဆဒုံး မေ ၁၁
ကချင်ပြည်နယ် ဆဒုံးမြို့ ဝိုင်းမော်- ဆဒုံး- ကန်ပိုက်တည် ကားလမ်းပေါ်တွင် ယနေ့ နံနက် ၉ နာရီခွဲခန့်က ဝိုင်းမော်မှ ဆဒုံးသို့ ငှက်ပျောသီးများအပြည့်တင်ဆောင်ပြီး ယာဉ်မောင်း ဦးဇော်မင်းထွန်း မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်သည် မိုင်တိုင်အမှတ်(၃၉/၄၀)ကြား အကွေ့၌ အရှိန်လွန်ကာ လမ်းဘယ်ဘက်ခြမ်းသို့ တိမ်းမှောက်ခဲ့ပြီး ယာဉ်မောင်းမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ကျော်နိုင်ဌေး(ပြန်/ဆက်)

မင်းကင်းမြို့နယ်၌ ညမထွက်ရအမိန့်မလိုက်နာသူ ခြောက်ဦးအား အရေးယူ

မင်းကင်း မေ ၁၁
စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်တရားရုံးက ညမထွက်ရအမိန့် မလိုက်နာသူ ခြောက်ဦးကို ယနေ့ အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ညမထွက်ရအမိန့် မလိုက်နာသူ ခြောက်ဦးအား မင်းကင်းမြို့နယ်တရားရုံးက ငါးဦးကို ထောင်ဒဏ် သုံးလစီနှင့် အသက်မပြည့်သေးသူ တစ်ဦးကို ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အမှုအမှတ် ၂/၂၀၂၀ ဖြင့် ဒဏ်ငွေ ကျပ်တစ်သိန်း အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

မင်းကင်းမြို့တွင် ညမထွက်ရအမိန့် မလိုက်နာသူ ခြောက်ဦးကို မေ ၉ ရက် ညပိုင်းက လေးဦးနှင့် ယမန်နေ့ ညပိုင်းက နှစ်ဦးတို့အား ညမထွက်ရအမိန့် မလိုက်နာသည့်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးက တရားလိုပြုလုပ်၍ အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ဒီးမော့ဆိုမြို့နယ်တွင် မိုးကြိုးထိမှန်၍ အမျိုးသမီးနှစ်ဦး သေဆုံး

ဒီးမော့ဆို မေ ၁၁
ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာအုပ်စု ညောင်ကုန်းစိုက်ကွင်းတွင် အမျိုးသမီးနှစ်ဦး မိုးကြိုးထိမှန်၍ သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် ငွေတောင်ကျေးရွာအုပ်စု ညောင်ကုန်းစိုက်ကွင်းတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေသော ဒေါ်လူဆီးယာနှင့် သမီး မဂျိုးစဖင်းစုခိုင်နှင်းတို့သည် လယ်မြေအတွင်း စပါးစိုက်ပျိုးနေစဉ် မိုးကြိုးထိမှန်၍ သေဆုံးခဲ့ကြောင်း သိရသည်။

ရီရယ်(ဒီးမော့ဆို)

ကျောက်ကြီးမြို့နယ်၌ ပန်းရန်လုပ်နေသူတစ်ဦး မိုးကြိုးထိမှန်သေဆုံး

ကျောက်ကြီး မေ ၁၁
ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ယမန်နေ့ ညနေ ၅ နာရီခွဲက လေပြင်းတိုက်၊ မိုးရွာသွန်းပြီး မိုးကြိုးပစ်ခတ်မှုကြောင့် ဗမာမျက်ရဲကျေးရွာနေ အမျိုးသားတစ်ဦး နေအိမ်တွင် ပန်းရန်လုပ်နေစဉ် မိုးကြိုးထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

ကိုသားကြီး(ကျောက်ကြီး)

ဘိုကလေးမြို့နယ်တွင် ရေမော်တာ ရေချူရာမှ ဓာတ်လိုက်သေဆုံး

ဘိုကလေး မေ ၁၁
ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မြို့နယ်အားကစားခန်းမဝင်းတွင် ယမန်နေ့ မွန်းလွဲပိုင်းက အမျိုးသားတစ်ဦး ရေတင်မော်တာစက်အား ရေချူနေစဉ် ဓာတ်လိုက်၍ သေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဦးမျိုးချစ်သည် မြို့နယ်အားကစားခန်းမရှိ ရေတင်မော်တာစက်မှာ ရေမလာသဖြင့် ဖိနပ်မပါဘဲ ရေချူနေစဉ် တစ်ကိုယ်လုံးရေစိုနေကြောင်း၊ မော်တာစက် လျှပ်စစ်မီး အဝင်ကြိုးအား ရေစိုလက်ဖြင့် ထိမိရာမှ ဓာတ်လိုက်၍ သေဆုံးခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဘိုကလေးမြို့မရဲစခန်းက သေမှုသေခင်းဖွင့်လှစ်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

မြိုင်မြို့၌ လူတစ်ဦး ဓာတ်လိုက်သေဆုံး

မြိုင် မေ ၁၁
မကွေးတိုင်းဒေသကြီး မြိုင်မြို့အမှတ်(၁)ရပ်ကွက် ထန်းငယ်တောကျေးရွာ စပျစ်ခြံအတွင်း ယမန်နေ့ ည ၁၀ နာရီ ၄၅ မိနစ်က ရေမော်တာဖြင့် အပင်ရေလောင်းရာမှ လူတစ်ဦး ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စပျစ်ခြံပိုင်ရှင် ဦးစိုးဝင်းသည် ည ၈ နာရီခန့်က ၎င်းပိုင်ဆိုင်သောခြံအတွင်းရှိ အပင်များအား ရေမော်တာဖွင့်၍ ရေလောင်းရာ ရေမော်တာပြန်ပိတ်ချိန်တွင် ဓာတ်လိုက်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သူရ(ပုံတောင်)

တာချီလိတ်မြို့နယ်၌ ငါးမန်းဂိမ်းလောင်းကစားသူများအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၁
တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတို့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ မဲခေါင်ရပ်ကွက် (၄)လမ်း အမှတ်(၁၃၈)ရှိ အဆောက်အအုံတွင် ငါးမန်းဂိမ်းစက်များဖြင့် လောင်းကစားခြင်းများ ပြုလုပ်နေကြောင်း သတင်းအရ ဝင်ရောက်ဖမ်းဆီးရာ အိမ်ရှင် ဝင့်ဝါခိုင်(ခ)ဝါဝါနှင့် လောင်းကစားနေသူ ၁၆ ဦးအား ငါးမန်းဂိမ်းစက်အကြီး ခြောက်လုံး၊ ငါးမန်းဂိမ်းစက်အသေး ၂၃ လုံး၊ ဆက်စပ်ပစ္စည်းများ၊ လောင်းကြေး ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၁၇၁၅၀၊ ဆိုင်ကယ်နှစ်စီးတို့နှင့်အတူ သိမ်းဆည်းရမိသဖြင့် အိမ်ရှင်နှင့် လောင်းကစားသူ ၁၆ ဦးအား လောင်းကစားဥပဒေဖြင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

မြို့နယ်အချို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၁
သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၄ ရက်မှ ၇ ရက်အတွင်း တောင်ငူမြို့နယ် ဥသျှစ်ခုံအနီးတွင် တရားမဝင် ပျဉ်းကတိုးခွဲသား ၇ ဒသမ ၆၅၂၄ တန်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် (၁၉/၀)အနီး ယာဉ်ပေါ်မှ တရားမဝင် ကျွန်းခွဲသား ၁ ဒသမ ၅၄၉၂ တန်၊ ဥတ္တရသီရိမြို့နယ် ရွှေနံ့သာအမှတ်(၁) ဘုန်းကြီးကျောင်းမှ အခြားသား ၃ ဒသမ ၆၃၄၀ တန်၊ လယ်ဝေးမြို့နယ် လယ်ဝေး-ကံလှ-သစ်ပုတ်ပင်လမ်း ရှမ်းစုရွာအနီးမှ တရားမဝင်ကျွန်းသစ် ၂ ဒသမ ០၉၀၀ တန်နှင့်အတူ ဆိုင်ကယ် ၁၀ စီးအားလည်းကောင်း၊ ပေါက်မြို့နယ် တန့်ကြီးတောင်ကြိုးဝိုင်းအကွက် (၅၇) မဲချောင်းတောတိုက်အတွင်းမှ တရားမဝင်ကျွန်း/ ပျဉ်းကတိုး/ အင်ကြင်း/နဘဲ/ကုက္ကိုခွဲသား ၂ ဒသမ ၉၉၃၄ တန်၊ သစ်စက် တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ဝန်းသိုမြို့နယ် အောင်သိဒ္ဓိကျောင်းတိုက်အနီး ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းခွဲသား ၃ ဒသမ ၁၄၅၀ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ သုံးဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ညီညီသန်း(နေပြည်တော်)

မြင်းခြံမြို့နယ် တူရွှင်းဘို့ကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

မြင်းခြံ မေ ၁၁။ ။ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် တူရွှင်းဘို့ကျေးရွာတွင် ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ က ဒေါ်မြင့်ဦး၏ နေအိမ်မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် ကူးစက်လောင်ကျွမ်းရာ နေအိမ် စုစုပေါင်း ခုနစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ မီးလောင်မှုစတင်ဖြစ်ပွားသော ဒေါ်မြင့်ဦးအား မြင်းခြံနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်စွာ(မြင်းခြံ)

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

နေပြည်တော် မေ ၁၁
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂၈ စီး၊ သွင်းကုန် ၂၈၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၅၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၇၂ သန်းအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက စစ်ဆေးမှုများ ဆောင်ရွက်စဉ် ယာဉ်တစ်စီးပေါ်၌ စားသောက်ကုန်/ လူသုံးကုန်များနှင့် ဖုံးအုပ်၍ စက္ကူဖာများအတွင်း ထည့်သွင်းသယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Chert (or) Chalcedony ဟုယူဆရသောကျောက်တုံးအရွယ်အစားမျိုးစုံ ၂၉၄၆ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဒသမ ၁၃၈ သန်းအား တွေ့ရှိ၍ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၁-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၁-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ဓာတ်ခွဲနမူနာ (၁၈၇) ခုနှင့် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲနမူနာ (၁၆၆) ခု၊ စုစုပေါင်း (၃၅၃)ခုကို စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၁၁-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၈၀) ဦးရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်းများ၏ ဓာတ်ခွဲနမူနာများအားစစ်ဆေးရာ၌ (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၂) ဦး (Case - 30 နှင့် 97) ရှိသဖြင့် (၁၁-၅-၂၀၂၀) ရက်နေ့အထိ ရောဂါပိုးကင်းစင်လာသူ စုစုပေါင်း (၇၄) ဦးရှိပါသည်။ ၎င်းတို့အနက် (၅၉) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

(COVID-19) ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁၁ - ၅ - ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁၁-၅-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၆၆) ခု
(၁၁-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၈၇) ခု
COVID-19 (SARS-CoV-2) တွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာသစ်	(၀) ဦး

၅။ (၁၀-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၁-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၈၁) ဦး ရှိပါသည်။

၆။ ယနေ့အတွက် ဓာတ်ခွဲအဖြေသတင်းများ ထပ်မံထုတ်ပြန်ရန် မရှိတော့ပါ။

(ယခုသတင်းထုတ်ပြန်ချိန်အထိ) COVID-19 **လူနာများအခြေအနေ**
(၁၁ - ၅ - ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (confirmed)	(၀) ဦး	(၁၈၀) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၂) ဦး	(၇၄) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

သောက်သုံးရေပြတ်လပ်သည့် ကျေးလက်ဒေသများကို သောက်သုံးရေဖြန့်ဖြူးကာ လက်ဆေးဘေစင်များ တည်ဆောက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေရှားပါးပြတ်လပ်သည့် ကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက် တို့ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးအတွက် ကျေးလက် လက်ဆေးဘေစင်များ တည်ဆောက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖော်ပြပါ ဇယားအတိုင်း ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၀ခုနှစ် တိုင်းဒေသကြီး/ပြည်နယ်များတွင် ရေရှားပါးကျေးရွာများတွင် ရေဖြန့်ဝေပြီးစီးမှုအခြေအနေ

(၁၁.၅.၂၀၂၀)ရက်နေ့အထိ

တိုင်းဒေသကြီး/ ပြည်နယ်	ရေဖြန့်ဝေခဲ့သည့် (မြို့နယ်)	ရေဖြန့်ဝေခဲ့သည့် (ကျေးရွာအုပ်စု)	ရေဖြန့်ဝေခဲ့သည့် (ကျေးရွာ)	အိမ်ခြေ	လူဦးရေ	ဖြန့်ဝေသည့် ရေဂါလံ
ကယားပြည်နယ်	၄	၁၂	၄၃	၆၂၆၀	၃၀၀၀၅	၁၈၂၃၀၅
ကရင်ပြည်နယ်	၂	၁၂	၁၆	၃၈၄၂	၁၉၅၅၅	၁၀၆၀၀၀
စစ်ကိုင်းတိုင်းဒေသကြီး	၅	၈	၈	၁၁၂၆	၅၅၈၆	၃၁၀၀၀
တနင်္သာရီတိုင်းဒေသကြီး	၁	၁	၁	၁၂၉	၉၄၀	၄၈၉
ပဲခူးတိုင်းဒေသကြီး	၅	၁၅	၁၆	၁၀၉၅၅	၅၁၀၀၄	၂၉၉၉၀၀
မကွေးတိုင်းဒေသကြီး	၁၀	၂၉	၃၄	၁၀၉၃၀	၅၁၇၁၆	၃၂၆၈၆၈
မန္တလေးတိုင်းဒေသကြီး	၅	၉	၈	၃၂၈၁	၁၅၁၈၇	၅၃၀၀၀
မွန်ပြည်နယ်	၅	၁၃	၁၉	၇၅၂၈၂	၃၈၄၈၅၇	၅၈၁၉၂၀
ရန်ကုန်တိုင်းဒေသကြီး	၂	၄	၄	၁၂၄၆	၅၈၈၆	၁၂၈၀၀
ရှမ်းပြည်နယ်	၁၁	၂၂	၃၄	၅၇၁၅	၂၇၂၁၇	၁၅၇၉၆၆
ဧရာဝတီတိုင်းဒေသကြီး	၈	၁၄	၂၄	၈၀၃၈	၃၆၉၃၆	၁၀၇၄၃၂
နေပြည်တော်	၅	၁၂	၁၈	၉၂၆၀	၄၄၇၃၃	၈၁၈၅၉
စုစုပေါင်း	၆၃	၁၅၁	၂၂၅	၁၃၅၉၈၅	၆၈၂၆၂၂	၁၉၄၀၁၂၅

ကျေးလက်ဦးစီးနှင့် ယူနီဆက်တို့ပူးပေါင်းမှုဖြင့် Coronavirus Disease 2019 (COVID-19) **ရောဂါ ထိန်းချုပ်ကာကွယ်ရေးအတွက် လက်ဆေးစင်များ တည်ဆောက်ပြီးစီးမှုအခြေအနေ**

(၈.၅.၂၀၂၀)

စဉ်	ပြည်နယ်/ တိုင်းဒေသကြီး	မြို့နယ်	စုစုပေါင်း လျာထား (ကျေးလက်+ မြို့ပြ)	စုစုပေါင်း လျာထား ဘေစင် အရေ အတွက်	ဆောင်ရွက် ပြီး ဘေစင် အရေ အတွက်	ကုန်ကျငွေ (ကျပ်သိန်း)	ပြီးစီးမှု ရာခိုင်နှုန်း	မှတ်ချက်
၁	ကချင်	၇	၁၇၆	၂၄၇	၂၄၇	၂၂.၇၅၀	၁၀၀	နိုင်ငံတော် (၅၈၂၈၇) သိန်း + ယူနီဆက် (၃၆၈.၆) သိန်း
၂	ကယား	၃	၄၄	၅၀	၅၀	၉.၇၅၀	၁၀၀	
၃	ကရင်	၅	၁၉၄	၁၉၄	၁၉၄	၂၁.၆၅၀	၁၀၀	
၄	ချင်း	၃	၂၇	၅၂	၅၂	၉.၇၅၀	၁၀၀	
၅	စစ်ကိုင်း	၁၈	၄၀၀	၄၁၉	၄၁၉	၄၆.၇၀၈	၁၀၀	
၆	တနင်္သာရီ	၆	၈၇	၁၀၆	၁၀၆	၁၆.၆၅၀	၁၀၀	
၇	ပဲခူး	၁၇	၄၇၀	၆၉၉	၆၉၉	၅၅.၂၅၀	၁၀၀	
၈	မကွေး	၁၄	၂၃၀	၂၆၂	၂၆၂	၃၆.၃၉၅	၁၀၀	
၉	မန္တလေး	၁၃	၃၉၂	၄၃၉	၄၃၉	၃၆.၀၀၀	၁၀၀	
၁၀	မွန်	၉	၁၀၃	၁၃၇	၁၃၇	၂၉.၂၅၀	၁၀၀	
၁၁	ရခိုင်	၁၁	၂၀၂	၂၂၇	၂၂၇	၃၅.၇၅၀	၁၀၀	
၁၂	ရန်ကုန်	၄	၁၀၂	၁၀၂	၁၀၂	၁၃.၀၀၀	၁၀၀	
၁၃	ရှမ်း	၃၉	၄၀၇	၇၁၉	၇၁၉	၆၁.၁၄၄	၁၀၀	
၁၄	ဧရာဝတီ	၁၄	၃၁၂	၃၈၀	၃၈၀	၃၂.၈၄၀	၁၀၀	
	ပေါင်း	၁၆၃	၃၁၄၆	၄၀၁၄	၄၀၁၄	၄၂၆.၈၈၇	၁၀၀	

ထိုင်းနိုင်ငံမှ မြန်မာလုပ်သားများ မြဝတီအမှတ် ၂ တံတားမှ ၁၃ ဦး ဆက်လက်ဝင်ရောက်

မြဝတီ မေ ၁၁

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မြန်မာနိုင်ငံမှ မေ ၁ ရက်ကစပြီး လက်ခံခဲ့ရာ ယနေ့တွင် ၁၃ ဦး ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေး စစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် ကရင်ပြည်နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ခုနစ်ဦး၊ မကွေးတိုင်းဒေသကြီးမှ လေးဦး၊ နေပြည်တော်မှ တစ်ဦး စုစုပေါင်း ၁၃ ဦးရှိကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ကိုရိုနာဗိုင်းရပ်စ်(COVID-19)ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေး ကော်မတီသို့ Multi-Purpose Virus Killer များ လာရောက်လှူဒါန်း

ရန်ကုန် မေ ၁၁

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ အသုံးပြုရန်အတွက် Posh ကုမ္ပဏီမှ Multi-Purpose Virus Killer (ဘက်စုံသုံးဗိုင်းရပ်စ်ပိုးသတ်ဆေး)များကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် လာရောက်လှူဒါန်းရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက လာရောက်လှူဒါန်းသည့် Multi-Purpose Virus Killer ဘူး ၁၀၀ ကို လက်ခံရယူပြီး Posh ကုမ္ပဏီမှတာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ညွန့်ကိုကို

အစိုးရကိုယ်စားလှယ်များနှင့် ကရင်အမျိုးသားအစည်းအရုံးတို့၏ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၁၁

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် Online Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကိုဗစ်-၁၉ ဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

အစည်းအဝေးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူးတို့က အဖွင့်အမှာစကား ပြောကြားသည်။

စည်းကမ်းချက်ညှိနှိုင်း

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)ခင်ဇော်ဦးက "အဓိကဆွေးနွေးတာကတော့ မေလ (၈) ရက်နေ့က NCA-S EAO (၁၀) ဖွဲ့နဲ့ ကျွန်တော်တို့ ဆွေးနွေးခဲ့တဲ့ အဓိကအချက် ခုနစ်ချက်အပေါ်မှာ အသေးစိတ် ပြန်ဆွေးနွေးကြပါတယ်။ အသေးစိတ်ဆွေးနွေးတဲ့အပိုင်းမှာတော့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ ဒါတွေကို ဘယ်လိုဖြေရှင်းကြမလဲ။ ဘယ်လို ညှိနှိုင်းထားကြမလဲ။ မလိုလားအပ်တဲ့ ပဋိပက္ခအသွင်ဆောင်တဲ့ သဘောမျိုးလေးတွေ ထပ်မံမဖြစ်ပွားရအောင် တစ်ဖက်နဲ့တစ်ဖက် လိုက်နာရမယ့် စည်းကမ်းချက်လေးတွေ ညှိနှိုင်းနိုင်ခဲ့ကြတယ်။

"နောက်တစ်ချက်ကတော့ နိုင်ငံတကာ အကူအညီ၊ ကမ္ဘာ့ဘဏ်ကပေးမယ့် အကူအညီနဲ့ပတ်သက်ပြီးတော့ ပူးပေါင်းကော်မတီဖွဲ့စည်းရေး၊ Joint ကော်မတီဖွဲ့စည်းရေးစသည်ဖြင့် ကျွန်တော်တို့ အစိုးရဘက်က စဉ်းစားထားတဲ့ option တွေ၊ KNU ဘက်က စဉ်းစားထားတဲ့ option တွေကို ကျွန်တော်တို့ အကြမ်းဖျင်းညှိနှိုင်းကြပါတယ်"ဟု ပြောသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် မေ ၁၂ ရက်တွင် မွန်ပြည်သစ်ပါတီ (NMSP) နှင့် ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး မေလ တတိယပတ်တွင် ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် ပြန်လည်တွေ့ဆုံ၍ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် အသေးစိတ်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။

အထောက်အကူဖြစ်

ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)ခင်ဇော်ဦးက "နောက်တစ်ကြိမ်ရှေ့တစ်ပတ်မှာ ထပ်မံတွေ့ဆုံပြီး ကမ္ဘာ့ဘဏ်အကူအညီနဲ့ပတ်သက်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးမှာ EAO တွေအပိုင်းကို ဘယ်လို ပူးပေါင်းကူညီနိုင်မလဲဆိုတဲ့ အပိုင်းကို အသေးစိတ်ထပ်မံပြီး ကျွန်တော်တို့ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီနေ့ ဆွေးနွေးချက်တွေနဲ့ ပတ်သက်ရင် အလွန်ပဲ ကောင်းမွန်ပါတယ်။ ဆွေးနွေးချက်တွေဟာ ပိုပြီး action plan ဆန်လာပြီး တစ်ဖွဲ့ချင်းစီနဲ့ ဆွေးနွေးချက်မှာ နားလည်မှုတွေ ပိုမိုရရှိလာပါတယ်။ ဒီအရာတွေဟာ ကျွန်တော်တို့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အထောက်အကူ အများကြီးဖြစ်မယ်လို့ ယုံကြည်ပါတယ်"ဟု ဖြေကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေနှင့်ပတ်သက်၍ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)ခင်ဇော်ဦးက "ပူးပေါင်းဆောင်ရွက်မယ့်ကိစ္စကတော့ စပ်ကြားနယ်မြေတွေမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် စခန်းလေးတွေဖွင့်မယ်ဆိုတဲ့ကိစ္စမှာ ကျွန်တော်တို့ ပူးပေါင်းကော်မတီနဲ့ ညှိနှိုင်းပါမယ်။ ကျွန်တော်တို့ သူတို့ကို အဆိုပြုတာက ဖြစ်နိုင်မယ်ဆိုရင်တော့ ကျန်းမာရေးဝန်ထမ်းတွေ၊ ကျန်းမာရေးအဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်ပေးစေလိုပါတယ်။ ယူနီဖောင်းတွေ၊ လက်နက်ခဲယမ်းတွေ မပါဘဲနဲ့ ဘယ်လိုဝတ်စားမလဲ။ ဘယ်လိုပုံစံမျိုး ဆောင်ရွက်မလဲ။ ဥပမာ-ကြက်ခြေနီလက်ပတ်တွေ ပတ်တာ စသည်မျိုးပေါ့။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးကိုပဲ ဦးတည်ပြီး လုပ်နေတယ်။ လုပ်နေတဲ့နေရာမှာလည်း လုပ်သင့်လုပ်ထိုက်တဲ့နေရာတွေမှာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုမလွဲရအောင်၊ ပဋိပက္ခအသွင် မဆောင်ရအောင် ဆက်လက်ဆောင်ရွက်ကြဖို့ ညှိနှိုင်းဖြစ်ပါတယ်။ အသေးစိတ်ကိုတော့ သူတို့လုပ်နိုင်မယ့်နေရာနဲ့ လုပ်ချင်တဲ့နေရာတွေကို ကျွန်တော်တို့ဆီပို့ပေးပါမယ်။ ကျွန်တော်တို့ သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်မှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကရင်အမျိုးသားအစည်းအရုံး (KNU)၏ ကိုယ်စားလှယ်များအဖြစ် KNU အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူး၊ KNU၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးထိန်းချုပ်ရေးကော်မတီဥက္ကဋ္ဌ ပဒိုစောဆဲပွယ် (စောစတိဗ်)တို့ ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်

ပုသိမ်ပြည်သူ့ဆေးရုံကြီးသို့ အသက်ရှူအထောက်အကူပြုကိရိယာတစ်လုံး လှူဒါန်း

ပုသိမ် မေ ၁၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ခုတင် ၅၀၀ အထွေထွေရောဂါကုဆေးရုံကြီးသို့ ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့နေ ဒေါ်ဝေမာပုလဲ (Royal Pearl Medical Products and Services) နှင့် မိတ်ဆွေများက ငွေကျပ်သိန်း ၁၃၀ တန်ဖိုးရှိ အသက်ရှူအထောက်အကူပြုကိရိယာတစ်လုံးကို လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်က လက်ခံရယူသည်။

ဒေါက်တာသန်းမင်းထွဋ်က မူလ အသက်ရှူအထောက်အကူပြုကိရိယာနှစ်လုံးရှိပြီးဖြစ်ကြောင်း၊ ၎င်းအပြင် ပုသိမ်မြို့နယ် ပုဂ္ဂလိကမော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေးကော်မတီက တစ်လုံး၊ ပုသိမ်မြို့ စေတနာရှင်များက တစ်လုံး လှူဒါန်းခဲ့သည့်အတွက် ယခု ပုသိမ်ဆေးရုံကြီးတွင် အသက်ရှူအထောက်အကူပြုကိရိယာငါးလုံးရှိကြောင်း၊ ယင်းအသက်ရှူအထောက်အကူပြုကိရိယာများသည် ကိုဗစ်လူနာအတွက်သာမဟုတ်ဘဲ သာမန်အချိန်တွင် ICU အခန်းထဲ၌ အရေးပေါ်လူနာများကိုလည်း ကယ်တင်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်လူနာထားရှိရန်အတွက် ပုသိမ်၊ ဟင်္သာတ၊ မအူပင်ဆေးရုံကြီးတို့တွင် အသက်ရှူအထောက်အကူပြုကိရိယာများတပ်ဆင်ထားနိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားသည်။

ကိုတွတ်(ပြန်/ဆက်)

ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

နေပြည်တော် မေ ၁၁

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း(၄၃)ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

ကိုရိုနာဗိုင်းရပ်စ်(COVID-19)ရောဂါ ကာကွယ်ဖို့ မိမိကစ ကာကွယ်စို့

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ IDP စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မိုးကောင်း၊ နမ္မတီးမြို့နယ်ရှိ လန်ဘရော့ယန်၊ စိန့်ပေါလ်ကက်သလစ်၊ မြို့ဦးစိန့်ဒေါမနစ်၊ ကံလှမောန္ဓေလ IDP စခန်းများနှင့် ဖားကန့် မြို့နယ်ရှိ မော်ဝမ်းမူရင်းနှစ်ခြင်း၊ မော်ဝမ်းမူရင်းအေဂျီ၊ လုံးခင်းလယ်ပြင်ကုဋ္ဌေ၊ လုံးခင်းငြိမ်းချမ်းသာယာ COC၊ လုံးခင်းငြိမ်းချမ်းသာယာလီဆူး၊ လုံးခင်းရပ်ကွက် (၅)ကတ်သလစ်၊ လုံးခင်းမှော်စီစာနှစ်ခြင်း၊ လုံးခင်းမှော်စီစာအေဂျီ IDPစခန်း စုစုပေါင်းIDP စခန်း ၁၂ ခုသို့ အဝတ် နှာခေါင်းစည်း ၆၄၉၈ ခု၊ လက်သန့်ဆေးရည် ၈၅၇ ဘူး၊ ထုံးအိတ် ၄၀၊ အပူချိန်တိုင်းကိရိယာ ၁၆ ခု၊ လက်ကိုင်စပီကာ ၁၂ ခု၊ ကိုဗစ်-၁၉ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick ၁၂ ခု၊ ဆပ်ပြာ ၁၀၀၁ ခဲ၊ လက်ဆေးစင် ၁၇ ခုနှင့် ဗီနိုင်း ၁၂ ခုတို့အား ထောက်ပံ့ခဲ့သည်။

အလားတူ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ အေးလင်းမြတ်ရှင် IDP စခန်းနှင့် မြတ်ပန်းဝတ်မှုံ IDP စခန်းသို့ သွားရောက်၍ အဝတ် နှာခေါင်းစည်း အခု ၁၀၆၀၀၊ လက်သန့်ဆေးရည်ဘူး ၁၇၅၀၊ ထုံးအိတ် ၃၀ နှင့် လက်ကိုင်စပီကာနှစ်ခု၊ ကိုဗစ်-၁၉ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick နှစ်ခုတို့အား ထောက်ပံ့ခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်ရှိ ပန်ကူ IDP စခန်းသို့ သွားရောက်၍ ထုံး ၁၀ အိတ်၊ အပူချိန်တိုင်း ကိရိယာတစ်ခုနှင့် ဆပ်ပြာ ၁၂၇၂ ခဲတို့အား ထောက်ပံ့ပေးခဲ့သည်။

ထို့အတူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ သက္ကယ်ပြင်၊ မော်သီးညာ၊ အုန်းတောကြီး(မြောက်)၊ အုန်းတောကြီး (တောင်) IDP စခန်းများနှင့် ဘူးသီးတောင်မြို့နယ်အတွင်းရှိ တောင်ရပ်ကွက်၊ ရန်အောင်မြေကျောင်း၊ မြို့မရပ်ကွက်၊ လမ်းမကျောင်း၊ ဂန္ဓာရိပရဟိတကျောင်း၊ မြတောင်ဘုန်းတော်ကြီးကျောင်း၊ သေကံခွဆုံစခန်းနှစ်ခုနှင့် ဘုရားပြင်အောင်ပ တိုက်ပွဲရှောင်စခန်းများသို့ သွားရောက်၍ အဝတ် နှာခေါင်းစည်း ၆၃၇၁၄ ခု၊ လက်သန့်ဆေးရည် ၁၂၈၆ ဘူး၊ ထုံးအိတ် ၄၇ အိတ်၊ အပူချိန်တိုင်းကိရိယာ ခုနစ်ခု၊ ဆပ်ပြာ ၁၁၄၉ တောင့်၊ လက်ဆေးစင် ခြောက်ခုနှင့် ဗီနိုင်း ခြောက်ခုတို့အား ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ခံစားရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ရောဂါ လူနာများကို ကုသပေးနေသောဆေးရုံများသို့ ရောဝတီဖောင်ဒေးရှင်းက ဆက်လက်ထောက်ပံ့လှူဒါန်း

ကျိုင်းတုံ မေ ၁၁

ရောဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများကို ကုသပေးလျက်ရှိသော ဟားခါး၊ မူဆယ်၊ မတ္တရာ၊ ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံများ၌ ဆေးရုံသုံး ကာကွယ်ကုသရေးပစ္စည်းများကို ဖြည့်ဆည်းရန်နှင့် ဆရာဝန်၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများ၏ လိုအပ်သောနေရာများတွင် အသုံးပြုနိုင်ရန် ကျပ်သိန်း ၄၅၀ လှူဒါန်းခဲ့သည်။

ရောဝတီဖောင်ဒေးရှင်းသည် ဆေးရုံများရှိ သက်ဆိုင်ရာဆရာဝန်များနှင့် ဆွေးနွေးတိုင်ပင်ကာ လိုအပ်နေသော ငွေကျပ်သိန်း ၃၃၀ တန်ဖိုးရှိ ဆေးရုံသုံး ကာကွယ်ကုသရေးပစ္စည်းများကို ဖြည့်ဆည်းလှူဒါန်းပေးခဲ့သည့်အပြင် ကိုဗစ်-၁၉ ရောဂါ လူနာများကို ကုသပေးလျက်ရှိသော ဆရာဝန်၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများ၏ လိုအပ်သောနေရာများတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ်သိန်း ၁၂၀ ကိုလည်း လှူဒါန်းခဲ့သည်။ ထို့ပြင် ရောဝတီဖောင်ဒေးရှင်းသည် မတ် ၆ ရက်မှစတင်၍ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ပြန်လည်ရောက်ရှိလာသူ စုစုပေါင်း ၁၃၁ ဦး၏ သုံးပတ်ကြာ ကန့်သတ်စောင့်ကြည့်ရေးနေရာသို့ ဝင်နိုင်ရန်နှင့် ၎င်းတို့အတွက် ပံ့ပိုးကူညီပေးသူ စေတနာ့ဝန်ထမ်း ၃၀ တို့ကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ရှိ လက်ရွေးစင်ကစားသမား နားနေဆောင်များနှင့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)တို့တွင် အဆင်ပြေစွာ နေထိုင်စားသောက်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးတာဝန် ထမ်းဆောင်နေသော ဆရာဝန်၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်း ၈၀ ကို AYA Bank Training Center(မေတ္တာညွန့်)၌ အဆင်ပြေစွာ နေထိုင်စားသောက် သွားလာနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ **သတင်း-ဖိုးသော်ဇင်**
ဓာတ်ပုံ-ကိုမိုး

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အင်းစိန်မီးသတ်ဦးစီးဌာနက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်

ရန်ကုန် မေ ၁၁

ယနေ့နံနက် ၁၀ နာရီခန့်က ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဈေးကုန်းအနောက်ရပ်ကွက်နှင့် ပိန္နဲကုန်းရပ်ကွက်ရှိ အင်းစိန်မီးရထားဆေးရုံ၊ မဟာမြိုင်ရပ်ရှင်ရုံ၊ အင်းစိန် မီးရထားစက်ခေါင်းစက်ရုံ၊ အလက(၆)၊ အမက (၃၉)၊ အထက (၅) စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများနှင့် လူနေအိမ်များ တည်ရှိရာ သီရိလမ်းမကြီး၌ ရန်ကုန်မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များက ခေတ်မီမီးငြိမ်းသတ်ယာဉ်၊ ဆေးဖျန်းယာဉ်၊ မီးသတ်အုပ်ချုပ်မှုယာဉ်နှင့် ရေသယ်ယာဉ်များဖြင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အလားတူ ယမန်နေ့တွင် အင်းစိန်မြို့နယ် စည်ပင်သာယာရေးကော်မတီအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများ၊ လူ့ဘဝခရီး လူမှုအထောက်အကူပြုပရဟိတအဖွဲ့၊ ရပ်ကွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် လုံခြုံရေး(ယာယီ) ပရဟိတလူမှုရေးအဖွဲ့များ၊ မြို့နယ်ကြက်ခြေနီအသင်း ကြက်ခြေနီတပ်ခွဲနှင့် လူ့ဘဝခရီး ပရဟိတ လူမှုရေးအဖွဲ့များ ပူးပေါင်း၍ ပိန္နဲကုန်းရပ်ကွက်၏ တောင်ပိုင်း၊ မြောက်ပိုင်းရှိ နေအိမ်၊ လမ်းအသီးသီးတို့၌ ပိုးသတ်ဆေးဖျန်းခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

ညောင်လေးပင်မြို့ အင်းဝိုင်းကျေးရွာရှိ အခြေခံလူတန်းစားများအား စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

ညောင်လေးပင် မေ ၁၁

ညောင်လေးပင်မြို့နယ် ပွဲနတ်ဆာမြို့ ဇမ္ဗူအေးတောရကျောင်းတိုက်(အင်းဝိုင်း) ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဝိဇယက ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ညောင်လေးပင်မြို့နယ် အင်းဝိုင်းကျေးရွာအုပ်စုအတွင်းရှိအခြေခံလူတန်းစားများအား စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ညနေ ၃ နာရီက အင်းဝိုင်းကျေးရွာအုပ်စု ရေကြည်ချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

ပေးအပ်လှူဒါန်းရာတွင် ညောင်လေးပင်မြို့နယ် အင်းဝိုင်းကျေးရွာအုပ်စုအတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၃၀၄ စု၊ လူဦးရေ ၁၅၆၃ ဦးတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်(၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ကြက်သွန်နီ တစ်ပိဿာ၊ ကြက်သွန်ဖြူ (၅၀) ကျပ်သား၊ ကုလားပဲ (၅၀) ကျပ်သား၊ အချိုမှုန့် (၁) ထုပ်၊ ကြက်/ဘဲဥ (၁၀) လုံး၊ ဆပ်ပြာ (၁) တောင့်၊ ဆပ်ပြာမှုန့် (၅)ထုပ် ပစ္စည်းအမျိုးပေါင်း ၁၀ မျိုး စုစုပေါင်း တန်ဖိုးငွေကျပ် ၄၉၇၁၄၀၀ ရှိ စားသောက်ကုန်ပစ္စည်းများအား ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်းရာသို့ ဇမ္ဗူအေးတောရအင်းဝိုင်းဆရာတော်ကြီးကိုယ်စား ညောင်လေးပင်မြို့နယ် ကြံဘိုကုန်းကျေးရွာမှ သီရိမြိုင်ဆရာတော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်မိုင်လှကြည်နှင့် ဌာနဆိုင်ရာများ၊ သီတဂူစက္ခု ဆေးရုံတော်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ လူမှုကူညီရေးအကျိုးဆောင်များ၊ ပွဲနတ်ဆာ၊ မဒေါက်မြို့များမှ အုပ်ချုပ်ရေးမှူးများ၊ အင်းဝိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ဝိုင်းဝန်းကူညီလှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

နေပြည်တော် မေ ၁၁

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မေ ၆ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၆၂ မြို့နယ်ရှိ နေရာ ၁၂၉ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ဂါလန် ၉၉ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၄၈ ကီလိုဂရမ်၊ ရေဂါလန် ၈၅၂၀ ဂါလန် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဇီဝိတသံဃာ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

ချင်းပြည်နယ် ဟားခါးမြို့ ခရိုင်/မြို့နယ် စုပေါင်းရုံးများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ရှိ ရဲစခန်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (က)ရပ်ကွက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

မန္တလေးမြို့၌ လေပြင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ပင်များနှင့် ဓာတ်တိုင်များပြိုလဲ

မန္တလေး မေ ၁၁

မန္တလေးမြို့တွင် ယနေ့မွန်းလွဲ ၂ နာရီကျော်ခန့်က လေပြင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြို့နယ်ရပ်ကွက်များအတွင်း သစ်ပင်များနှင့် ဓာတ်တိုင်များ ပြိုလဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

လမ်းပိတ်ဆို့မှုများ ဖြစ်ပွား

ချမ်းအေးသာစံမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်တို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်နှင့် ဓာတ်တိုင်များ ပြိုလဲရာ လမ်းအချို့၌ လမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့သည်။ အဆိုပါ ဖြစ်ပွားခဲ့ရာနေရာများသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ လူမှုကူညီရေးအသင်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လျှပ်စစ်ဌာနတို့က အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

"မန္တလေးမြို့ပေါ်မှာ ခုလို လေပြင်းတိုက်ခိုက်မှုကြောင့် သစ်ပင်၊ သစ်ကိုင်းတွေ၊ ဓာတ်တိုင်တွေ ပြိုလဲမှုဖြစ်ပေါ်ခဲ့တဲ့နေရာတွေကို မန္တလေးခရိုင်အတွင်းမှာရှိတဲ့ မြို့နယ် ခုနစ်မြို့နယ်က သန္နေနဲ့ အရန်တပ်ဖွဲ့တွေအားလုံး အချိန်နဲ့တစ်ပြေးညီ သွားရောက်ဆောင်ရွက်နေပါတယ်" ဟု တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက ခရိုင်ဦးစီးမှူး ဦးထက်အောင်က ပြောသည်။

အပျက်အစီးပိုမိုများ

မြို့နယ် ငါးမြို့နယ်၌ အပျက်အစီးပိုမိုများပြားကာ အောင်မြေသာစံမြို့နယ်အတွင်း၌ ဓာတ်တိုင်ပေါင်း ၂၇ တိုင် ပြိုလဲမှုဖြစ်ပေါ်ခဲ့ကြောင်း၊ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ် ဦးတင်အောင်က ပြောသည်။

"လေပြင်းတိုက်ခတ်ချိန်မှာ လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေဖို့ မိန်းခလုတ်တွေချပြီး မီးဖြတ်ပေးထားပါတယ်။ ပြိုလဲပျက်စီးသွားတဲ့ သစ်ပင်၊ သစ်ကိုင်းတွေနဲ့ ဓာတ်တိုင်တွေကို အချိန်နဲ့တစ်ပြေးညီ ဖယ်ရှားရှင်းလင်းနေပါတယ်။ မီးအမြန်ဆုံးပို့လွှတ်ပေးနိုင်ဖို့ ကျွန်တော်တို့ရဲ့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ စီစဉ်ဆောင်ရွက်နေပါတယ်။ မီးပြန်လာအောင် စောင့်ဆိုင်းပေးကြတဲ့ ပြည်သူတွေကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု ၎င်းက ပြောသည်။

မန္တလေးမြို့ပေါ်တွင် ယနေ့ နံနက်ပိုင်းမှစ၍ အမြင့်ဆုံးအပူချိန် ၄၁ ဒီဂရီစင်တီဂရိတ်အထိ ပူပြင်းနေရာမှ ရုတ်တရက် မွန်းလွဲ ၂ နာရီကျော်ခန့်တွင် မိုးများအုံ့ဆိုင်းကာ မိုးရွာသွန်းမှုနှင့်အတူ လေပြင်းများ တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါ လေပြင်းတိုက်ခတ်မှုများကြောင့် မန္တလေးမြို့ပေါ်ရှိ ကျောင်းအချို့တွင်လည်း ပျက်စီးထိခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ဧပြီလထုတ် သုတပဒေသာစာစောင် ထွက်ပြီ

ရန်ကုန် မေ ၁၁

၁၉၇၃ ခုနှစ် ဇူလိုင်လမှစတင် ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာ စာစောင်ကို မျက်နှာဖုံး ဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "သက်တမ်းစေ့နေနိုင်ဖို့ ကျန်းမာရေးကို ဂရုစိုက်စို့" မျက်နှာဖုံးဆောင်းပါးကြီးများကို နိုင်ငံသားများ ဗဟုသုတရရှိစေရေးရည်ရွယ်၍ ဖော်ပြထားပါသည်။

အသက် ၁၈နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင်(ဧပြီလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တိုင်းဒေသကြီး၊ ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်ခတ်၊ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၁

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားလျက်ရှိရာ မေ ၁၀ ရက်တွင် နေပြည်တော် တပ်ကုန်းမြို့နယ်၌ နေအိမ်နှစ်လုံး အမိုးအကာလန် ပျက်စီးခြင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်၌ နေအိမ် ၁၆ လုံး အမိုးအကာလန် ပျက်စီးခြင်း၊ ပဲခူးတိုင်းဒေသကြီး မြို့နယ်ငါးခု၌ နေအိမ်လေးလုံး ပြိုကျပျက်စီးပြီး နေအိမ်ရှစ်လုံး အမိုးအကာလန် ပျက်စီးခြင်း၊ မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်နှင့် သရက်မြို့နယ်၌ နေအိမ် ၁၂ လုံး အမိုးအကာလန် ပျက်စီးခြင်း၊ မန္တလေးတိုင်းဒေသကြီး မြို့နယ်သုံးခု၌ နေအိမ် ၂၇ လုံး ပြိုကျပျက်စီးပြီး နေအိမ် ၂၄၇ လုံး၊ ဘာသာရေးအဆောက်အအုံတစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ရှမ်းပြည်နယ် မြို့နယ်ငါးခု၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၈၈ လုံး၊ ဘာသာရေးအဆောက်အအုံ ရှစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်နှင့် လေးမျက်နှာမြို့နယ်၌ နေအိမ်ရှစ်လုံး အမိုးအကာလန် ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သည်။

ထို့အတူ မေ ၁၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ ရပ်ကွက် နှစ်ခုနှင့် ကျေးရွာအုပ်စုလေးခုတို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံးပြိုကျ၊ နေအိမ်ကိုးလုံး အမိုးလန်ခဲ့ပြီး သစ်ပင်၊ သစ်ကိုင်းများ ကျိုးကျခြင်း၊ ဓာတ်တိုင်များ လဲပြိုခြင်းတို့ဖြစ်ပွားခဲ့ကာ လေပြင်းတိုက်ခတ်စဉ် မိုးကြိုးပစ်၍ လူတစ်ဦး သေဆုံးခဲ့ကြောင်း ကနဦးသိရသည်။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မိတ္ထီလာခရိုင်ဦးစီးမှူးရုံးအနေဖြင့် ထောက်ပံ့မှုများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး ဒေသရှိဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ဧပြီ ၉ ရက်မှ မေ ၁၁ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း၌ လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ် ၄၄၁ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၁၄ လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၇၁၁၈ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၁၄၄ လုံး အမိုးအကာလန်ပျက်စီးခြင်းများဖြစ်ပွားခဲ့ပြီး လူနှစ်ဦး သေဆုံးခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းဖိုးများနှင့် သေဆုံးသူထောက်ပံ့ခြင်းများအတွက် စုစုပေါင်း ငွေကျပ် ၃၇၀ ဒသမ ၅ သန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ပါကြောင်း သိရသည်။

သတင်းစဉ်

ချောက်မြို့၌ နှစ် ၅၀ ကျော်အတွင်း အပူချိန်စံချိန်သစ်တင်၊ အများပြည်သူ ရေချိုးချိန် သတ်မှတ်

ချောက် မေ ၁၁

မြန်မာနိုင်ငံ၏ နေ့အပူချိန်စာရင်းတွင် နှစ်ပေါင်း ၅၀ ကျော်အတွင်း အမြင့်ဆုံး စံချိန်သစ်တင်ခဲ့သည့် ချောက်မြို့၌ အများပြည်သူများ ရေချိုးသင့်သည့် အချိန်အကန့်အသတ်တစ်ခုကို သတ်မှတ်လိုက်ပြီဖြစ်ကြောင်း ချောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

လူအများစုရေချိုးရာ ဧရာဝတီမြစ် ရေချိုးဆိပ်နေရာများတွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ရေမချိုးရ စာသားပါ ဗီနိုင်းဆိုင်းဘုတ်များကို ယနေ့ နံနက်ပိုင်းတွင် ချိတ်ဆွဲလိုက်ပြီဖြစ်သည်။

"နှစ်စဉ်နှစ်တိုင်းလိုပါပဲ။ ဒီအချိန်ဆိုရင် ဗီနိုင်းဆိုင်းဘုတ်တွေထားပြီး သတိပေးတားမြစ်နေရပါတယ်။ ရပ်ကွက်၊ ကျေးရွာအလိုက် ကျန်းမာရေးမှူးတွေ၊ သားဖွားဆရာမတွေအနေနဲ့ အပူဒဏ်ကာကွယ်ရေး အသိပညာပေးမှုတွေကိုလည်း လုပ်ဆောင်ပေးနေပါတယ်'' ဟု မြို့နယ်ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူ ဦးလှိုင်မြင့်ဟန်က ပြောသည်။

ချောက်မြို့တွင် နွေရာသီရောက်တိုင်း အပူချိန်မြင့်တက်လျက်ရှိပြီး ၂၀၁၉ ခုနှစ် မေ ၉ ရက်တွင် ၄၇ ဒသမ ၁ ဒီဂရီစင်တီဂရိတ်၊ ၂၀၂၀ ပြည့်နှစ် မေ ၈ ရက်တွင် ၄၇ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိခဲ့ကြောင်း၊ ၅၂ နှစ်အတွင်း အမြင့်ဆုံးစံချိန်သစ်တင်ခဲ့ကြောင်း ချောက်မြို့နယ် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန တိုင်းထွာရေးစခန်းမှူး ဒေါ်ခိုင်သန္တာအောင်ထံမှ သိရသည်။

ချောက်မြို့နယ်တွင် ၂၀၁၉ ခုနှစ် နွေရာသီကာလက Heat Stroke အပူဒဏ်သင့်ခဲ့သူ ခြောက်ဦးရှိကာ သုံးဦးသေဆုံးခဲ့ရကြောင်း၊ အပူဒဏ်သင့်လူနာများကိုကုသနိုင်ရန် သီးသန့်အအေးခန်းနှစ်ခန်း ပြင်ဆင်ထားကြောင်း ချောက်မြို့နယ် ပြည်သူ့ဆေးရုံမှ သိရသည်။

ဇေယျာတု(မကွေး)

မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနသို့ ကိုဗစ်-၁၉ ရောဂါ ဆေးဖျန်းစက်နှစ်လုံး လှူဒါန်း

မန္တလေး မေ ၁၁

မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဆေးဖျန်းစက်နှစ်လုံးလှူဒါန်းခြင်းကို ယမန်နေ့ နံနက် ၁၁ နာရီက မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်၊ ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာနှင်းဇော်သိန်းနှင့်အလှူရှင် မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌဦးနေဝင်းတို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဆေးဖျန်းစက်နှစ်လုံး လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာသန်းသန်းမြင့်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

အဆိုပါ ဆေးဖျန်းစက်နှစ်လုံး၏ တန်ဖိုးမှာ ငွေကျပ် ၁၅ သိန်းဖြစ်ကြောင်းသိရပြီး တစ်လုံးအား သံဃာ့ဆေးရုံတွင် အသုံးပြုရန်ထားရှိသွားမည်ဖြစ်ပြီး ကျန်တစ်လုံးကို လိုအပ်သောနေရာတွင် ထားရှိသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

သန်းဇော်မင်း
(ပြန်/ဆက်)

အိမ်မဲမြို့ ယာယီပျံကျဈေး၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

အိမ်မဲ မေ ၁၁

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ လူငယ်လေ့ကျင့်ရေးဘောလုံးကွင်း၌ ဖွင့်လှစ်ထားသော ယာယီပျံကျဈေးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းကို မေ ၉ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။

အိမ်မဲမြို့စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဇော်နှင့်ဝန်ထမ်းများက အဝတ်ဖြင့်ပြုလုပ်ထားသော နှာခေါင်းစည်း အခုရေ ၁၅၀ကို ဈေးဝယ်ပြည်သူများနှင့် ဈေးသူဈေးသားများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ယာယီပျံကျဈေးမှာ ဈေးသူဈေးသားတွေ ဈေးကိုစဝင်ကတည်းက ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်နိုင်ရန် ဈေးအဝင်ပေါက်ဘေးမှာ လက်ဆေးဘေစင်တွေထားရှိပြီး လက်ဆေးခိုင်းပါတယ်။ အခုလည်းကြိုတင်ကာကွယ်တဲ့အနေနဲ့ အဝတ်နဲ့ပြုလုပ်ထားတဲ့ နှာခေါင်းစည်းအခု ၁၅၀ ကို အခမဲ့ဖြန့်ဝေပေးခြင်းဖြစ်ပါတယ်''ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဇော်က ပြောသည်။

ချစ်သက်လယ်(ပြန်/ဆက်)

မိုင်းပန်မြို့နယ်၌ Home Gardening လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

မိုင်းပန် မေ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်တွင် Home Gardening လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလနှင့် ကာလအလွန်တို့တွင် ရက်တိုတိုဖြင့် အလွယ်တကူ ခူးဆွတ်စားသုံးနိုင်သော သီးနှံများ စိုက်ပျိုးနိုင်ရန် မျိုးစေ့၊ ပျိုးပင်တို့ကို ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအား အခမဲ့ထောက်ပံ့ပေးခဲ့ကြကြောင်း သိရသည်။

နေ့စဉ်စားသုံးနေရသည့် စားဖိုဆောင်သီးနှံနှင့် ဟင်းသီးဟင်းရွက်များဖြစ်သည့် မုန်ညင်း၊ ခရမ်း၊ ကိုက်လန်၊ မုန်လာဥဖြူ၊ ငရုတ်၊ ခရမ်းချဉ်၊ ချဉ်ပေါင်၊ ဖရုံ၊ ဘူး၊ ကန်စွန်း၊ ဟင်းနုနယ်၊ ကြက်ဟင်းခါးသီး၊ ရုံးပတီ၊ ပဲတောင့်ရှည်၊ ဗိုလ်စားပဲ၊ သခွား၊ ပျိုးပင်နှင့် မျိုးစေ့များအား Home Gardening လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့မှ ဌာနဆိုင်ရာရုံးများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၉၈ ဦးတို့အား အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ပြီး ပျိုးပင်များအား စဉ်ဆက်မပြတ်စေရန် ပျိုးထောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုဆန်း(မိုင်းပန်)

ခေါင်လန်ဖူးမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေး ကျန်းမာရေးစစ်ဆေးရေးဂိတ်၌ လက်ဆေးဘေစင်ထားရှိ

ခေါင်လန်ဖူး မေ ၁၁

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့၌ ယခုဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ယနေ့ နံနက် ၉ နာရီက ရီဒမ်းကျေးရွာ ကျန်းမာရေးစစ်ဆေးရေးဂိတ်တွင် လက်ဆေးဘေစင်ထားရှိပေးခဲ့သည်။

ခေါင်လန်ဖူးမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများက ရီဒမ်းကျေးရွာနှင့် ခေါင်လန်ဖူးမြို့အဝင်တွင် ခရီးသွားပြည်သူများနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို နေ့စဉ်မပြတ်ဆောင်ရွက်လျက်ရှိရာ ရီဒမ်းကျေးရွာအဝင် ကျန်းမာရေးစစ်ဆေးရေးဂိတ်တွင် ယူနီဆက်မှ လှူဒါန်းသော လက်ဆေးဘေစင်ထားရှိဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။

ထို့နောက် မြို့နယ် ဆရာဝန်ကြီး ဒေါက်တာဂွမ်ဆိုင်းလီက မည်သူမဆို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အရေးကြီးကိစ္စမရှိလျှင် အိမ်အပြင်မထွက်ရန်၊ မဖြစ်မနေထွက်လျှင်လည်း နှာခေါင်းစည်းများ တပ်ဆင်ပြီးမှထွက်ရန်၊ လက်ကို မကြာခဏ စင်ကြယ်စွာဆေးရန်နှင့် ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အချက်များကို လိုက်နာဆောင်ရွက်ရန်လိုကြောင်း အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

ငြိမ်းအိအိဖြိုး(ပြန်/ဆက်)

အင်းပြင်ကျေးရွာ၌ Home Garden စိုက်ပျိုးရန် မျိုးစေ့များ အခမဲ့ဖြန့်ဝေ

ကလော မေ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အင်းပြင်ကျေးရွာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ယမန်နေ့ နံနက် ၈ နာရီက Home Garden စိုက်ပျိုးရန်မျိုးစေ့များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကလောမြို့နယ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သက်သက်အေးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် စာရေးများက လွယ်အံ့ကျေးရွာအုပ်စု အင်းပြင်ကျေးရွာတွင် နေထိုင်သည့် ပြည်သူများအား အိမ်တိုင်ရာရောက် Home Garden စိုက်ပျိုးရန် မျိုးစေ့များ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလတွင် လူစုလူဝေးရှောင်ရှားရမည့်ကာလများ ဖြစ်သဖြင့် မီးဖိုချောင်သုံး စားပင်သီးပင်များအတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့် လူဦးရေထူထပ်သည့် ဈေးများသို့ သွားရောက်ဝယ်ယူခြင်းကို လျှော့ချနိုင်ရေးအတွက် ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း၊ ပြည်သူများအတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရန် မျိုးစေ့များဖြစ်သည့် သခွား၊ ငရုတ်ချို၊ မိုးထောင်ငရုတ်၊ ခရမ်းကစော့ စိမ်း/ဖြူ၊ ရုံးပတီ၊ ချဉ်ပေါင်၊ ဟင်းနုနယ်၊ ပဲတိုင်ထောင်၊ ကြက်ဟင်းခါး၊ ဘူး၊ တိုင်လွှတ်ပဲ၊ မုန်ညင်း၊ ဖရုံ၊ ပန်းမုန်လာ၊ ကိုက်လန် စသည်တို့ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျော်ဝင်း(ပြန်/ဆက်)

စမ်းချောင်းမြို့နယ်၌ ကိုဗစ်-၁၉ အသိပညာပေး ပိုစတာကပ်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

ရန်ကုန် မေ ၁၁

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးတို့အတွက် ယနေ့ နံနက်ပိုင်းက စမ်းချောင်းမြို့နယ်အတွင်းရှိ အများပြည်သူဝင်ထွက်သွားလာသောနေရာများတွင် ကိုဗစ်-၁၉ အသိပညာပေးပိုစတာကပ်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဆောင်ရွက်မှုများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ ဈေးများ၊ လမ်းများ၊ လူအဝင်အထွက်များသောနေရာများ၊ ဘူတာရုံ၊ ကားမှတ်တိုင်စသည့် အများပြည်သူဝင်ထွက်သွားလာသောနေရာများတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခင်ဆူးသစ် (ပြန်/ဆက်)

မုဒုံမြို့နယ်၌ ဂန္ဓမာပန်းများတစ်နိုင်တစ်ပိုင်စိုက်ပျိုး၍ မိသားစုဝင်ငွေအဆင်ပြေလျက်ရှိ

မုဒုံ မေ ၁၁

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိကျေးရွာအချို့ မြေကွက်လပ်နေရာများတွင် ဂန္ဓမာပန်းများ တစ်နိုင်တစ်ပိုင် စိုက်ပျိုး၍ မိသားစုဝင်ငွေ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ထိုဂန္ဓမာပန်းများကို ခုနစ်နှစ်ကြာ စိုက်ပျိုးလာသည့် ဦးထိန်ဝင်းက "ကျွန်တော်တို့ပန်းမျိုးတွေကို တောင်ကြီးနဲ့ ဟဲဟိုးမြို့တို့ကမှာယူပြီး ယခုကာလပေါက်ဈေးမှာ တစ်ပင်ကို ခုနစ်ကျပ်ခွဲလောက်ရှိပါတယ်။ ပန်းပျိုးပင်တွေကို အဆင့်ဆင့်စိုက်ပျိုးပြီး နှစ်လခွဲ သုံးလဝန်းကျင်လောက်ဆိုရင် အပွင့်ခူးလို့ရပြီး တစ်ပွင့်ကို ကျပ် ၁၀၀ ရရှိပြီး ဂန္ဓမာပန်းတွေကို ဆယ့်နှစ်ရာသီစိုက်ပျိုးလို့ရပါတယ်"ဟု ပြောသည်။

အဆိုပါ ဂန္ဓမာပန်းများကို မုဒုံမြို့နယ်အတွင်းသာမက ကော့သောင်းမြို့၊ ထားဝယ်မြို့၊ ဘုရားသုံးဆူမြို့နှင့် သံဖြူဇရပ်မြို့တို့ကို တင်ပို့၍ ပန်းအထွက်များချိန်တွင် မော်လမြိုင်မြို့ကိုပါ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

အောင်မျိုးသူ
(ပြန်/ဆက်)

မော်တော်ယာဉ်သစ်များ ကနဦးမှတ်ပုံတင်ရန် ကညနရုံးအချို့ ပြန်လည်ဖွင့်လှစ်

ရန်ကုန် မေ ၁၁

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုကြောင့် မော်တော်ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်မှုများကို ယာယီရပ်ဆိုင်းထားသော ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးများအနေဖြင့် မော်တော်ယာဉ်အသစ်များ ကနဦးမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် မန္တလေးနှင့် နေပြည်တော်စသော ကညနရုံးလေးခုကို ယနေ့တွင် စတင်ဖွင့်လှစ်ပေးပြီဖြစ်ကြောင်း နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်မှတ်ပုံတင်ဌာနမှ သိရသည်။

"ဒီကာလမှာ ရုံးကတော့ ပုံမှန်ဝန်ထမ်းအင်အားရဲ့ ထက်ဝက်သာ ရုံးတက်စေပြီး ဖွင့်ထားပါတယ်။ ဒီအပေါ်မှာ မော်တော်ယာဉ်တွေနဲ့ပတ်သက်လို့ ယခင်လို လုပ်ငန်းလည်ပတ်တာမျိုးတွေတော့မရှိသေးဘူး။ ရုံးချုပ်ရဲ့ ကနဦး ယာဉ်မှတ်ပုံတင်လို့ခေါ်တဲ့ မော်တော်ယာဉ်အသစ်တွေကို နံပါတ်သစ် စပေးတဲ့လုပ်ငန်းစဉ်ကတော့လုပ်ငန်းလည်ပတ်ဖို့ ဒီနေ့မှ စတင်တယ်။ အဲဒါက ကျွန်တော်တို့ရန်ကုန်မှာဆိုရင် ထောက်ကြန့်ရုံးရှိတယ်။ ရွာသာကြီးရုံးရှိတယ်။ ပြီးတော့ နေပြည်တော်နဲ့ မန္တလေးရုံး စတဲ့ရုံးလေးခုမှာတော့ ကနဦးနံပါတ်ယူ၊ ယာဉ်စစ်တာတွေစလုပ်မယ်လို့ နေပြည်တော်ရုံးချုပ် ယာဉ်မှတ်ပုံတင်ဌာနကသိရတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးဦးသိန်းထွဋ်က ပြောသည်။

ကနဦးမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွာသာကြီး (ကညန)၊ ထောက်ကြန့် (ကညန)ရုံး၊ မန္တလေး(ကညန)နှင့် နေပြည်တော် (ကညန) ရုံးလေးခုတွင် မော်တော်ယာဉ်သစ်များအား ကနဦးနံပါတ်ယူခြင်း၊ ယာဉ်စစ်ခြင်းစသော မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကနဦးမှတ်ပုံတင်ရာတွင် ပေးဆောင်ရမည့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးဝန်ဆောင်မှုကို မတ် ၂၆ ရက်မှ မေ ၁၀ ရက်အထိ ရပ်ဆိုင်းကာလအဖြစ်သတ်မှတ်ကာ ထည့်သွင်းရေတွက်ခြင်းမပြုဘဲ လျှော့ပေါ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရသည်။ ဩဂုတ် ၃၁ ရက် နောက်ပိုင်းမှ လာရောက်ဆောင်ရွက်သည့် ကနဦးမှတ်ပုံတင်ယာဉ်များသည် ယာဉ်ထုတ်ရက် လွန်ဒဏ်ကြေးငွေလျှော့ပေါ့ခွင့်ရရှိမည်မဟုတ်ဘဲ ဒဏ်ကြေးအားလုံးပေးဆောင်ရမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်မှတ်ပုံတင်ဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ တိုင်းဒေသကြီးအစိုးရ၏ ညွှန်ကြားချက်အရ ကိုဗစ်-၁၉ ရောဂါမကူးစက်စေရေးအတွက် လူစုလူဝေးမဖြစ်ပေါ်စေရန် ကညန လုပ်ငန်းစဉ်များဆောင်ရွက်မှုကို ပြီးခဲ့သည့် မတ် ၂၅ ရက်မှစ၍ခေတ္တရပ်ဆိုင်းထားကြောင်းသိရသည်။ ယခုအခါတွင် ယခင်ပုံမှန်ဆောင်ရွက်နေကျဖြစ်သော ယာဉ်အမည်ပေါက်ပြောင်းခြင်း/ယာဉ်လိုင်စင်များသက်တမ်းတိုးခြင်း/ယာဉ်မောင်းလိုင်စင်များပြုလုပ်ခြင်းနှင့် အခြားယာဉ်စစ်ဆေးမှုများဆောင်ရွက်ခြင်းတို့ကို အခြားမည်သည့် ကညနရုံးမျှ ဆောင်ရွက်ပေးခြင်းမရှိသေးဘဲ ရပ်ဆိုင်းထားကြောင်း သိရသည်။ လက်ရှိတွင် မြန်မာနိုင်ငံတစ်ဝန်းမှတ်ပုံတင်ထားသော မော်တော်ယာဉ်အစီးရေ ၁၁ သိန်းခန့်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် မှတ်ပုံတင်ထားပြီးအစီးရေ ၅၄၀၀၀၀ ကျော်ရှိနေကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မြင့်မောင်

သန်လျင်၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

ရန်ကုန် မေ ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် သန်လျင်မြို့မဈေးကြီးအတွင်း၌ ရဲတပ်ဖွဲ့က နှာခေါင်းစည်းများအား ယနေ့ နံနက် ၈ နာရီက အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဖြန့်ဝေပေးရာတွင် သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဦးနှင့် ရဲတပ်ဖွဲ့ဝင်များက သန်လျင်မြို့မဈေးကြီးအတွင်း၌ ဈေးရောင်းချသူများနှင့် ဈေးဝယ်လာပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သက်ခိုင် (သန်လျင်)

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

ထီးလင်း

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၉ ရက်က ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ဝါးဘိုးချောင်ကျေးရွာ၌ ပြုလုပ်ခဲ့သည်။

"ဆေးဖျန်းခြင်းအတွက် ဂန့်ဂေါမြို့ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေး လူမှုရေးအဖွဲ့မှ ဦးအောင်စိုးမင်းက ပိုးသတ်ဆေးထောက်ပံ့ပေးပါတယ် "ဟု ဦးမျိုးနိုင်က ပြောသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကျေးရွာ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်စစ်ဆေးရေးကော်မတီက ဦးဆောင်၍ ရွာဦးဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံ၊ တန်ဆောင်း၊ စာသင်ကျောင်း၊ လူနေအိမ်များနှင့် လူသွားလူလာများပြားသည့် လမ်း၊ တံတား စသည့်နေရာများ၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စိန်ကျော်

ရန်ကုန်

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက် ညနေ ၄ နာရီက ခရမ်းမြို့အမှတ် (၉) ရပ်ကွက် ရဲမွန်ရှေးဟောင်းသမိုင်းဝင်စေတီတော်ဝင်းအတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ပိုးသတ်ဆေးဖျန်းခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါပိုးသတ်ဆေးဖျန်းရာသို့ ခရမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆန်းထွန်းနှင့် ဝန်ထမ်းများ၊ ခရမ်းမြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက ရဲမွန်စေတီတော်ဝင်းအတွင်းရှိ သာသနိကအဆောက်အအုံများဖြစ်သည့် ဓမ္မာရုံ၊ ကျောင်းနှင့် ဇရပ်များအတွင်း ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြကြောင်း သိရသည်။

ကိုမင်း(ခရမ်း)

တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

ကလေး မေ ၁၁

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကလေးမြို့နယ်အတွက် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၈ နာရီက ကလေးခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီရုံး၌ ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးလားလ်ထောင်ထန်းတို့က ကျန်းမာရေး အထောက်အကူပြုပစ္စည်းများဖြစ်သော တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ(ရိုးရိုး) အစုံ ၂၀၀ ၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ (ခွဲခန်းသုံး) အစုံ ၈၀၊ မျက်မှန် ၂၅ လက်၊ ပိုးသတ်ဆေး(ပုံးကြီး) နှစ်ပုံး၊ နှာခေါင်းစည်း N95 အခု ၅၀၊ လက်အိတ် အစုံ ၃၀၀၊ နှာခေါင်းစည်းအခုရေ ၂၀၀၀၊ ပိုးသတ်ဆေး(ပုံးသေး) နှစ်ပုံးတို့အား ခရိုင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သန်းထိုက်အောင်(ပြန်/ဆက်)

မြို့နယ်စည်ပင်သာယာရေးကော်မတီမှ နှာခေါင်းစည်းများ ဖြန့်ဝေ

ကျောင်းကုန်း မေ ၁၁

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ပျံ့ကျဈေးအတွင်း နှာခေါင်းစည်းများ ယနေ့နံနက် ၈ နာရီက ဖြန့်ဝေပေးခဲ့သည်။

ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ကိုယ်တိုင်ချုပ်လုပ်ထားသော နှာခေါင်းစည်း ၃၀၀ ကို ဖြန့်ဝေပေးခဲ့ပြီး နှာခေါင်းစည်း မတပ်ဆင်သူများအား နေ့စဉ်ဆက်လက် ဖြန့်ဝေပေးမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်အောင်ဆွေက ပြောသည်။

အဆိုပါဖြန့်ဝေမှုကို မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများက လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် သီပေါ၌ နှာခေါင်းစည်းများ အခမဲ့ဝေငှ

သီပေါ မေ ၁၁

လတ်တလောဖြစ်ပွားနေသော ကိုဗစ်-၁၉ ကူးစက်ရောဂါမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယနေ့နံနက် ၉ နာရီက ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ လမ်းဆုံတွင် ယာဉ်မှူးများ၊ ယာဉ်နောက်လိုက်များ၊ ယာဉ်ပေါ်လိုက်ပါလာသူများ၊ ဆိုင်ကယ်စီးနင်းသူများနှင့် လမ်းသွားလမ်းလာများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ယာယီ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းထွေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ် (၁၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု သီပေါတပ်ဖွဲ့စိတ် တာဝန်ခံရဲတပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက နှာခေါင်းစည်းများ အခမဲ့ဝေငှပေးပြီး ပညာပေးနှိုးဆော်ခဲ့ကြသည်။

အဆိုပါအခမဲ့ဝေငှတပ်ဆင်ပေးခဲ့သောနှာခေါင်းစည်းစုစုပေါင်း ၃၀၀ ကို ယာယီမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းထွေးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်က ဝယ်ယူလှူဒါန်းပေးခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှိုးဆော်အသိပညာပေးခြင်းနှင့်အတူ နှာခေါင်းစည်းအလှူရှင်များ ရှိပါကလည်း ယခုလို တာဝန်ယူ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ကြပ်ကြီး ဝင်းဇော်လတ်၏ ပြောပြချက်အရ သိရသည်။

သီပေါကိုလတ်

မြို့သစ်မြို့နယ်ရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် စားသောက်ကုန်များ လှူဒါန်း

မြို့သစ် မေ ၁၁

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများ၏ အခက်အခဲကို ဖြေလျှော့သည့် အနေဖြင့် East Boy Engineering Company မိသားစု(ရန်ကုန်) မှ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ကုလားပဲတို့ကို ယနေ့ နံနက်ပိုင်းက လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် မြို့သစ်မြို့နယ်ဇာတိသားဖြစ်သည့် East Boy Engineering ကုမ္ပဏီပိုင်ရှင် ဦးညီသူရနှင့် ညီအစ်ကိုမောင်နှမများက မြို့ပေါ်ရပ်ကွက်ငါးရပ်ကွက်နှင့်အနီးဝန်းကျင်ရှိကျေးရွာများမှ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၅၆၀ အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်လေးပြည်၊ ဆီ ၅၀ ကျပ်သား၊ ကုလားပဲ သုံးဘူးတို့အား အလှူရှင်မိသားစု၏ကိုယ်စား မေတ္တာပေါင်းကူး ပရဟိတ လူငယ်အဖွဲ့က အိမ်ထောင်စုများ လက်ဝယ်အရောက် လှူဒါန်းပေးခဲ့သည်။

ဝင်းအိဇွန်(ပြန်/ဆက်)

မြို့နယ်အချို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့် အဆောက်အအုံအချို့ ပျက်စီး

လှိုင်ကော်

ကယားပြည်နယ် လှိုင်ကော်မြို့တွင် မေ ၁၀ ရက် ညနေ ၅ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လှိုင်ကော်မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအချို့တွင် နေအိမ်များအမိုးလန်၍ သစ်ပင်များ ပြိုလဲခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လှိုင်ကော်မြို့နယ်အတွင်းရှိ ထေးသမရပ်ကွက်၊ နာနတ်တောရပ်ကွက်နှင့် ဒေါမူကလားကျေးရွာတို့တွင် နေအိမ် ၁၆ လုံး၊ စာသင်ကျောင်း တစ်ကျောင်း၊ ကားဂိုဒေါင် တစ်လုံး၊ စပါးကျီ တစ်လုံး အမိုးလန်ပျက်စီးခဲ့ပြီး နောင်ယား(က)ရပ်ကွက်ရှိ အိုးအိမ်ဝန်ထမ်းအိမ်ရာ၊ အထက(၃)နှင့် အခြားနေရာများတွင် သစ်ပင်များပြိုလဲခြင်း၊ မီးတိုင်၊ ဖုန်းတိုင်များ ယိုင်လဲခြင်း၊ မီးလိုင်းများ ပြတ်တောက်ခြင်းများ ဖြစ်ပွားခဲ့သည်။

လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ပြိုလဲသွားသော သစ်ပင်များ ၊ မီးတိုင်၊ ဖုန်းတိုင်များ ရှင်းလင်းပြင်ဆင်ခြင်းနှင့် မီးလိုင်းများ ပြန်လည်တပ်ဆင်ခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများနှင့် တပ်မတော်သားများနှင့် ပြည်သူများက ဝိုင်းဝန်းရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

ထွန်းလေး (ပြန်/ဆက်)

သရက်

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ညောင်လေးပင်ကျေးရွာနှင့် သီကုန်းကျေးရွာတို့တွင် မေ ၁၀ ရက် ညနေ ၅ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်ခြောက်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ညောင်လေးပင်ကျေးရွာတွင် နေအိမ်တစ်လုံး၊ သီးကုန်းကျေးရွာတွင် နေအိမ်ငါးလုံး အမိုးလန်ပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

ရန်ကုန်မြို့ ပန်းဆိုးတန်း-ဒလ ဆိပ်ကမ်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေး

ရန်ကုန် မေ ၁၁

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ကျောက်တံတားမြို့နယ် ကိုဗစ်–၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီတို့ ပူးပေါင်း၍ ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်း–ဒလ ဆိပ်ကမ်းတွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးအတွက် ခရီးသွားပြည်သူများအား နှာခေါင်းစည်းများ ဝေငှခြင်း၊လက်သန့်ဆေးရည်များဖြင့် စနစ်တကျ လက်ဆေးရန် တိုက်တွန်းနှိုးဆော်ခြင်း စသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ပြည်သူများအား နှာခေါင်းစည်းများဝေငှခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးရန် နှိုးဆော်ခြင်းစသည့် အသိပညာပေးလုပ်ငန်းကို ကျောက်တံတားမြို့နယ်၊ ဒလမြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ်တို့တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ကျောက်တံတားမြို့နယ်တွင် မေ ၁၁ ရက်က ပထမဆုံးစတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာက ပြောသည်။

ရွှေနန်းမေ (ပြန်/ဆက်)

လက်လုပ်အဝတ် နှာခေါင်းစည်းများ လှူဒါန်း

ရန်ကုန် မေ ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ မပြန့်ပွားစေရန်အတွက် အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ယမန်နေ့ ညနေ ၄ နာရီက ယမုံနာ(၂)ရပ်ကွက်အတွင်းရှိ (၄)လမ်းထိပ်တွင် ဖွင့်လှစ်ရောင်းချနေသောဈေးတွင် ဈေးသည်များနှင့် ဈေးဝယ်သူများအား လက်လုပ်အဝတ် နှာခေါင်းစည်းများ ပေးဝေခဲ့သည်။

ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ စုပေါင်းချုပ်လုပ်ထားသော လက်လုပ်အဝတ်နှာခေါင်းစည်းအခု ၁၀၀ ကို မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စုမြတ်ဝင်းနှင့် အဖွဲ့တို့က ပေးဝေလှူဒါန်းခဲ့ပြီး အသိပညာပေးခဲ့ကြောင်း သိရသည်။

သဲစုစုလွင်(ပြန်/ဆက်)

ဆွာချောင်းအရှေ့ဘက်ခြမ်းရှိ ကျေးရွာချင်းဆက်လမ်းများ မိုးမကျမီအပြီးဆောင်ရွက်လျက်ရှိရာ ခရီးသွားလာမှု အဆင်ပြေတော့မည်

ရေတာရှည် မေ ၁၁

မြို့ပြဒေသနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျှော့ချနိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ရေတာရှည်မြို့နယ် ဆွာချောင်းအရှေ့ဘက်ခြမ်းဒေသ၌ ရာသီမရွေးသွားလာနိုင်သော ကျေးရွာချင်းဆက်လမ်းများ ဆက်လက်ဖောက်လုပ်လျက်ရှိရာ မိုးမကျမီပြီးစီးမည်ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များအတွက် များစွာအဆင်ပြေတော့မည်ဖြစ်သည်။

ဆွာမင်းလမ်း–တံတားကြီး–ရေနီးကျေးရွာလမ်းပိုင်း၊ ရေနီး–ခင်တန်းလေးကျေးရွာလမ်းပိုင်းနှင့် ကညင်အိုင်–အေးသာယာလမ်းပိုင်းတို့ကို ကျောက်ရောမြေသားလမ်းအဖြစ် ဆောင်ရွက်နေခြင်းဖြစ်ပြီး ကနဦးရှေ့ပြေးလုပ်ငန်းများပြီးစီးလုရှိနေပြီး လမ်းအချောသပ်ပိုင်း ကျောက်ရောမြေသားခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

"အခုလိုလမ်းတွေကောင်းလာတော့ အကယ်၍များ မိုးရာသီကာလမှာ ဆွာချောင်းရေကြီးရေလျှံမှုဖြစ်ရင် အမြန်ဆုံးရွှေ့လို့ပြောင်းလို့ရမယ်၊ ကျန်းမာရေးဘက်ကကြည့်ရင်လည်း အရေးပေါ်နေထိုင်မကောင်းဖြစ်ရင် လူနာတင်ယာဉ်ကို အိမ်ရှေ့အထိခေါ်လို့ရပြီ။ မီးဘေးအန္တရာယ်ကျရောက်ရင်လည်း မီးသတ်ကားတွေ အမြန်ဆုံးဝင်လာနိုင်ပြီဖြစ်လို့ ကျွန်တော်တို့ကျေးလက်ဒေသတွေဟာ မြို့ပြဒေသနဲ့ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်တွေ ကျဉ်းမြောင်းလာပါပြီ"ဟု ကညင်အိုင်ကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

ဆွာမြို့နှင့် အဓိကဆက်သွယ်သွားလာနေကြရသည့် ချောင်းတစ်ဖက်ကမ်းရှိ ကျေးရွာပေါင်း ၂၅ ရွာခန့်ရှိပြီး စစ်တောင်းမြစ်အနောက်ကမ်းဒေသတစ်လျှောက် မြစ်ကမ်းထိန်း တာပေါင်လမ်းများမှတစ်ဆင့် ရေတာရှည်မြို့ဘက်သို့လည်းကောင်း၊ ဆွာမြို့ဘက်သို့လည်းကောင်း နေ့စဉ်သွားလာနေကြရခြင်းဖြစ်ရာ ယခုကဲ့သို့ ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်လာသည့်အတွက် တစ်ရွာနှင့်တစ်ရွာ အလွယ်တကူသွားလာနိုင်မည်ဖြစ်ပြီး ကျေးလက်ဒေသထွက်ကုန်များဖြစ်သော စပါး၊ နှမ်း၊ ပြောင်း၊ ကြံနှင့်ပဲအမျိုးမျိုးတို့ကို မြို့ဈေးကွက်သို့တင်ပို့ရာတွင် ကုန်ထုတ်လမ်းအဖြစ်ပါအသုံးပြုနိုင်ခြင်းကြောင့် တောင်သူများအတွက်ပါ အဆင်ပြေနိုင်ကြပြီဖြစ်သည်။

"လမ်းတွေကလည်းကောင်းနေပြီ၊ လျှပ်စစ်မီးတွေကလည်း ရွာတိုင်းလိုလို အဆင်သင့်ဆင်ထားပြီးသားဖြစ်နေပြီ၊ မီတာကျဖို့ပဲလိုတော့တယ်၊ မီတာရပြီဆိုရင် မီးတွေလည်းလင်းပြီဆိုတော့ တောရွာတွေဆိုပေမယ့် မြို့ပြနဲ့မခြား ဆောင်ရွက်ပေးကြတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးလည်းတင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

ကိုလွင်(ဆွာ)

မြစ်သဲကျောက်ထုတ်ယူခြင်းလုပ်ငန်းကို ချင်းတွင်းမြစ်အတွင်း အများဆုံးလုပ်ကိုင်

မုံရွာ မေ ၁၁
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြစ်သဲကျောက်ထုတ်ယူခြင်းလုပ်ငန်းများကို ချင်းတွင်းမြစ်အတွင်းမှ အများဆုံး ထုတ်ယူလုပ်ကိုင်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုး၏ ပြောကြားချက်အရ သိရသည်။

" မြစ်သဲကျောက်ထုတ်ယူခြင်းလုပ်ငန်းကို တစ်နှစ်တစ်ကြိမ်ခွင့်ပြုပေးတယ်၊ မြစ်သဲကျောက်ထုတ်လုပ်မယ့် ဧရိယာတွေက ရေလမ်းကြောင်းကို ထိခိုက်မှုရှိ/မရှိကို ကျွန်တော်တို့ဌာနက ကွင်းဆင်းစစ်ဆေးရတယ်၊ ရေလမ်းကြောင်းနဲ့လွတ်ကင်းတယ်ဆိုရင် ကျွန်တော်တို့က ထောက်ခံပေးရတယ်၊ လုပ်ကိုင်ခွင့်ကိုတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးက ထုတ်ပေးတယ်၊ ချင်းတွင်းမြစ်ထဲမှာ မြစ်သဲကျောက်ထုတ်ယူမှုက အများဆုံးဖြစ်ပါတယ်၊ မြို့နယ်အနေနဲ့ဆိုရင် မုံရွာဧရိယာအတွင်းမှာ အများဆုံး လုပ်ကိုင်ကြတယ်၊ လုပ်ငန်းရှင် ၇၀ လောက်ရှိတယ်၊ ကျွန်တော်တို့ဌာနအနေနဲ့က ရေလမ်းကြောင်းပျက်စီးမှုလည်း မရှိရအောင် စနစ်တကျနဲ့ထုတ်လုပ်နိုင်အောင် ကွင်းဆင်းစစ်ဆေးမှုတွေ လုပ်ဆောင်ပြီး ဧရိယာသတ်မှတ်ပေးတဲ့နေရာတွေမှာပဲ ထုတ်လုပ်ကြဖို့ပြောရပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးက ပြောသည်။

မြစ်သဲကျောက်ထုတ်ယူမှုအနေဖြင့် ချင်းတွင်းမြစ်အတွင်း ရှစ်နေရာတွင်လည်းကောင်း၊ မူးမြစ်အတွင်း သုံးနေရာနှင့် ၎င်းမြစ်များအတွင်းသို့ စီးဝင်လျက်ရှိသော ချောင်းများအတွင်းမှ ခုနစ်နေရာတွင် လည်းကောင်း စုစုပေါင်း ၁၈ နေရာ တို့တွင် မြစ်သဲကျောက် ထုတ်ယူသုံးစွဲခြင်းများကို လုပ်ကိုင်ခွင့်များ လျှောက်ထားပြီး လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

အောင်လံမြို့နယ်၌ ဇေယျာမြစ်ရေတင်လုပ်ငန်းမှရေဖြင့် နွေစပါးများအောင်မြင်ဖြစ်ထွန်း

အောင်လံ မေ ၁၁
မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ နွေသီးနှံဧက ၃၇၀၀ အား မြစ်ရေတင်လုပ်ငန်းလေးခုဖြင့် စိုက်ပျိုးရေပေးဝေရန် လျာထားခဲ့သော်လည်း ယခုအခါ လျာထားဧကထက် ပြည့်မီကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပြီး သီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယင်းတို့အနက် ဇေယျာမြစ်ရေတင်လုပ်ငန်းသည် ယခုနှစ်နွေရာသီတွင် လျာထားဧက ၅၅၀ သာရှိသော်လည်း နွေစပါးဧက ၆၅၀ အထိ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါရေပေးဝေမှုတွင် ခန့်မှန်းမီတာယူနစ်ကုန်ကျစရိတ်မှာ တစ်ဧကလျှင် ကျပ် ၄၀၀၀၀ နှုန်းခန့်သာရှိပြီး ရေမြောင်းများ ကောင်းမွန်လာခြင်းဖြင့် စိုက်ပျိုးရေရယူရာတွင် အခက်အခဲမရှိခြင်း၊ အချိန်ရာသီအလိုက် လိုအပ်သောအချိန်တွင် စိုက်ခင်းများသို့ ရေပေးသွင်းနိုင်ခြင်းတို့ကြောင့် တစ်ဧကအထွက်နှုန်းတိုးတက်လာပြီး စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိလာခြင်းဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ကျော်က ပြောသည်။

သိန်းလွင်(အောင်လံ)

တွံတေးမြို့နယ်ရှိ ရေခက်ခဲသည့်ကျေးရွာများအား ရေပြတ်လပ်မှုမရှိစေရေး သောက်သုံးရေဖြန့်ဝေ

တွံတေး မေ ၁၁
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသည့် ကျေးရွာများသို့ သောက်သုံးရေများကို တွံတေးမြို့နယ် ဘုရားကြီး မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ စိတ္တသုခကုသိုလ်ပြုအသင်းတို့က လိုက်လံဖြန့်ဝေလှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းက လက်ပံဂွကျေးရွာအုပ်စု သာစည်၊ ပုသိမ်၊ စက်ဆန်းကျေးရွာ၊ ဖျောက်ရိုးကျေးရွာအုပ်စု ဖျောက်ရိုးကျေးရွာရှိ ပြည်သူများထံသို့ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ဘုရားကြီး မီးသတ်စခန်းနှင့် စိတ္တသုခကုသိုလ်ပြုအသင်းမှ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

လိုက်လံဖြန့်ဝေ

တွံတေးမြို့နယ် ဘုရားကြီးမီးသတ်စခန်း တာဝန်ခံ ဦးမောင်မောင်မြင့် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက တပ်ဖွဲ့ပိုင်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေဂါလန် ၁၆၀၀ ဆံ့ ယာဉ်တစ်စီး၊ စိတ္တသုခကုသိုလ်ပြုအသင်းမှ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ကျေးရွာပြည်သူများထံသို့ အိမ်အရောက်လိုက်လံဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုရက်ပိုင်း ကျေးရွာအချို့တွင် ရေကန်များခန်းခြောက်လာကာ သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့လျက်ရှိသဖြင့် မီးသတ်ဦးစီးဌာနနှင့် စိတ္တသုခကုသိုလ်ပြုအသင်းတို့အနေဖြင့် ရေများဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

ဒေးဒရဲမြို့နယ် ထောင်မှူးချောင်ကျေးရွာသို့ သောက်သုံးရေဂါလန် ၂၅၀၀ သွားရောက်လှူဒါန်း

ဒေးဒရဲ မေ ၁၁
နွေရာသီသို့ရောက်ရှိလာပြီဖြစ်၍ သောက်သုံးရေများ ရှားပါးလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလအတွင်း သွားလာကန့်သတ်ချက်များရှိလာသဖြင့် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ထောင်မှူးချောင်ကျေးရွာအုပ်စုသို့ မေ ၉ ရက် နံနက်ပိုင်းက သွားရောက်၍ သောက်သုံးရေဂါလန် ၂၅၀၀ အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နွေရာသီကာလတွင် သောက်သုံးရေကန်များ ခန်းခြောက်မှုဖြစ်ပေါ်လျက်ရှိရာ ရေရှားပါးမှုကြုံတွေ့နေရသော ကျေးလက်နေပြည်သူများ သောက်သုံးရေပြတ်လပ်မှုမဖြစ်စေရေးအတွက် ရေဂါလန် ၂၅၀၀ အား ထောင်မှူးချောင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများသို့ ဖြန့်ဝေပေးခဲ့ပြီး ဌာနမှ ရေရှားပါးမှုကြုံတွေ့နေသည့် ကျေးရွာများသို့လည်း ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက ပြောသည်။

အဆိုပါသောက်သုံးရေလှူဒါန်းပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဌေးနှင့် ဌာနဆိုင်ရာများက ကွင်းဆင်းသွားရောက်၍ အဝတ်နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ လူစုလူဝေးမဖြစ်ပေါ်စေရေး တစ်ဦးနှင့်တစ်ဦး သုံးပေခွာ၍ စနစ်တကျ သောက်သုံးရေများ လှူဒါန်းပေးခဲ့ပြီး သောက်သုံးရေလိုအပ်လျက်ရှိသည့် ဒေးဒရဲမြို့နယ်အတွင်းရှိ ကျေးရွာများအနေဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး ၀၉-၄၂၄၇၂၇၇၆ ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မြင့်မြင့်ခိုင်(ပြန်/ဆက်)

ကြာတကန်ကျေးရွာတွင် မြေအောက်ရေဖြင့်စိုက်ပျိုးသည့် နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျွန်းလှ မေ ၁၁
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကြာတကန်ကျေးရွာတွင် မြေအောက်ရေဖြင့် စိုက်ပျိုးသော နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော်မြေအောက်ရေတူးပြီး နွေနှမ်း သုံးဧက စိုက်ပျိုးထားပါတယ်။ နှမ်းစိုက်ခင်းကို မတ်လဆန်းပိုင်းက စတင်စိုက်ပျိုးခဲ့ကာ အခုဆို နှစ်လသားရှိပြီး အောင်မြင်နေပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကလည်း ကူညီပံ့ပိုးပေးလျက်ရှိပါတယ်။ မြေအောက်ရေရရှိရေး ဆောင်ရွက်ပေးနိုင်ပါက တောင်သူတွေနွေသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်"ဟု နွေနှမ်းစိုက်တောင်သူ ဦးမြသာက ပြောသည်။

အဆိုပါ နွေသီးနှံစိုက်တောင်သူများအား မျိုးကောင်းမျိုးသန့်ရရှိရန်ဆောင်ရွက်ပေးခြင်း၊ ကိုဗစ်-၁၉ ကာလအလွန် တောင်သူများ အခက်အခဲမရှိစေရန်နှင့် ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းများ အချိန်မီကာကွယ်ရန်ကွင်းဆင်းဆောင်ရွက်ခြင်း၊ သဘာဝမြေဆွေး ပြုလုပ်နည်းလက်တွေ့ပြသခြင်း၊ GAP သီးနှံဖြစ်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

မျိုးဝင်းညို(ကျွန်းလှ)

ကျိုက်မရော၌ သောက်သုံးရေအခက်အခဲရှိသော ကျေးရွာများသို့ သောက်သုံးရေများ အခမဲ့ဖြန့်ဝေ

ကျိုက်မရော မေ ၁၁
မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ ကနိုင်းကလိုင်ကျေးရွာ ကရင်တောအပေါ်ရွာနှင့် အလယ်ရွာ၊ ရေတွင်းကုန်းကျေးရွာ မင်္ဂလာကုန်းရပ်ကွက်များတွင် အပူချိန်မြင့်မားပြီး သောက်သုံးရေအခက်အခဲများ ဖြစ်ပေါ်နေသဖြင့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောအောင်မြင့်ခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦးတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးမှ ရေသယ်ယာဉ် တစ်စီး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ရေဂါလန် ၂၆၀၀ ကို ယနေ့ နံနက် ၈ နာရီက သောက်သုံးရေလိုအပ်နေသည့် နေအိမ်များအရောက် လိုက်လံဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ ရေလှူဒါန်းမှုများကို ရေရှားပါးမှုဖြစ်ပေါ်နေသော ရပ်ကွက်နှင့် ကျေးရွာများသို့ ရေသယ်ယာဉ်များဖြင့် နေ့စဉ် ဖြန့်ဝေလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောအောင်မြင့်ခိုင်ထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

အင်းလေးခရမ်းချဉ်သီးများ ပိဿာချိန်နှစ်သိန်းခန့် နေ့စဉ် တင်ပို့ရောင်းချရ

ညောင်ရွှေ မေ ၁၁

အင်းလေးဒေသမှ စိုက်ပျိုးထွက်ရှိသည့် ခရမ်းချဉ်သီးများကို မြန်မာပြည်အနှံ့အပြားရှိ မြို့ကြီးများသို့ ကုန်ပိဿာချိန်နှစ်သိန်းခန့် နေ့စဉ် တင်ပို့ ရောင်းချလျက်ရှိကြောင်း ညောင်ရွှေမြို့ရှိ အောင်မြန်မာ ခရမ်းချဉ်သီးပွဲရုံမှ သိရသည်။

အင်းလေးဒေသ၏ အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် ခရမ်းချဉ်သီးကို လမ်းကြောင်းကြီးသုံးခုဖြင့် အဓိကထား၍ တင်ပို့လျက်ရှိကြောင်း၊ အများဆုံး တင်ပို့မှုမှာ မန္တလေးဖြစ်ကြောင်း၊ ထို့ပြင် မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ မကွေး၊ မင်းဘူး၊ ပြည်၊ ပျော်ဘွယ်၊ ပဲခူး၊ မော်လမြိုင်၊ မြိတ်၊ ထားဝယ်၊ ရန်ကုန်၊ ပုသိမ်၊ စစ်ကိုင်း၊ မုံရွာ၊ မြစ်ကြီးနား၊ လားရှိုး၊ မူဆယ်မြို့များသို့ အဓိကထား တင်ပို့ကြောင်း၊ ခရမ်းချဉ်သီးခူးဆွတ်ရောင်းချမှု၏ ရာသီအစဖြစ်သည့် ဧပြီလတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဈေးနှုန်းကျဆင်းမှုရှိသော်လည်း ကုန်စည်စီးဆင်းမှု ပုံမှန်လည်ပတ်နေသောကြောင့် ဈေးနှုန်းအနည်းငယ်တက်လာသဖြင့် စိုက်ပျိုးတောင်သူအတွက် သာမက ရောင်းချသူအတွက်ပါ အဆင်ပြေခဲ့ကြောင်း၊ ဝယ်ဈေးအနေဖြင့် ခရမ်းချဉ်သီးအစိမ်း တစ်ပိဿာလျှင် ကျပ် ၁၅၀ မှ ကျပ် ၂၅၀ အတွင်း ရှိကြောင်း၊ ရောင်းဈေးအနေဖြင့် ခရမ်းချဉ်သီးအမှည့် ကျပ် ၃၀၀ မှ ကျပ် ၃၅၀ အတွင်းရှိကြောင်း၊ ခရမ်းချဉ်သီး၏ အရွယ်အစား ခွဲခြားမှုပေါ်မူတည်၍ ဈေးနှုန်း ခြားနားမှုရှိကြောင်း အောင်မြန်မာပွဲရုံ လုပ်ငန်းရှင် ကိုအောင်အောင်က ပြောသည်။

အင်းလေးဒေသတွင် ခရမ်းချဉ်သီးကို ရေပေါ်ကျွန်းမျောများ၌ အဓိက စိုက်ပျိုးသီးနှံအဖြစ် အများအပြား စိုက်ပျိုးလျက်ရှိပြီး နှစ်စဉ် ဧပြီလမှ ဒီဇင်ဘာလအတွင်း အများဆုံးတင်ပို့ရောင်းချကြောင်း သိရသည်။

နေမျိုးသူရိန်

ဟုမ္မလင်းမြို့နယ်၌ ရော်ဘာစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

ဟုမ္မလင်း မေ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၌ ရော်ဘာစိုက်ဧက ၈၁၈၇ ဧက စိုက်ပျိုးမှုတွင် ၅၃၁ ဧက အစေးထုတ်နိုင်ပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ရော်ဘာပင်တွေကို ၂၀၀၅-၂၀၀၆ စိုက်ပျိုးရာသီမှာ စတင်စိုက်ပျိုးခဲ့ပါတယ်။ ဟုမ္မလင်းမြို့နယ်မှာ ပျမ်းမျှအားဖြင့် တစ်နှစ်ကို ဧက ၆၀၀ စိုက်ပျိုးလျက်ရှိပါတယ်။ စိုက်ပျိုးမှုပုံစံမှာ တန်းကြား ၂၄ ပေ၊ အပင်ကြား ကိုးပေနဲ့ တစ်ဧကကို ရော်ဘာ ၂၀၂ ပင်စိုက်ပျိုးလျက်ရှိပါတယ်။ ရော်ဘာကို စိုက်ပျိုးပြီး ခုနစ်နှစ်သားခန့်ရောက်ရှိချိန်မှာ အစေးထုတ်၍ရပါတယ်။ ရော်ဘာအစေးထွက်နှုန်းမှာ တစ်ဧကကို ပျမ်းမျှ ပေါင် ၆၀၀ ခန့်ထွက်ရှိပါတယ်။ ရော်ဘာအဆင့်သုံး တစ်ပေါင်ကို ငွေကျပ် ၅၆၀ နဲ့ ရောင်းရပါတယ်။ တစ်နှစ်ကို အစေးလှီး ဧက ၅၀၀ ကျော်မှ အစေးပေါင် ပေါင်း သုံးသိန်းခန့် ထွက်ရှိပါတယ်ဟု" စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းမင်းဇော်က ပြောသည်။

"အလားတူ ရော်ဘာအပင်အောက်တွင် ကော်ဖီပင်တွေလည်း စတင်စိုက်ပျိုးနေပြီဖြစ်ပါတယ်။ ကော်ဖီပင်စိုက်ပျိုးမှုပုံစံမှာ တန်းကြား ရှစ်ပေ၊ အပင်ကြား ငါးပေဖြင့် တစ်ဧကလျှင် ကော်ဖီပင် ၇၅၀ ကို ဧက ၁၀၀ စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဟုမ္မလင်းမြို့နယ်မှာ ကျေးရွာအုပ်စု ၇၈ အုပ်စုမှ ရော်ဘာကို ကျေးရွာ ၃၇ ရွာက စိုက်ပျိုးလျက်ရှိပါတယ်။ ရော်ဘာစိုက်ပျိုးမှုမှာ ၁၅ နှစ်အတွင်း ဧက ၈၁၈၇ ဧက အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာနမှ ဦးမင်းမင်းဇော်က ဆက်လက်ပြောသည်။

ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရော်ဘာစိုက်တောင်သူများကို မျိုးစေ့ရွေးချယ်သည့်အခါမှန်ကန်မှုရှိစေရန်နည်းလမ်း၊ ရော်ဘာစိုက်နည်းစနစ်၊ ရော်ဘာလှီးနည်းစနစ်နှင့် ရော်ဘာအပင်စောင့်ရှောက်နည်းစနစ်များကို တောင်သူများ သိရှိနားလည်စေရန် အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွေးကြူဇင်

ချောက်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၄၂၁၀၀ ပျိုးထောင်ထားရှိ

ချောက် မေ ၁၁

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် မိုးရာသီကာလအတွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများ ပျိုးပင်အခမဲ့ရယူစိုက်ပျိုးနိုင်ရန်အတွက် မင်းကန်ကျေးရွာ မင်းကန်ယာယီပျိုးဥယျာဉ်အတွင်း မြို့နယ်သစ်တောဦးစီးဌာနက သစ်ပင်ပျိုးပင်ပေါင်း ၄၂၁၀၀ ကို စိုက်ပျိုးထားကြောင်း သိရသည်။

"မိုးရာသီသစ်ပင်စိုက်ပျိုးဖို့အတွက် ချောက်မြို့နယ်သစ်တောဦးစီးဌာန ပျိုးဥယျာဉ်မှာ ပျိုးပင်ပေါင်း ၄၂၁၀၀ ရှိပြီး ရေတမာနဲ့ တမာပင်များကို ၂၀၁၈ ခုနှစ် ဇွန်လကတည်းက ပျိုးထောင်ပြီး ကျန်အပင်များကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလကတည်းက စတင်ပျိုးထောင်ထားရှိပါတယ်။ အခုပျိုးထောင်ထားရှိတဲ့ ပျိုးပင်များကို ၂၀၂၀ ပြည့်နှစ် မိုးရာသီသစ်ပင်စိုက်ပျိုးရန် သတ်မှတ်ထားတဲ့ နေရာများမှာ စိုက်ပျိုးသွားမှာဖြစ်ပြီး ဘုန်းတော်ကြီးကျောင်းများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ပြည်သူများ၊ အဖွဲ့အစည်းများ၊ စာသင်ကျောင်းများအပါအဝင် မိမိနေအိမ်ခြံဝင်းနှင့် ဥယျာဉ်ခြံမြေများအတွင်း စိုက်ပျိုးလိုသူများကိုလည်း ပျိုးပင်များ အခမဲ့ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ သစ်ပင်စိုက်ပျိုးခြင်းဖြင့် မြေဆီ၊ မြေဩဇာ တိုးပွားစေခြင်း၊ ရာသီဥတု အပူချိန်ထိန်းညှိပေးနိုင်ခြင်း၊ ရေလွှမ်းမိုးမှုထိန်းသိမ်းပေးနိုင်ခြင်းအစရှိတဲ့ အကျိုးကျေးဇူးတွေကိုရရှိမှာဖြစ်ပါတယ်"ဟု မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်မင်းထွန်းက ပြောသည်။

ယခုနှစ် ပျိုးထောင်စိုက်ပျိုးထားသည့် အပင်များမှာ ယူကလစ် ၁၃၃၀၀၊ ယင်းမာ ၁၄၅၀၀၊ တမာ ၂၁၀၀၊ လျှော်ဖြူ ၂၀၀၀၊ မန်ကျည်း ၁၇၀၀၊ စစ်(သစ်ဖြူ)ပင် ၁၅၀၀၊ ဖန်ခါး ၅၀၀၊ ဆီးဖြူ ၂၀၀၊ ဖျောက်ဆိပ် ၂၀၀၊ စိန်ပန်းကြီး ၅၀၀၊ မဲဇလီ ၁၀၀၀၊ သစ်ဆိမ့် ၅၀၀၊ ဗာဒံ ၅၀၀၊ ရေတမာ ၁၀၀၀၊ ထနောင်း ၁၀၀၀၊ ဒဟတ် ၅၀၀၊ မန်ဂျန်ရှား ၅၀၀၊ ဆီး ၂၀၀၊ ခရေ ၅၀၀ စသည့် အပင် ၁၉ မျိုး ပျိုးပင်ပေါင်း ၄၂၁၀၀ ကို မင်းကန်ယာယီပျိုးဥယျာဉ်တွင် ပျိုးထောင်ပြီးဖြစ်ကြောင်း သိရသည်။

မချို(ပြန်/ဆက်)

မြို့သစ်မြို့နယ်မှ မိုးရာသီစိုက်ပျိုးရန် ပျိုးပင်ပေါင်း ၂၂၉၀၀ ပျိုးထောင်ထားရှိ

မြို့သစ် မေ ၁၁

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီကာလတွင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၂၂၉၀၀ ကို မြို့နယ်သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်တွင် ပျိုးထောင်ထားရှိကြောင်း သိရသည်။

မြို့သစ်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်ပင်စိုက်ပျိုးရာသီအတွက် ယင်းမာပင် ၂၀၀၀၊ ရေတမာပင် ၃၀၀၊ ခရေပင် ၅၀၀၊ စိန်ပန်းကြီးပင် ၁၀၀၀၊ စိန်ပန်းလေးပင် ၁၀၀၀၊ တမာပင် ၃၀၀၊ ဗာဒံပင် ၂၀၀၊ လျှော်ဖြူပင် ၅၀၀၀၊ ဆီးဖြူပင် ၂၅၀၀၊ မြန်မာကုက္ကိုပင် ၃၀၀၊ ယူကလစ်ပင် ၈၈၀၀၊ မဲဇလီပင် ၁၀၀၀ စုစုပေါင်း ပျိုးပင် ၂၂၉၀၀ ကို ပျိုးထောင်ထားရှိကြောင်း သိရသည်။

အဆိုပါ ပျိုးပင်များကို ဒေသခံပြည်သူများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာရုံးများ၊ အခြေခံပညာကျောင်းများသို့ လာမည့် ဇွန်၊ ဇူလိုင် မိုးကျရာသီတွင် အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တောင်သူများ ပြည်ပဝယ်လက်မျှော်နေရသည့် ရေနံချောင်းကြက်သွန်နီဈေးကွက်

ရေနံချောင်း မေ ၁၁

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ဒေသထွက်ကြက်သွန်နီ လက်ကားအရောင်းအဝယ်လုံးဝမရှိဘဲ လက်လီအဝယ်များကို ရောင်းချနေပြီး ပြည်ပဝယ်လက်များကိုမျှော်နေရကြောင်း တောင်သူများထံမှ သိရသည်။

"ကြက်သွန်အသစ်ပေါ်တာလည်း မကြာသေးပါဘူး။ တစ်လပဲရှိသေးတာ။ အရောင်းအဝယ်ကတော့ လက်လီပဲရောင်းနေရတယ်။ လက်ကားအရောင်းအဝယ်ကတော့ မရှိသလောက်ပါပဲ။ အရင်နှစ်ကာလများက ရောင်းကောင်းဝယ်ကောင်းပေါ့။ အခုတောင်သူတွေ လက်မှာ ပိဿာ ၃၀၀၀ ဝန်းကျင်သာ ရှိသေးတယ်။ ကိုဗစ်-၁၉ ရောဂါ လုံးဝကင်းစင်သွားရင် ကြက်သွန်နီ ပြည်ပဈေးကွက်မှဝယ်ဖို့ မျှော်လင့်နေကြတယ်။ အရင်းက တစ်ပိဿာကျပ် ၆၀၀ ဝန်းကျင်ရှိပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

လက်ရှိဈေးကွက်တွင် တောင်သူများအနေဖြင့် ငွေပေါ်ငွေလိုသူတောင်သူများက ကြက်သွန်နီကို လက်လီအဖြစ် ထုတ်ရောင်းကြပြီး ဖုန်းဖြင့်မှာကာ အိမ်တိုင်ရာရောက်ပို့နေရကြောင်း သိရသည်။ လက်လီဈေးကွက်တွင် ကြက်သွန်နီတစ်ပိဿာ ကျပ် ၆၀၀ သာရှိပြီး နှစ်ဆန်းပိုင်းက တစ်ပိဿာ ကျပ် ၁၂၀၀ ဝန်းကျင်ရှိခဲ့ကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်တွင် မိုးနှောင်းစိုက်ဥပုံ ကြက်သွန်အပြင် ဥစိုက်ကြက်သွန်ဧက၃၀၀၀ ဝန်းကျင်ရှိပြီး မြစ်သား၊ ဆိပ်ဖြူ၊ ပခုက္ကူမြို့များနှင့်အပြိုင် ကြက်သွန်ကြာရှည်ထားသိုခံခြင်း၊ အရည်အသွေးကောင်းခြင်းများကြောင့် ပြည်တွင်းပြည်ပမှ ကြိုက်နှစ်သက်ကြကြောင်း သိရသည်။

ဆန်းညွန့်(ရေနံချောင်း)

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုပေးနိုင်ရေး နေပြည်တော်ကောင်စီသို့ အလှူငွေများလာရောက် လှူဒါန်း

နေပြည်တော် မေ ၁၁

နေပြည်တော်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီရုံး ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးတင်ထွန်း၊ ပုဗ္ဗသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က နေပြည်တော်ကောင်စီအနေဖြင့် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ပြီး ပြည်ထောင်စုနယ်မြေအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေးနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ စီမံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

လှူဒါန်းပွဲတွင် After You ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းအောင်ကျော်နှင့် တာဝန်ရှိသူများက အလှူငွေကျပ် သိန်း ၃၀၀ ကို ပေးအပ်လှူဒါန်းရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ပြည်ထောင်စုနယ်မြေအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေးနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်စွာအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်မင်းလွင်(ပြန်/ဆက်)

ဝါးခယ်မမြို့ရှိ မြို့မဈေးနှင့် ယာယီပျံကျဈေးများတွင် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

ဝါးခယ်မ မေ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ရှိ မြို့မဈေးနှင့် ယာယီပျံကျဈေးများတွင် ယနေ့ နံနက် ၈ နာရီက ဈေးရောင်းဈေးဝယ်များအနေဖြင့် နှာခေါင်းစည်းများ တပ်ဆင်မှု အသိပညာပေးပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့မဈေးနှင့် ယာယီပျံကျဈေးများရှိ ဝင်ပေါက်၊ ထွက်ပေါက်များတွင် လက်ဆေးဘေစင်များထားရှိပြီး ဈေးလာရောက်ဝယ်သူများအနေဖြင့် လက်ဆေးခြင်း၊ နှာခေါင်းစည်းများ ဝတ်ဆင်ပြီးမှသာ ဈေးအတွင်းသို့ ဝင်ခွင့်ပြုခြင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ဈေးရောင်းချသူများအနေဖြင့် နှာခေါင်းစည်းများဝတ်ဆင်ကာ ဈေးရောင်းချခြင်းကို နေ့စဉ်အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ဈေးလာဝယ်တဲ့သူတွေကို နှာခေါင်းစည်းဝတ်ဆင်ပြီးမှ ဈေးထဲဝင်ခိုင်းတယ်။ မပါတဲ့သူတွေကို အဝတ်နှာခေါင်းစည်း အခမဲ့ပေးတယ်။ ဈေးရောင်းချတဲ့သူတွေကိုလည်း နှာခေါင်းစည်းဝတ်ဆင်ပြီး ရောင်းချဖို့ ညွှန်ကြားပြီးသားပါ။ နေ့စဉ်လိုက်လံ ကြပ်မတ်စစ်ဆေးလုပ်ဆောင်နေပါတယ်။ မလိုက်နာတဲ့သူတွေကိုလည်း စည်ပင်သာယာရေးအဖွဲ့က ဒဏ်ငွေရိုက်တာမျိုးရှိတယ်။ ဒါကလည်း မြို့နယ်အတွင်း ကိုဗစ် -၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ဝါးခယ်မမြို့မဈေး၊ ယာယီပျံကျဈေး၊ ကျုံမငေးမြို့မဈေးတွေမှာ ဈေးရောင်းဈေးဝယ်တွေကို နေ့စဉ် နှာခေါင်းစည်းအခု ၁၀၀ ကျော် အခမဲ့ဖြန့်ဝေပေးနေပါတယ်။ နှာခေါင်းစည်းဖြန့်ဝေတာကတော့ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် ကိုဗစ် ၁၉ ရောဂါ ထိန်းချုပ်ရေးနဲ့ အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ အလှူရှင်တွေက စုပေါင်းလှူဒါန်းပေးတာ ဖြစ်ပါတယ် " ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးက ပြောပြသည်။

လွှမ်းသီဟ (ပြန်/ဆက်)

မြဝတီခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းမှ အခြေခံစားသောက်ကုန်ပစ္စည်းများ ရောင်းချလျက်ရှိ

နေပြည်တော် မေ ၁၁

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် မြဝတီခရိုင်အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း (G.E.C)အရောင်းဆိုင်သည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း အသင်းသားများ၊ မြို့နေပြည်သူလူထုများ လိုအပ်သည့် စားသောက်ကုန်နှင့် လူသုံး၊ အိမ်သုံးပစ္စည်းများကို ဈေးနှုန်းမှန်ကန်သက်သာစွာဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ စည်းကမ်းများကို လိုက်နာလျက် နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ (ပိတ်ရက်မရှိ) ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မောင်မောင်မျိုး

ရွှေကူမြို့၌ နှာခေါင်းစည်း၊ လက်ဆေးဆပ်ပြာရည်များနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ လှူဒါန်း

ရွှေကူ မေ ၁၁

ကချင်ပြည်နယ် ရွှေကူမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ဖွင့်လှစ်ရောင်းချလျက်ရှိသော ဈေးရောင်းသူများနှင့် ဈေးဝယ်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရန်အတွက် Buy More ပရဟိတအဖွဲ့က ယနေ့ နံနက် ၇ နာရီတွင် နှာခေါင်းစည်း အခု ၂၀၀ နှင့် လက်ဆေးဆပ်ပြာရည် ၈၂ ဘူးအား ဈေးရောင်းဈေးဝယ်သူများ၏ လက်ဝယ်သို့အရောက် ပေးအပ်လှူဒါန်းခဲ့သည်။

ကချင်ပြည်နယ် Buy More ပရဟိတအဖွဲ့တာဝန်ခံ ဦးခန့်မင်းထက်က "ကိုဗစ်-၁၉ ကာလတစ်လျှောက်မှာ ဈေးရောင်းဈေးဝယ်သူတွေကို ကျန်းမာရေးနဲ့ညီညွတ်စွာ နေထိုင်ရောင်းဝယ်စေဖို့၊ ကျန်းမာရေးလုပ်ငန်းစဉ်တွေကို ပြည်သူတွေနဲ့အတူ ပူးပေါင်းပါဝင်ကာကွယ်နိုင်ဖို့ လုပ်ဆောင်နေပါတယ်။ ဆေးရုံ၊ ဆေးခန်းတွေမှာလည်း တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံတွေ ပေးအပ်လှူဒါန်းနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

ဆက်လက်၍ Buy More ပရဟိတအဖွဲ့က ရွှေကူမြို့ ပြည်သူ့ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ နှစ်စုံနှင့် Test Kit နှစ်ခုကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျော်မျိုးအောင်
(ပြန်/ဆက်)

လှိုင်ကော်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အထောက်အကူပြုပစ္စည်းများ လှူဒါန်း

လှိုင်ကော် မေ ၁၁

ကယားပြည်နယ် လှိုင်ကော်မြို့အတွင်းရှိ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အသုံးပြုရန်

အတွက် ပြည်နယ်အစိုးရအဖွဲ့က ကူညီထောက်ပံ့ပေးသည့် လက်ကိုင်စပီကာနှင့် Memory Stick များအား ယနေ့ နံနက် ၁၀ နာရီက လှိုင်ကော်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ဝင်းက လက်ကိုင်စပီကာနှင့် Memory Stick များပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကယားပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သော လက်ကိုင်စပီကာနှင့် Memory Stick များကို လှိုင်ကော်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ပေးအပ်ခဲ့သည်။

"ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ ကူညီထောက်ပံ့ပေးမှုကြောင့် ရပ်ကွက်အတွင်းရှိ ပြည်သူတွေ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး အသိပညာတွေ ကျယ်ပြန့်စွာသိရှိစေနိုင်ဖို့ လက်ကိုင်စပီကာနှင့် Memory Stick များ ပေးအပ်ခြင်းဖြစ်ပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ဝင်းက ပြောသည်။

စိုးလှိုင်ငွေး(ပြန်/ဆက်)

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အထောက်အကူပြုပစ္စည်းများ လှူဒါန်း

လှိုင်းဘွဲ့ မေ ၁၁

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အထောက်အကူပြု ဆေးရုံသုံးပစ္စည်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လာရောက်လှူဒါန်းခဲ့ကြသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ဘေးအန္တရာယ်ကြိုတင်ကာကွယ်၊ တားဆီးရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ အသုံးပြုနိုင်ရန်အတွက် လိုအပ်နေသော ကျန်းမာရေးအသုံးအဆောင်ပစ္စည်းများ၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဘားအံမြို့ ခြေတု၊ လက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနက မျက်နှာဖုံး အခု ၃၀၀ ၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းက လက်သန့်ဆေးရည် ၂၅ ဘူး၊ လက်ဆေးဆပ်ပြာခဲ ၁၀၀၊ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း ၉၀ ၊ လှိုင်းဘွဲ့တပ်နယ်မှ ဦးဆောင်၍ ခမရ(၂၈)မှ ဆေးကုသနေသော လူနာများနှင့် ဝန်ထမ်းများအတွက် ကြက်ဥအလုံး ၁၀၀ နှင့် စားသောက်ဖွယ်ရာများ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်
(ပြန်/ဆက်)

ချယ်လ်ဆီးလူငယ်ကစားသမား ချာလီဝက်ဘ်စတာကို ဒေါ့မွန်အသင်းက ခေါ်ယူမည်ဟုဆို

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းဟာ အသင်းရဲ့ လူငယ်တိုက်စစ်မှူး ဂျာဒန်ဆန်ချိုကို ဆုံးရှုံးရဖွယ်ရှိနေတာမို့ ချယ်လ်ဆီးအသင်းရဲ့ လူငယ်တိုက်စစ်မှူး ချာလီဝက်ဘ်စတာကို ခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။

အသက် ၁၆ နှစ်အရွယ်ရှိ တိုက်စစ်မှူး ချာလီဝက်ဘ်စတာဟာ ချယ်လ်ဆီးအသင်းရဲ့ လူငယ်အကယ်ဒမီကနေ ပေါက်ဖွားလာတဲ့ ကစားသမားတွေထဲမှာ အတောက်ပဆုံး ကစားသမားတစ်ဦးဖြစ်ပြီး ဒေါ့မွန်အသင်းကို ပြောင်းရွှေ့ခဲ့မယ်ဆိုရင် ပထမအသင်းမှာ ပွဲထွက်ကစားခွင့်ရဖို့ ရာနှုန်းပြည့်သေချာနေတာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းမှာ ဆက်ရှိနေမယ်ဆိုရင် ပရီမီယာလိဂ်မှာ ကစားရဖို့ စောင့်ရဦးမယ့်အနေအထားဖြစ်ပါတယ်။

တိုက်စစ်မှူး ဂျာဒန်ဆန်ချိုဟာ ၂၀၁၇ ခုနှစ်က မန်စီးတီးအသင်းကနေ ဒေါ့မွန်အသင်းဆီ ပြောင်းရွှေ့ခဲ့ပြီး တောက်ပတဲ့ကစားသမားတစ်ဦးဖြစ်လာခဲ့သလို အင်္ဂလန်လူငယ်ကစားသမားအများစုဟာလည်း ဥရောပဆီ ပြောင်းရွှေ့ကစားခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့် ချာလီဝက်ဘ်စတာအနေနဲ့ အပြောင်းအရွှေ့ဈေးကွက် ပြန်ဖွင့်ပါက ချယ်လ်ဆီးအသင်းကနေ ဒေါ့မွန်အသင်းဆီ ပြောင်းရွှေ့လိမ့်မယ်လို့ သတင်းတွေ ထွက်ပေါ်နေတာဖြစ်ပါတယ်။

ကန်တီကို ဆုံးရှုံးခဲ့ပါက ဒီကလန်ရိုက်ကို ချယ်လ်ဆီး ခေါ်ယူမည်

ချယ်လ်ဆီးအသင်းဟာ ကွင်းလယ်ကစားသမား ကန်တီကို ဆုံးရှုံးခဲ့ပါက အစားထိုး ကစားသမားအဖြစ် ဝက်စ်ဟမ်းအသင်းကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို ခေါ်ယူသွားမယ်လို့ ဆိုပါတယ်။

လက်ရှိမှာ ကန်တီကို ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပြီး ဒီကလန်ရိုက်ကို ခေါ်ယူဖို့ ချယ်လ်ဆီးအသင်းနဲ့ မန်ယူအသင်းတို့ အပြိုင်ကြိုးပမ်းနေတာလည်း ဖြစ်ပါတယ်။

ပြင်သစ်ကြယ်ပွင့်ကစားသမား ကန်တီဟာ ဒဏ်ရာပြဿနာတွေကြုံခဲ့လို့ အခုနှစ် ဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်းနဲ့အတူ ပွဲစဉ်အများအပြား လွဲချော်ခဲ့ရကြောင်း၊ ကန်တီအနေနဲ့ အသင်းကနေ ထွက်ခွာမယ်ဆိုရင် တိုက်ရိုက်အစားထိုးတဲ့အနေနဲ့ ဝက်စ်ဟမ်းအသင်းမှ အင်္ဂလန်ကစားသမား ဒီကလန်ရိုက်ကို ခေါ်ယူသွားမှာဖြစ်ကြောင်း နည်းပြ ဖရန့်လမ်းပတ်က ပြောကြားခဲ့ပါတယ်။

ကန်တီဟာ လွန်ခဲ့တဲ့ငါးနှစ်အတွင်းက ဥရောပရဲ့ အကောင်းဆုံးကွင်းလယ်ကစားသမားတွေထဲက တစ်ဦးဖြစ်ခဲ့ပြီး ချယ်လ်ဆီးအသင်း၊ လက်စတာစီးတီးအသင်းတို့နဲ့အတူ ပရီမီယာလိဂ် ဖလားနှစ်ကြိမ် ရယူနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်တွင် ကစားမည်ဟု အဘိုးဖြစ်သူအား ကတိပြုခဲ့ကြောင်း အူဘာမေယန် ပြောကြား

အာဆင်နယ်အသင်းမှ ဂါဘွန်တိုက်စစ်မှူး အူဘာမေယန်ကို စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းက နွေရာသီဈေးကွက်အတွင်းမှာခေါ်ယူဖို့ ဆန္ဒရှိနေပြီး အူဘာမေယန်ကလည်း ရီးယဲလ်မက်ဒရစ်အသင်းမှာ ကစားမယ်ဟု အဘိုးဖြစ်သူအား ကတိပြုခဲ့တယ်လို့ ပြောကြားခဲ့ပါတယ်။

အသက် ၃၀ အရွယ် အူဘာမေယန်ဟာ အဘိုးဖြစ်သူမသေဆုံးမီ နှစ်နှစ်အလိုဖြစ်တဲ့ ၂၀၁၆ ခုနှစ်အတွင်းက အဘိုးဖြစ်သူကို ကတိပေးခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ အဲဒီအချိန်က အူဘာမေယန်ဟာ ဒေါ့မွန်အသင်းမှာ ရှိနေသေးတာဖြစ်ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာတော့ အာဆင်နယ်အသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။

အူဘာမေယန်ဟာ အခုနှစ်မှာ ပါဝင်ကစားခဲ့တဲ့ ပွဲစဉ် ၁၇ ပွဲအပါအဝင် အာဆင်နယ်အသင်းနဲ့အတူ လက်ရှိအချိန်အထိ ပရီမီယာလိဂ်ပွဲစဉ် ၇၅ ပွဲ ပါဝင်ကစားပေးထားပြီး သွင်းဂိုး ၄၉ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး အူဘာမေယန်ရဲ့ အာဆင်နယ်အသင်းနဲ့ ချုပ်ဆိုထားတဲ့စာချုပ်ဟာ ၂၀၂၁ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပြီး အာဆင်နယ်အသင်းကတော့ ကွင်းလယ်ကစားသမား ရမ်ဆေးကို ဆုံးရှုံးခဲ့ရသလို ကစားသမားကောင်းတစ်ဦးနောက်ထပ် မဆုံးရှုံးဖို့ ကြိုးပမ်းနေတာ ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ အူဘာမေယန်ကို ခေါ်ယူဖို့ ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ နဲ့ရရှိမယ်လို့ ယုံကြည်ထားတာဖြစ်ပါတယ်။ လက်ရှိမှာ ရီးယဲလ်မက်ဒရစ်အသင်းအပြင် ချယ်လ်ဆီးအသင်း၊ မန်ယူအသင်း၊ အင်တာမီလန်အသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ကလည်း ဂါဘွန်တိုက်စစ်မှူး အူဘာမေယန်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

အနုပညာ

The World of the Married ကနေ ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်သန်းရရှိခဲ့တဲ့ ကင်ဟီအေး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ကင်ဟီအေးဟာ လတ်တလော ဒေသတွင်းမှာ ထုတ်လွှင့်ပြသလျက်ရှိတဲ့ ရုပ်သံဇာတ်လမ်းတွဲ The World of the Married မှာ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲရိုက်ကူးမှုကနေ ကင်ဟီအေးဟာ အနုပညာကြေးခန့်မှန်းခြေ အမေရိကန်ဒေါ်လာ တစ်သန်းခန့်ရရှိခဲ့ကြောင်း ဟန်စင်းနီးမားဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါဇာတ်လမ်းတွဲကို JTBC ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသတာဖြစ်ပြီး ရုပ်သံဇာတ်လမ်းတွဲတွေအနက် ကြည့်ရှုသူအများဆုံးအဖြစ်လည်း စံချိန်တင်ထားပါတယ်။ အဆိုပါဇာတ်လမ်းတွဲဟာ သောကြာ-စနေနေ့တိုင်း ထုတ်လွှင့်တဲ့ ဇာတ်လမ်းတွဲဖြစ်ပြီး လက်ရှိအချိန်အထိ ဇာတ်လမ်းတွဲအပိုင်း ၁၄ ပိုင်း ထုတ်လွှင့်ခဲ့ပြီးပါပြီ။ လာမယ့်သီတင်းပတ်မှာ အပြီးသတ်ထုတ်လွှင့်သွားမှာလည်း ဖြစ်ပါတယ်။ ကင်ဟီအေးဟာ ယင်းဇာတ်လမ်းတွဲရဲ့ အဓိကအကျဆုံးသော ဇာတ်ဆောင်ဖြစ်ပြီး သူ့အတွက် အနုပညာကြေးဟာ ဇာတ်လမ်းတွဲတစ်ပိုင်းကို အမေရိကန်ဒေါ်လာ ခြောက်သောင်းခန့် ရရှိခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် - ရေးသားသည်

အီတေးဝန်က ကလပ်တစ်ခုကို နှာခေါင်းစည်း ဝတ်ဆင်ခြင်းမရှိဘဲ သွားရောက်ခဲ့တဲ့ ဂျူရီ

တောင်ကိုရီးယားအမျိုးသမီး တေးဂီတအဖွဲ့ KARA ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဂျူရီဟာ လတ်တလောမှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်မှုတွေကြောင့် အသွားအလာကန့်သတ်ထားတဲ့ ကာလအတွင်း အီတေးဝန်မှာရှိတဲ့ ကလပ်တစ်ခုကို နှာခေါင်းစည်း ဝတ်ဆင်ခြင်းမရှိဘဲ သွားရောက်ခဲ့ကြောင်း အောကေပေ့ပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း အီတေးဝန်ရဲ့ ကလပ်တစ်ခုကို သွားရောက်ခဲ့သူတွေ ကိုရိုနာဗိုင်းရပ်စ်အစုလိုက် ကူးစက်ခံရမှုတွေ့ရှိခဲ့ရကြောင်း ဒေသတွင်းသတင်းတွေမှာ ဖော်ပြခဲ့ကြပြီး ဂျူရီဟာလည်း ကိုရိုနာဗိုင်းရပ်စ်ပိုးသယ်ဆောင်သူသွားရောက်ခဲ့တဲ့ ကလပ်တွေထဲကတစ်ခုကို သွားရောက်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒေသတွင်းမီဒီယာတစ်ခုက ဖော်ပြခဲ့တဲ့ ဗီဒီယိုမှာ ဂျူရီဟာ KARA ရဲ့ တေးသီချင်းတစ်ပုဒ်ဖွင့်ထားချိန်မှာ ကနေပြီး မျက်နှာမှာ နှာခေါင်းစည်း တပ်ဆင်ထားခြင်းမရှိတာကိုလည်း တွေ့ရကြောင်းလည်း သိရပါတယ်။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းလမ်း၊ အမှတ်(၈၁)နေ ဒေါ်အေးအေးသန်း[၁၂/ကမတ(နိုင်)၀၀၉၁၈၃] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်သည်မှာ-

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့၊ အမှတ်(၄)ရပ်ကွက်၊ မင်းလမ်းရှိ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၂/ဈေးရပ်)၊ ဦးပိုင်အမှတ်(၆၁)၊ မြေကွက်အမှတ် (၂၇၆)၊ မြေချိန်ဧရိယာ (၀.၀၆၆) ဧကကို တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန်အမှတ် ၉၅/၂၀၁၄ အရ (၁၅-၁၂-၂၀၁၄) ရက်နေ့မှ အစပြုကာ ဒေါ်အေးအေးသန်းက နှစ် (၃၀) အမည်ပေါက်ရရှိ ပိုင်ဆိုင်ထားသည့်မြေကွက် ဥပစာဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်အေးအေးသန်း၏ အတိအလင်းသဘောတူညီချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ မြေကွက် ဥပစာတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်းမပြုရန်နှင့် လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားရလိမ့်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်းချမ်း B.A(Law); LL.B တရားလွှတ်တော်ရှေ့နေ နှင့် နိုတြီပဗ္ဗလစ်၊ စဉ် ၂၃၄၄/၁၈-၃-၁၉၈၃
ဒေါ်နန်းသက်သက်ထွန်း LL.B တရားလွှတ်တော်ရှေ့နေ စဉ်-၁၅၈၃၂/၁၅-၈-၂၀၁၉
ဒေါ်အေးသဥ္ဇာရှော (ခ) ဒေါ်အေးသန္တာရှော LL.B အထက်တန်းရှေ့နေ စဉ် ၅၁၉၀၉ /၃၁-၁-၂၀၁၉
Cherry Legal Group ၊ အမှတ်-၂၀၇၊ ရေထွက်ဦးလမ်း၊ ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂၊ ၂၃(ကမာရွတ်)၊ ၂၆၊ ၂၈(သမိုင်း)၊ လူနေရပ်ကွက်အမှတ်-မင်းဓမ္မအိမ်ရာ၊ မြေကွက်အမှတ်-၇၆၊ အကျယ်အဝန်း(အလျား ၆၀xအနံ ၈၉.၅)ပေ၊ ဧရိယာ(၀.၁၂၃)ဧက၊ (၅၃၈၁.၉၀)စတုရန်းပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးသောမြေငှားစာချုပ်တွင် Myanmar Imperial Vega Co.,Ltdအမည်ပေါက်လျက်ရှိသော နှစ်(၆၀)ဂရန် မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ၉-၅-၂၀၂၀ရက်တွင် ပြုလုပ်သော Myanmar Imperial Vega Co.,Ltd၏ အစည်းအဝေးမှတ်တမ်း-(029/MGC/Marketing/2020)အရ ဦးအောင်မင်း[၁၂/လသန(နိုင်)၀၀၆၁၈၂]က ကုမ္ပဏီကိုယ်စားဆောင်ရွက်ကာ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ မြေကွက်အရောင်းအဝယ်ကိစ္စအား ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းမော်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၆)
အမှတ်(၄၅/၁)၊ မြေညီထပ်၊ ၄၃လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၀၀၃၁၂၉၂

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာလမ်း၊ အမှတ်(၄၅၀)ဟု ခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၅)ထပ်တိုက် အဆောက်အအုံ ရှိ အကျယ်အဝန်း (၁၇ပေx၅၄ပေ) ရှိ ဒုတိယထပ် (၃-လွှာ)၊ ခြေရင်းခန်းတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဆက်စပ်စာချုပ်အရ ဒေါ်ခင်စန္ဒာဝင်း [၁၂/စခန(နိုင်)၀၂၉၅၁၀] မှ အရှုပ်အရှင်းကင်းစွာ လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်းဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သင်းသင်းမော် (LL.B) (D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၆)
အမှတ်(၄၅/၁)၊ မြေညီထပ်၊ ၄၃လမ်း၊ ဗိုလ်တထောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း-၀၉၄၅၀၀၃၁၂၉၂

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊မြေကွက်အမှတ်(၉၄၀)၊မြေကွက်တည်နေရာအမှတ်(၉၄၀)၊ (၈၂)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ဦးထွန်းမြင့် (၁၂/သကတ(နိုင်)၀၁၅၇၉၀)+ဒေါ်နွယ်နွယ်ပါ(၁၂/တမန(နိုင်)၀၃၈၆၂၄)မြေအားနှစ်(၆၀)ဂရန်မြေအမည်ပေါက်ဦးထွန်းမြင့်+ဒေါ်နွယ်နွယ်ပါကိုယ်တိုင်မှနှစ်(၆၀)ဂရန်မူရင်းတင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ ကူးလျှောက်ထားလာခြင်းဖြစ်ပါသည်။မြေစာရင်းတွင် ဦးထွန်းမြင့်+၁မှ မြေကွက်ခွဲ+စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားမှုရှိပါသဖြင့် ရှင်းလင်းတင်ပြရန်အကြောင်းကြားခဲ့ရာ ၂၀၁၄ ခုနှစ်၌မြေကွက်ခွဲနှင့်စွန့်လွှတ်မြေပုံမှာ ရှာ၍မရ၍ ပျောက်ဆုံးကြောင်းနှင့်၄င်းမြေပုံနှင့်ပတ်သက်၍ ကိစ္စအဝဝကို တာဝန်ယူကြောင်းဝင်စာ-၃၁၀၇(၂၅.၃.၂၀၂၀)ရက်နေ့တွင် တင်ပြလာပါသည်။သို့ဖြစ်ပါ၍နှစ်(၆၀)ဂရန်မြေအမည်ပေါက်ဦးထွန်းမြင့်+၁မှ ဂရန်မူရင်းတင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြီးမြန်
သစ်ပင်
စိုက်ပျိုး
လျှင်
စွမ်းအင်
လည်း
ရ
ပြည်
လည်း
လှ

BEAUTY PERFECT CO.,LTD ၏ Agent, ကိုယ်စားလှယ်များနှင့် ၎င်းတို့နှင့်ဆက်စပ်နေသော လက်လီလက်ကားအရောင်း ကိုယ်စားလှယ်များအား အသိပေးကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဒေါင်းဇရပ်ရပ်ကွက်၊ ဈေးကြို၊ ကျိုက္ခမီလမ်းမကြီး၊ အမှတ်(၁၄၁-ဘီ)တွင် ဖွင့်လှစ်ထားသော Cosmetic & Skincare အလှကုန်ပစ္စည်းအမျိုးမျိုးအား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိသည့် Beauty Perfect Co.,Ltdထံမှ လက်လီလက်ကားဝယ်ယူသော Agent များ၊ အရောင်းကိုယ်စားလှယ်ကြီးများ၊ အဝယ်တော်များ၊ အရောင်းသမားများအနေဖြင့် ဈေးကွက်အတွင်း ဆိုင်များ၌ဖြစ်စေ၊ Onlineမှတစ်ဆင့်ဖြစ်စေ ပြန်လည်ရောင်းချရာတွင် သုံးစွဲသူများယုံကြည်စိတ်ချစွာ ဝယ်ယူနိုင်ရန်အတွက် အလှကုန်ပစ္စည်း Item တစ်ခုစီတိုင်းအပေါ် ကုမ္ပဏီမှ တရားဝင်သတ်မှတ်ပေးထားသည့် ပုံသေဈေးနှုန်းအတိုင်းသာ ရောင်းချပါရန်နှင့်မည်သည့်အကြောင်းနှင့်မျှ ပုံသေဈေးနှုန်းထက် ဈေးလျှော့၍ဖြစ်စေ၊ ဈေးတင်၍ဖြစ်စေ မရောင်းချကြပါရန် ကုမ္ပဏီမှ အသိပေးတားမြစ်အပ်ပါသည်။ အကယ်၍ တားမြစ်ထားသည်ကို ဖောက်ဖျက်၍ ကုမ္ပဏီ၏ သတ်မှတ်ပုံသေဈေးနှုန်းနှင့်မဟုတ်ဘဲ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း တွေ့မြင်ကြားသိရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲ ဥပဒေနှင့်အညီ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်မှုကြောင်းအရဖြစ်စေ၊ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်းနှင့် တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်မှုများကြောင့် ဈေးကွက်ပျက်စီးစေမှု၊ သုံးစွဲသူများ ထင်ယောင်ထင်မှားဖြစ်ကာ ယုံကြည်မှုလျော့နည်းစေမှု စသည့်ကုမ္ပဏီ၏အကျိုးစီးပွား ထိခိုက်နစ်နာမှုများအတွက် ထိုက်သင့်သောလျော်ကြေးငွေများကို တောင်းခံသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

Beauty Perfect Co.,Ltd–မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဒေါ်ရတနာမိုး၏
လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.L,D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၃၇)
The Solution Power Law Firm–အမှတ်(၂၁)၊ မြေညီထပ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘုတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၉၈၉၄၂

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၃) ရပ်ကွက်၊ ဗိုလ်လင်းယုန်လမ်း၊ အမှတ်(၀/၅၅)၊ (၄၀x၆၀)ပေကျယ်ဝန်းသော မြေကွက်နှင့် ပျဉ်ထောင်အိမ်အား ရောင်းပိုင်ခွင့်ရှိသူဟု ဆိုသော ဦးဘီမောင်(ခ) ဦးတင်ရွှေထံမှကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိသူများ စာရွက်စာတမ်းခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ်အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သန်းသန်းငြိမ်း (LL.B) တရားလွှတ်တော်ရှေ့နေ စဉ်(၃၄၀၃)
တိုက် (၃၃/၄၉)၊ အခန်း(၃၇) Strand Condominium
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ တပ်မတော်ဆေးရုံ၌ COVID-19 ရောဂါရှာဖွေရေး RT-PCR စက်တပ်ဆင်ထားရှိမှုအား ကြည့်ရှုစစ်ဆေး

NDAA (မိုင်းလား)အဖွဲ့နှင့် UWSA (ဝ)အဖွဲ့တို့မှ တာဝန်ရှိသူများအား သီးခြားစီလက်ခံတွေ့ဆုံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် NDAA (မိုင်းလား)အဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းလင်းနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် မေ ၁၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်လှိုင်နှင့် အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ တပ်မတော်ဆေးရုံ ဇီဝမော်လီကျူးဆိုင်ရာ ဓာတ်ခွဲခန်းတွင် ထားရှိတပ်ဆင်ထားသည့် COVID–19 ရောဂါရှာဖွေရေး RT–PCR (Thermocycle ROTOR GENE–6000) စက်တပ်ဆင်ထားရှိမှုနှင့် အသုံးပြုပုံအဆင့်ဆင့်တို့အား လှည့်လည်ကြည့်ရှုပြီး Quarantine ထားရှိရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများအား တွေ့ဆုံပြီး COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ○**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ရန်ပုံငွေ၊ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်း

ရန်ကုန် မေ ၁၁

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အလှူရှင်များက (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်း ပြည်ထောင်စုခန်းမ၌ ပြုလုပ်သည်။

ပြောကြား

ရှေးဦးစွာ အလှူရှင်များကိုယ်စား နိုင်ငံတော်နှင့်အကျိုးတူ ကျောက်စိမ်းကျောက်မျက်တူးဖော်ရေး လုပ်ငန်းရှင်များအဖွဲ့ကိုယ်စား ဦးနေဝင်းထွန်းက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ **စာမျက်နှာ ၃ ကော်လံ ၂ သို့ ☆**

ကြေးမုံ
အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာတစ်ဦး ပြန်လည်ခန့်အပ်မည်

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဘယ်လ်ဂျီယံနိုင်ငံသား နည်းစနစ်ဒါရိုက်တာ အဲရစ်အာဗရန်နုတ်ထွက်ပြီးနောက် နည်းစနစ်ဒါရိုက်တာတစ်ဦး ပြန်လည်ခန့်အပ်သွားမည်ဖြစ်သည်။

သုံးနှစ်စာချုပ် ချုပ်ဆိုခဲ့

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နည်းစနစ်ဒါရိုက်တာအဲရစ်အာဗရန်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလက ခန့်အပ်ခဲ့ပြီး သုံးနှစ်စာချုပ် ချုပ်ဆိုခဲ့သော်လည်း တစ်နှစ်ခွဲကျော်အကြာတွင် လမ်းခွဲခဲ့ခြင်းဖြစ်သည်။ အဲရစ်အာဗရန်သည် ပြီးခဲ့သည့် လပိုင်းကရာထူးမှ နုတ်ထွက်လိုကြောင်း တင်ပြခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီးနောက် နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အဲရစ်အာဗရန်သည် ဘယ်လ်ဂျီယံနိုင်ငံ၏ လက်ရှိနာမည်ကြီး ဘောလုံးသမားများကို မွေးထုတ်ပေးခဲ့သူဖြစ်ပြီး မြန်မာနိုင်ငံမတိုင်မီက ဩစတြေးလျဘောလုံးအဖွဲ့ချုပ်တွင် **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳**

ကြေးမုံ ယနေ့ ဖတ်စရာ

အီရန်ရေတပ် စစ်ရေးလေ့ကျင့်စဉ် မတော်တဆမှုကြောင့် တပ်ဖွဲ့ဝင် ၁၉ ဦး သေဆုံး	ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို လူသားများဖြင့် ဇူလိုင်လတွင် စတင်စမ်းသပ်မည်	COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း	ချယ်လ်ဆီးလူငယ်ကစားသမား ချာလီဝက်ဘ်စတာကို ဒေါ့မွန်အသင်းက ခေါ်ယူမည်ဟုဆို
စာမျက်နှာ » ၁၂	စာမျက်နှာ » ၁၃	စာမျက်နှာ » ၁၅	စာမျက်နှာ » ၂၆

ကြေးမုံ
အထူးကဏ္ဍ
မေ ၁၂၊ ၂၀၂၀ (အင်္ဂါနေ့)

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

အများပြည်သူနှင့် မဏ္ဍိုင်သုံးရပ်အကြား ပေါင်းကူးပေးနေသည့် ပြန်ကြားရေးဝန်ကြီးဌာန

ခင်ရတနာ၊ ဇင်ဦး ၊ ဓာတ်ပုံ-သီဟစည်သူ

ပြည်သူများအားလုံးအတွက် ပြည်သူများကပင် ယုံကြည်စွာရွေးကောက်တင်မြှောက်မှုဖြင့် တာဝန်ယူခဲ့သည့် နိုင်ငံတော်အစိုးရသည် ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာကို ဖြတ်သန်းခဲ့ပြီး ဖြစ်ပါသည်။ ဝန်ကြီးဌာနအသီးသီးသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဆီသို့ ရှေးရှုကာ နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ကျရာတာဝန်ကို အသီးသီးထမ်းဆောင်ခဲ့ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည်လည်း အများပြည်သူနှင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသည့် နိုင်ငံတော်၏ မဏ္ဍိုင်သုံးရပ်တို့အကြား ဆက်သွယ်ပေါင်းကူး ပြန်ကြားပေးခြင်းဖြင့် နိုင်ငံ့တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်လျက်ရှိသည်နှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သည့် ပြည်သူများအား ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသော ဆောင်ပုဒ်အတိုင်း စတုတ္ထတစ်နှစ်တာကိုလည်း တာဝန်ကျေပွန်စွာ ဖြတ်သန်းနိုင်ခဲ့ပြီးဖြစ်ပါသည်။ စတုတ္ထတစ်နှစ်တာအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုများနှင့် အခက်အခဲများ၊ စိန်ခေါ်မှုများအပြင် အနာဂတ်ရည်မှန်းချက်များကိုပါ သိရှိနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများအား တွေ့ဆုံမေးမြန်းခဲ့ပါသည်-

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်

ဒေါက်တာဖေမြင့် (ပြည်ထောင်စုဝန်ကြီး)

မေး။ ။ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဦးတည်ချက်၊ ရည်မှန်းချက်များနဲ့ ဝန်ကြီးဌာနရဲ့အကြောင်းကို မိတ်ဆက်ပြောကြားပေးစေလိုပါတယ်ရှင့်။

ဖြေ။ ။ ပြန်ကြားရေးဝန်ကြီးဌာနက မဏ္ဍိုင်ကြီးသုံးရပ်နဲ့ ပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးရတဲ့ ဌာနဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ အခုလို ဖြေကြားတာသည်ပင် ဆက်သွယ်ပေါင်းကူးတာပဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအပါအဝင် မဏ္ဍိုင်ကြီးသုံးရပ်ရဲ့ စတုတ္ထတစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့တဲ့ ဆောင်ရွက်ချက်တွေကို အများပြည်သူ သိရှိစေဖို့အတွက် ပြန်ကြားရေးဝန်ကြီးဌာနကနေ ရိုက်ကူးပြီး ရုပ်သံအစီအစဉ်တွေ၊ သတင်းစာများကနေ ဖော်ပြတာဖြစ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနရဲ့ အဓိကတာဝန်တွေရှိပါတယ်။ ပထမဆုံးကတော့ အများပြည်သူကို သတင်းအချက်အလက်တွေပေးဖို့ဖြစ်ပါတယ်။ နောက်တစ်ခုက အများပြည်သူ အသိပညာဖွံ့ဖြိုးတိုးတက်ဖို့ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဖျော်ဖြေမှုပေးဖို့ ဖြစ်ပါတယ်။ အဲဒီ တာဝန်တွေကို ဝန်ကြီးဌာနရဲ့ ဌာနကြီးလေးခုက ဆောင်ရွက်တာဖြစ်ပါတယ်။

မေး။ ။ ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်တွေကို ဆောင်ရွက်နိုင်ဖို့အတွက် ဖွဲ့စည်းဆောင်ရွက်ထားတဲ့ဌာနတွေ အကြောင်းကိုလည်း ပြောပြစေလိုပါတယ်ရှင့်။

ဖြေ။ ။ ပထမဆုံးတစ်ခုကတော့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဖြစ်ပါတယ်။ ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်တွေကို မြန်မာဘာသာအပြင် တိုင်းရင်းသားဘာသာစကားတွေ၊ အင်္ဂလိပ်ဘာသာတွေနဲ့ လွှင့်တင်ပေးတာဖြစ်ပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် သတင်းအချက်အလက်ပေးခြင်း၊ အသိပညာပေးခြင်းနှင့် ဖျော်ဖြေမှုပေးခြင်းစတဲ့ တာဝန်သုံးရပ်စလုံးကိုဆောင်ရွက်ပါတယ်။

နောက်တစ်ခုကတော့ သတင်းအလုပ်ကို အဓိကထားဆောင်ရွက်တဲ့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖြစ်ပါတယ်။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအောက်မှာတော့ ကြေးမုံနဲ့ မြန်မာ့အလင်းသတင်းစာတွေကို မြန်မာဘာသာနဲ့ ထုတ်ဝေပါတယ်။ အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့ The Global New Light of Myanmar သတင်းစာကိုတော့ ပြင်ပကုမ္ပဏီတစ်ခုနဲ့ ပူးပေါင်းထုတ်ဝေပါတယ်။ လုပ်ငန်းရဲ့ သဘောကတော့ ပုံနှိပ်နည်းအရ ဆောင်ရွက်ရတာဖြစ်ပြီး မြန်မာအသံနှင့် ရုပ်မြင်သံကြားကတော့ အသံနှင့် ရုပ်သံထုတ်လွှင့်တဲ့နည်းအရ ဆောင်ရွက်ပါတယ်။

အခုအချိန်မှာ နည်းပညာတွေဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ မီဒီယာအသစ်တွေ ဖြစ်တဲ့ အွန်လိုင်းမီဒီယာ သို့မဟုတ် ဒစ်ဂျစ်တယ်မီဒီယာအဖြစ် ပြောင်းလဲလာတဲ့အခါ သတင်းစာတွေနဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဟာ အွန်လိုင်းမှာလည်း သတင်းအချက်အလက်တွေကို လွှင့်တင်တာမျိုးတွေ လုပ်ဆောင်ပါတယ်။ အဲဒီလိုနည်းအားဖြင့် သတင်းအချက်အလက်တွေကို ဖြန့်ချိဆောင်ရွက်ပါတယ်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအပြင် အဓိကအားဖြင့် အသိပညာပေးတဲ့တာဝန်ကို ထမ်းဆောင်တာဖြစ်ပြီး အစိုးရနဲ့အဖွဲ့အစည်းတွေရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေ မှတ်တမ်းတင်တဲ့အလုပ်ကို တာဝန်ယူဆောင်ရွက်ရတာကတော့ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနဖြစ်ပါတယ်။ ပုံနှိပ်ခြင်းအပိုင်းမှာတော့ နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနတွေနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတွေကို ပုံနှိပ်ထုတ်ဝေရပါတယ်။ မှတ်တမ်းတွေ ရိုက်ကူးပုံနှိပ်ပါတယ်။ အစောဆုံးအနေနဲ့ဆိုရင် အစိုးရတွေရဲ့ ဆောင်ရွက်ချက်တွေနဲ့ ဝန်ထမ်းအကြီးအကဲတွေ ခန့်အပ်တာဝန်ပေးခြင်းစတဲ့ အစိုးရပြန်တမ်းတွေ ပုံနှိပ်တဲ့လုပ်ငန်းကို အစိုးရရဲ့ ပြန်ကြားရေးဌာနတွေ စတင်ပေါ်ပေါက်စဉ်ကတည်းက ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ကနဦးတာဝန်တွေကို ဆောင်ရွက်ရတာဖြစ်ပါတယ်။ မူလတာဝန်အရ ပုံနှိပ်တာတွေအပြင် ဒီကနေ့မှာတော့ ပညာရေးဝန်ကြီးဌာနက ပြဋ္ဌာန်းထားတဲ့ ကျောင်းသုံးစာအုပ်တွေကို လုပ်ငန်းအပ်နှံတဲ့အတွက် ကျောင်းသုံးစာအုပ် ပုံနှိပ်ပေးတဲ့အလုပ်ကို ဒီဌာနက အတော်များများ တာဝန်ယူဆောင်ရွက်ပေးနေပါတယ်။

ဒါ့အပြင် ရွေးကောက်ပွဲအတွက် မဲစာရင်းတွေနဲ့ မဲလက်မှတ်တွေကိုလည်း ရိုက်နှိပ်ဆောင်ရွက်ပေးပါတယ်။ နောက်ပြီး တိုင်းပြည်အသိပညာဖွံ့ဖြိုးတိုးတက်ဖို့နဲ့ စာပေဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ငန်းတွေကိုလည်း ဆောင်ရွက်ရပါတယ်။ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအောက်မှာ စာပေဗိမာန်ဆိုတဲ့ဌာနခွဲရှိပါတယ်။ စာပေဗိမာန်က ဦးဆောင်ပြီး စာပေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်တာရှိပါတယ်။

နောက်ဌာနတစ်ခုကတော့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖြစ်ပါတယ်။ သူကတော့ အမည်နာမအတိုင်း ပြည်သူ့ဆက်ဆံရေးအလုပ်ကို အလေးထားဆောင်ရွက်ပါတယ်။ ဒီဌာနက အများပြည်သူနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံတဲ့အလုပ်ကို လုပ်ပါတယ်။

မေး။ ။ ပြန်ကြားရေးဝန်ကြီးဌာနအောက်က ဌာနတွေက အများပြည်သူနဲ့ မဏ္ဍိုင်သုံးရပ်အကြား ဘယ်လိုထိတွေ့ပေါင်းကူးပေးနေသလဲဆိုတာကိုလည်း သိပါရစေ။

ဖြေ။ ။ ပြန်ကြားရေး ဝန်ကြီးဌာနဟာ မဏ္ဍိုင်သုံးရပ်နဲ့ အများပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးတယ်လို့ ဆိုထားပါတယ်။ တစ်နည်းပြောရရင် အစိုးရနဲ့ ပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးတဲ့ ဌာနဖြစ်ပါတယ်။ အဲဒီလို ဆက်သွယ်ပေါင်းကူးရာမှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့ဟာ ကိုယ့်ရုပ်သံတွေ၊ သတင်းစာ စာမျက်နှာတွေကနေတစ်ဆင့် အများပြည်သူနဲ့ ဆက်ဆံထိတွေ့တာဖြစ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကတော့ လူကိုယ်တိုင် တိုက်ရိုက်ထိတွေ့ဆက်ဆံပါတယ်။

အမြို့မြို့အနယ်နယ်မှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတွေ၊ စာကြည့်တိုက်တွေရှိပါတယ်။ တစ်ချိန်ကတော့ စာကြည့်တိုက်လုပ်ငန်းကို အဓိကလုပ်ကိုင်ပါတယ်။ ဒီကနေ့မှာတော့ ရုံးတွေ၊ စာကြည့်တိုက်တွေကို အများပြည်သူ ဝင်ထွက်သွားလာရာ နေရာတွေ၊ အများပြည်သူတွေ တွေ့ဆုံနှီးနှောဖလှယ်ရာနေရာတွေ အများပြည်သူ ဆွေးနွေးပွဲတွေလုပ်တဲ့နေရာစတဲ့ အများပြည်သူပိုင်တဲ့နေရာတွေ၊ Community Center တွေအဖြစ် အသွင်ပြောင်းလဲဆောင်ရွက်ပါတယ်။ ပြည်သူ့စကားဝိုင်းတို့၊ စာပေဆွေးနွေးပွဲတို့ စသည်ဖြင့် ရပ်ရွာနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ ဆွေးနွေးဝေဖန်တဲ့ နေရာဌာနအဖြစ် ကျွန်တော်တို့ ပြောင်းလဲလုပ်ကိုင်နေပါတယ်။

ပြည်သူနဲ့ ဆက်ဆံတဲ့နေရာမှာ ကိုယ့်ဘက်က ပြောချင်နေတာတွေကို အများပြည်သူကို ပြောနေတာမဟုတ်ဘဲ အများပြည်သူက ဆွေးနွေးချင်တာ၊ တောင်းဆိုတင်ပြချင်တာတွေကို ဒီနေရာမှာ တောင်းဆိုဆွေးနွေးတင်ပြခွင့်ရရှိအောင် ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။

ဒါ့အပြင် အသိပညာပြန့်ပွားရေးလုပ်ငန်းတွေ ဆောင်ရွက်သလို မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထူးအလေးပြုဆောင်ရွက်နေတာဖြစ်ပါတယ်။ လူသိများထင်ရှားတဲ့ ကလေးစာပေပွဲတော်၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွေကိုလည်း ဒီဌာနက အဓိကဦးဆောင်ပြီး ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။

အထူးကဏ္ဍ [ခ] သို့ »»

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(နေပြည်တော်)ရှိ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [က] မှ

မေး။ ။ ဝန်ကြီးဌာနအောက်မှာရှိတဲ့ ဌာနတွေရဲ့ အချင်းချင်းချိတ်ဆက်ဆောင်ရွက်မှုအပိုင်းကိုလည်း သိလိုပါတယ်ရှင့်။

ဖြေ။ ။ ဌာနကြီးလေးခုခွဲခြားတည်ရှိနေတာဖြစ်ပေမယ့် ဌာနလေးခုသည် တစ်ခုချင်း ကိုယ့်အလုပ်ကိုပဲ သီးခြားလုပ်ကိုင်နေတာ မဟုတ်ပါဘူး။ တစ်ခုနဲ့တစ်ခု ပေါင်းစပ်ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ဥပမာ သတင်းအလုပ်ဆိုရင် သတင်းစုဆောင်းတဲ့ မြန်မာ့သတင်းစဉ်ဆိုတဲ့ ဌာနရှိတယ်။ သတင်းစဉ်ကနေရရှိလာတဲ့ သတင်းတွေကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အသုံးပြုတယ်။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ သတင်းစာတွေကလည်း အသုံးပြုပါတယ်။ အထူးသဖြင့် နောက်ပိုင်းမှာ မီဒီယာအသစ်တွေ ဖွံ့ဖြိုးတိုးတက်လာခဲ့မယ်ဆိုရင် ရုပ်သံလွှင့်တဲ့လုပ်ငန်း၊ စာရွက်ပေါ်ကနေ သတင်းဖြန့်ချိတဲ့လုပ်ငန်းအားလုံးဟာ အတူပေါင်းစပ်ပြီး ပိုမိုလုပ်ကိုင်လာရမှာ ဖြစ်ပါတယ်။

အဲဒီနေရာမှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည်လည်း သတင်းလုပ်ငန်းထဲမှာ အကျုံးဝင်လာမှာ ဖြစ်ပါတယ်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွေဟာ အနယ်နယ်အရပ်ရပ်မှာရှိပြီး ဝန်ထမ်းတွေဟာ သတင်းစုဆောင်းတဲ့ လုပ်ငန်းကိုလည်းဆောင်ရွက်ရပါတယ်။ အများပြည်သူနဲ့ပတ်သက်တဲ့ သတင်းတွေ၊ အသံတွေကို တင်ပို့ပေးပါတယ်။ ဒါတွေကိုလည်း ပြန်လည်ဖြန့်ချိပေးရတာ ဖြစ်ပါတယ်။

အသိပညာပေးတဲ့အစီအစဉ်တွေနဲ့ စာပေဖွံ့ဖြိုးရေးအစီအစဉ်တွေမှာဆိုရင်လည်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက စာပေဗိမာန်အဖွဲ့ကြီးကနေ စာပေနဲ့ပတ်သက်တဲ့ စာပေဆွေးနွေးပွဲတို့၊ စာတမ်းဖတ်ပွဲတို့ ပြုလုပ်သလို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဟာလည်း ပူးတွဲဆောင်ရွက်ရတာ ရှိပါတယ်။ စာပေမှာတော့ အဲဒီဌာနနှစ်ခုဟာ ပူးတွဲဆောင်ရွက်ရသလို သူတို့တင်သာမက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာဆိုရင်လည်း စာပေဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွေကို ထုတ်လွှင့်နေသလို နိုင်ငံပိုင်သတင်းစာတွေမှာလည်း စာပေဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထူးကဏ္ဍတွေ ဖော်ပြနေတာ ရှိပါတယ်။

မေး။ ။ ဝန်ကြီးဌာနအောက်က ဌာနတွေအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှုအပြင် အခြားပြင်ပနဲ့ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုတွေအကြောင်းကိုလည်း သိလိုပါတယ်ရှင့်။

ဖြေ။ ။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဌာနအတွင်းက ဌာနခွဲတွေအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ရသလို အခြားသော ဝန်ကြီးဌာနတွေနဲ့လည်း တွဲဖက်ဆောင်ရွက်ရတာ အများကြီးရှိပါတယ်။ ဝန်ကြီးဌာနတွေအပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပြင်ပကအဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေနဲ့လည်း အများကြီး ပူးပေါင်းဆောင်ရွက်ရပါတယ်။

ဝန်ကြီးဌာနတွေနဲ့ လက်တွဲပူးပေါင်း

ဥပမာပြောရရင် ကလေးစာပေပွဲတော်တွေကို အနယ်နယ်အရပ်ရပ်မှာ ကျင်းပတဲ့အခါ သက်ဆိုင်ရာနယ်မြေဒေသက တာဝန်ရှိသူတွေအားလုံးပါဝင်ကြသလို ကလေးတွေရှိတဲ့ ပညာရေးဝန်ကြီးဌာနနဲ့ အများဆုံးပူးပေါင်းဆောင်ရွက်ရပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ ရည်ရွယ်ချက်ထဲမှာကိုက ကျောင်းသင်ခန်းစာပြင်ပ အသိပညာ၊ စာပေဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးရဖို့ရှိတဲ့အတွက် ပညာရေးဝန်ကြီးဌာနနဲ့ အတော်များများ ပူးတွဲဆောင်ရွက်ရတာဖြစ်ပါတယ်။

လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးပွဲတော်တွေ ကျင်းပတဲ့အခါမှာလည်း ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနစတဲ့ အခြားဝန်ကြီးဌာနအသီးသီး ပါဝင်ပူးပေါင်း ဆောင်ရွက်ရတာလည်းဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်များက အစိုးရအဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရပါတယ်။ တစ်ချိန်တည်းမှာပဲ အနယ်နယ်အရပ်ရပ်က လွှတ်တော်ကိုယ်စားလှယ်တွေကလည်း စာပေပွဲတော်တွေ၊ ပြည်သူ့စကားဝိုင်းတွေ၊ ဆွေးနွေးပွဲတွေမှာ ပူးပေါင်းပါဝင်ပေးကြပါတယ်။ ဒါဟာလည်း တစ်နည်းပြောရင်တော့ သက်ဆိုင်ရာဒေသက ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ ပြည်သူတွေ ထိတွေ့နိုင်အောင် ဆောင်ရွက်ပေးတဲ့ အစီအစဉ်တစ်ခုလို့လည်း ပြောနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက ပူးတွဲဆောင်ရွက်ပေးကြတဲ့အတွက်လည်း ဒီအစီအစဉ်တွေ အတော်လေး ထိရောက်အောင်မြင်မှုရရှိတယ်လို့ ပြောနိုင်ပါတယ်။

ဒါ့အပြင် ပြင်ပက စေတနာရှင်တွေ၊ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ၊ ပြီးတော့ ကျောင်းတွေ၊ တက္ကသိုလ်တွေမှာ ကျင်းပတဲ့အခါ ကျောင်းတာဝန်ရှိသူတွေ၊ ကျောင်းသားဟောင်းတွေစတဲ့ အသင်းအဖွဲ့တွေက အများကြီး ကူညီပံ့ပိုးပေးကြတာရှိတဲ့အတွက် အဲဒီလိုပူးပေါင်းဆောင်ရွက်မှုတွေနဲ့ စတုတ္ထတစ်နှစ်တာအတွင်းမှာ ဝန်ကြီးဌာနရဲ့ တာဝန်တွေကို အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့တယ်လို့ ပြောကြားလိုပါတယ်။

ဦးအောင်လှထွန်း (ဒုတိယဝန်ကြီး)

မေး။ ။ပြန်ကြားရေးဝန်ကြီးဌာနရဲ့ မူလရည်မှန်းချက်အပြင် အခြားဆောင်ရွက်မှုတွေကို သိပါရစေရှင့်။

ဖြေ။ ။ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုတာတွေအပြင် စာပေနဲ့ ရုပ်ရှင်အပါအဝင် အနုပညာဖွံ့ဖြိုးရေးလုပ်ငန်းတွေရှိတယ်။ ပုံနှိပ်လုပ်ငန်းတာဝန်တွေ ထမ်းဆောင်ရပါတယ်။ ဥပမာပြောရရင် တစ်နိုင်ငံလုံးမှာရှိတဲ့ အခြေခံပညာ ကျောင်းသူကျောင်းသားပေါင်း ကိုးသန်းကျော်နဲ့ ဆရာ ဆရာမပေါင်း လေးသိန်းနီးပါးအတွက် တစ်နှစ်လုံးစာ ကျောင်းသုံးစာအုပ်တွေကို ပြန်ကြားရေးဝန်ကြီးဌာနက အများဆုံးရိုက်နှိပ်ထုတ်ဝေလျက်ရှိပါတယ်။

လက်ရှိအခြေအနေက နိုင်ငံတကာမှာ ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါကြီး ကျရောက်နေသလို တစ်ချိန်တည်းမှာပဲ နိုင်ငံတကာမှာ ဒစ်ဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုဟာ အထွတ်အထိပ်ကို ရောက်နေပါတယ်။ လူတွေရဲ့ သတင်းအချက်အလက်၊ အသိပညာ၊ ဖျော်ဖြေရေးစတာတွေကို ရယူသုံးစွဲတဲ့ပုံစံဟာလည်း ပြောင်းလဲလာတဲ့အတွက် ဒီလိုအနေအထားမှာ လူတိုင်းလူတိုင်း သတင်းသမားတွေဖြစ်လာပါတယ်။

ဒီလိုအချိန်မှာ ကြုံတွေ့နေရတဲ့အခက်အခဲတွေ၊ ပြဿနာတွေနဲ့ပတ်သက်လို့ ကျွန်တော်တို့ဝန်ကြီးဌာနအပါအဝင် အားလုံးက ဘယ်လိုဆောင်ရွက်သင့်သလဲဆိုတာ အနည်းငယ်ဆွေးနွေးတင်ပြလိုပါတယ်။

စိန်ခေါ်မှုများပြား

ကိုဗစ်-၁၉ ဆိုတဲ့ ကပ်ရောဂါဟာ နိုင်ငံတကာမှာ ခြိမ်းခြောက်လျက်ရှိပါတယ်။ နိုင်ငံတကာအတွက် အရေးအကြီးဆုံး တာဝန်ကတော့ ဒီရောဂါကပ်ဆိုးကို ဆုံးရှုံးနစ်နာမှုအနည်းဆုံးနဲ့ ဘယ်လိုကျော်လွှားမလဲဆိုတာပါ။ ကျွန်တော်တို့နိုင်ငံကျတော့ နှစ်ပေါင်း ၇၀ ကျော်ကြာ ဖြစ်ပေါ်လာခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေ အပါအဝင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလမှာ ပေါ်ထွက်လာတဲ့ စိန်ခေါ်မှုမျိုးစုံရှိပါတယ်။

ဒီလိုအခြေအနေမှာ အဆိုးဆုံးစိန်ခေါ်မှုက အမုန်းတရားနဲ့ သံသယကိုဖြစ်စေတဲ့ သတင်းအတုတွေ၊ သတင်းအမှားတွေ၊ တမင်မသမာတဲ့စိတ်ဓာတ်နဲ့ လုပ်ကြံဖန်တီးထားတဲ့ သတင်းတွေ ပေါ်ထွန်း ပြန့်ပွားလာတတ်ပါတယ်။ ပြည်သူအများစုဟာ အင်တာနက်ပေါ်က မီဒီယာအသစ်မှာ သတင်းအချက်အလက်နဲ့ ဖျော်ဖြေရေးအစီအစဉ်တွေကို ပိုကြည့်လာကြပါတယ်။ အဲဒီအခါ အမုန်းတရားတွေ၊ သံသယတွေ ဖြစ်ပေါ်စေတဲ့ သတင်းတု၊ သတင်းမှားတွေနဲ့ လုပ်ကြံသတင်းတွေက ပြန့်ပွားဖို့ သိပ်ကိုလွယ်ပါတယ်။

သတင်းမှန်စီးဆင်းမှု အရေးကြီး

မေး။ ။ သတင်းတု၊ သတင်းမှားတွေကို ပိတ်ပင်တားဆီးဖို့အတွက် ဘယ်လိုနည်းလမ်းတွေကို အသုံးပြုနိုင်ပါသလဲရှင့်။

ဖြေ။ ။ ဒီအချိန်မှာ အရေးကြီးတာက အမုန်းတရားနဲ့ အာဃာတကို ပြန့်ပွားစေတဲ့ သတင်းအတု၊ သတင်းအမှား၊ လုပ်ကြံသတင်းတွေကို ပိတ်ပင်တားဆီးဖို့၊ ဖော်ထုတ်ဟန့်တားဖို့လိုပါတယ်။ တစ်ချိန်တည်းမှာပဲ “အရေးအကြီးဆုံးကတော့ တိကျမှန်ကန်ပြီး ပြည်သူတွေ သိသင့်သိထိုက်တဲ့ သတင်းမှန်တွေကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ သတင်းအရင်းအမြစ်တွေကနေ အချိန်နဲ့တစ်ပြေးညီ ထုတ်လွှင့်ဖို့လိုပါတယ်။”

အဲဒီ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ သတင်းအရင်းအမြစ်တွေက ထုတ်လွှင့်လိုက်တဲ့ သတင်းတွေဟာ အချိန်နဲ့တစ်ပြေးညီ ပြည်သူတွေအကြားမှာ စီးဆင်းနေဖို့က သိပ်အရေးကြီးပါတယ်။ မကောင်းတဲ့သတင်းတွေ၊ ညစ်ထေးနေတဲ့ သတင်းတုတွေကို ဖုံးလွှမ်းသွားတဲ့အထိ ကြိုးပမ်းဖို့လိုပါတယ်။ အဲဒီအပေါ်မှာ အခြေခံပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ရမယ့် တာဝန်တွေကို စဉ်းစားဖို့လိုပါတယ်။

သေချာစွာ စဉ်းစားဆုံးဖြတ်

အဲဒီဟာတွေကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေအပါအဝင် လူတိုင်းလူတိုင်းက လုပ်လို့ရတယ်ဆိုတာကို ကျွန်တော်ပြောလိုတာပါ။ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့ရဲ့ တာဝန်မဟုတ်ပါဘူး။ အားလုံးက ပူးပေါင်းပါဝင်ဖို့ လိုပါတယ်။ ထုတ်လွှင့်တဲ့ အဖွဲ့အစည်းက အချိန်မီ ထုတ်လွှင့်မယ်။ သတင်းစီးဆင်းမှုကို တာဝန်ခံတဲ့အဖွဲ့အစည်းကလည်း တာဝန်ခံထုတ်လုပ်ရမယ်။ အချက်အလက် ရယူသုံးစွဲတဲ့ ပြည်သူတွေအနေနဲ့ လည်း “ တွေ့ရာမြင်ရာကို ဝင်ပြီးဆွေးနွေးတာတွေ၊ ဆဲဆိုတာတွေ၊ သဘောထားအမြင် ပြောတာတွေ၊ မျှဝေတာတွေကို မလုပ်ခင် သေသေချာချာ စဉ်းစားဖို့လိုအပ်ပါတယ်။”

UNESCO လို အဖွဲ့အစည်းတွေကလည်း လုပ်နေကြပါတယ်။ မီဒီယာနဲ့ သတင်းအချက်အလက်ဆိုင်ရာ သိရှိနားလည်မှုပေါ့။ အဲဒီလိုပဲ ကျွန်တော်တို့နိုင်ငံမှာ လူသုံးအများဆုံး အွန်လိုင်းမီဒီယာ ပလက်ဖောင်းဖြစ်တဲ့ ဖေ့စ်ဘွတ် လူမှုကွန်ရက်တည်ထောင်သူတွေကလည်း Community Standard ဆိုပြီး ချမှတ်ထားတာရှိပါတယ်။ ဘယ်လို သုံးရမလဲ၊ သတင်းအမှားတွေကို မဖြန့်ဝေရဘူး၊ အမုန်းစကားတွေ မပြန့်ပွားရဘူး။ တစ်ယောက်နဲ့ တစ်ယောက်အွန်လိုင်းမှာ ခြိမ်းခြောက်မှုတွေ မလုပ်ရဘူး စသည်ဖြင့် သတ်မှတ်ထားတာတွေ ရှိပါတယ်။ အဲဒီလို အသိပညာဗဟုသုတပြန့်ပွားအောင် လုပ်တဲ့ဟာကို ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာတွေက လုပ်နေပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့နဲ့တရားဝင် ပူးပေါင်းဆောင်ရွက်ပြီး လုပ်ကိုင်နေကြတဲ့ မိတ်ဖက် မီဒီယာတွေရှိပါတယ်။ သူတို့ဆောင်ရွက်နေတဲ့ FM တွေ၊ ရုပ်သံလိုင်းတွေရှိပါတယ်။ သူတို့အနေနဲ့ ပြည်သူတွေအတွက် သတင်းအချက်အလက်၊ အသိပညာဗဟုသုတနဲ့ ဖျော်ဖြေရေး အစီအစဉ်တွေ ဆောင်ရွက်ပေးနေတာကိုလည်း သိပ်ကို အသိအမှတ်ပြုပါတယ်။

မေး။ ။ ပြန်ကြားရေး ဝန်ကြီးဌာနကနေ သတင်းတု၊ သတင်းမှားနဲ့ အမုန်းစကားတွေ ပပျောက်စေဖို့အတွက် ဘယ်လိုဆောင်ရွက်သွားဖို့ ရည်ရွယ်ထားတယ်ဆိုတာကို သိပါရစေ။

ဖြေ။ ။ သတင်းတု၊ သတင်းမှား၊ အမုန်းစကားတွေကို ပပျောက်သွားအောင်လုပ်ဖို့ တာဝန်ဟာ လူတိုင်းရဲ့တာဝန်ဖြစ်လာပါပြီ။ အင်မတန်ကို အရေးကြီးပြီး အင်မတန်ကို လိုအပ်တဲ့ အလုပ်ဖြစ်တာမို့ လူတိုင်းလူတိုင်းက အသိစိတ်နဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါလို့ အလေးအနက်ထားပြီး မေတ္တာရပ်ခံလိုပါတယ်။

ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့လည်း တတ်နိုင်သလောက် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ လိုအပ်ချက်တွေရှိတယ်ဆိုတာကိုတော့ ကျွန်တော် ယုံကြည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဟာ နှစ်ပေါင်းများစွာ ဆုံစည်းလာခဲ့တဲ့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို ဖြေရှင်းနေတုန်းမှာပဲ မမျှော်လင့်တဲ့ စိန်ခေါ်မှု အသစ်တွေက ရောက်လာနေတာမို့ပါ။ အခုဆိုရင် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှု မမျှော်လင့်ဖွယ်ရာ ရောက်လာခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံထက် ခနအင်အားကြီးမားတဲ့နိုင်ငံတွေက ဖြေရှင်းနေတာတောင် စိန်ခေါ်မှုမျိုးစုံတွေ့ကြုံနေရတာ။ ကျွန်တော်တို့အတွက် ဆိုရင်တော့ ပြောမနေနဲ့တော့ပေါ့လေ။ ကျွန်တော်တို့ အပေါ်မှာ အန္တရာယ်ဆိုးရဲ့ သက်ရောက်နိုင်တဲ့အားက တော်တော်ကြီးမားပါတယ်။

ကျွန်တော်တို့ဘက်ကလည်း တာဝန်ကို ကျေပွန်အောင် ဆက်ပြီး ကြိုးစားပါမယ်။ ပြည်သူတွေကြားမှာ သတင်းမှန်တွေ၊ တိကျမှန်ကန်မှုရှိတဲ့သတင်းတွေ၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့သတင်းတွေ၊ မေတ္တာတရားနဲ့ အချင်းချင်း အပြန်အလှန် စာနာနားလည်မှုကို ပြန့်ပွားစေတဲ့သတင်းအချက်အလက်တွေ၊ ဖျော်ဖြေရေးအစီအစဉ်တွေကို ကျွန်တော်တို့အပြင် မိတ်ဖက်မီဒီယာတွေကလည်း ဆောင်ရွက်နေကြပါတယ်။ တစ်ဦးချင်းတစ်ယောက်ချင်းကနေလည်း အဆိုတွေ၊ အကတွေ၊ ဗဟုသုတရစရာတွေ၊ ကိုယ်လက်လေ့ကျင့်ခန်းတွေ တင်ကြတာတွေ့ရပါတယ်။ ဒါတွေဟာ အားလုံးက ကျရာတာဝန်ကိုထမ်းဆောင်နေကြတာပါပဲ။ ကျွန်တော်တို့ အဲဒါကို ဆက်လက်ဆောင်ရွက်သွားမယ်လို့ ပြောကြားလိုပါတယ်။

ဦးမျိုးမြင့်မောင်(အမြဲတမ်းအတွင်းဝန်၊ ပြန်ကြားရေးဝန်ကြီးဌာန)
(စတုတ္ထနှစ်ပိုင်းအတွင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် တာဝန်ကို ပူးတွဲထမ်းဆောင်ခဲ့သူ)

မေး။ ။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကနေ ပြည်သူတွေအတွက် ဘယ်လိုစနစ်တွေနဲ့ ထုတ်လွှင့်ပေးနေတယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေနဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်တာနဲ့အညီ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယို ဒါတွေအပြင် အွန်လိုင်းမီဒီယာတွေဖြစ်တဲ့ Website၊ Facebook၊ Youtube၊ SoundCloud စတာတွေနဲ့လည်း ထုတ်လွှင့် ဖော်ပြပေးလျက်ရှိပါတယ်။ ဒီလို

ဒုတိယဝန်ကြီး ဦးအောင်လှထွန်း

ရန်ကုန်မြို့(ဗဟန်း)မြို့နယ်ရှိ လူထုအခြေပြု ဗဟိုဌာနကို တွေ့ရစဉ်။

အထူးကဏ္ဍ [ဂ] သို့ »»»

»»» အထူးကဏ္ဍ [ခ] မှ

ဖော်ပြတဲ့အခါ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ သတင်း ရုပ်သံလိုင်း၊ လွှတ်တော်ရုပ်သံလိုင်း၊ တိုင်းရင်းသားရုပ်သံလိုင်း၊ တောင်သူ လယ်သမားရုပ်သံလိုင်း၊ အင်္ဂလိပ်ဘာသာနဲ့ထုတ်လွှင့်တဲ့ Myanmar International Television (MITV) ရုပ်သံလိုင်းတွေနဲ့ ဖက်စပ်မီဒီယာတွေရဲ့ ရုပ်သံလိုင်း စုစုပေါင်း ၁၉ လိုင်းကို အခမဲ့ ရုပ်သံလိုင်းတွေအဖြစ် ဒစ်ဂျစ်တယ် (Digital) စနစ်နဲ့ ရော အန်နာလော့ (Analogue) စနစ်နဲ့ပါ ထုတ်လွှင့်ပေးလျက်ရှိပါတယ်။

လက်ရှိအချိန်မှာတော့ အန်နာလော့စနစ်နဲ့ ထုတ်လွှင့်မှုဟာ မြန်မာတစ်နိုင်ငံလုံးရှိ လူဦးရေရဲ့ ၉၂ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး ဒစ်ဂျစ်တယ်စနစ်နဲ့ ထုတ်လွှင့်မှုတွေကိုလည်း နိုင်ငံမှာရှိတဲ့ လူဦးရေရဲ့ ၈၈ ဒသမ ၇ ရာခိုင်နှုန်းခန့် ဖမ်းယူရရှိနိုင်မှာ ဖြစ်ပါတယ်။ မြန်မာ့အသံ ရေဒီယိုထုတ်လွှင့်မှုတွေကိုတော့ လှိုင်းတို၊ လှိုင်းလတ်တွေနဲ့ အထက်မြန်မာပြည်၊ အောက်မြန်မာပြည် ပိုင်းခြားထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ဒီလိုထုတ်လွှင့်ပေးတဲ့အပြင် မြန်မာ့အသံ FM ရေဒီယို အစီအစဉ်ကိုလည်း အခုအခါမှာ နိုင်ငံ့လူဦးရေရဲ့ ၇၈ ရာခိုင်နှုန်းကျော် ဖမ်းယူနားဆင်နိုင်ပြီ ဖြစ်ပါတယ်။

မေး။ ။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရဲ့ ထုတ်လွှင့်မှု အစီအစဉ်တွေအကြောင်းကိုလည်း ရှင်းပြပေးပါရှင့်။

ဖြေ။ ။ နေ့စဉ်ထုတ်လွှင့်မှုတွေကို ပုံမှန်စီစဉ် ဆောင်ရွက်နိုင်ဖို့အတွက် မြန်မာအသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း) ရုံးချုပ်၊ သတင်းဗျူရိုကြီး နှစ်ခု၊ ရုပ်မြင်သံကြား တိုင်းရင်းသား ရုပ်သံရုံးခွဲ ၁၁ ခု၊ မြန်မာ့အသံ ရေဒီယို တိုင်းရင်းသားဗျူရို ရုံးခွဲ ၁၇ ခုအပြင် ဇုန် ၉ ဇုန်နဲ့ပိုင်းခြားထားပြီးတော့ မြန်မာနိုင်ငံအနှံ့အပြားမှာရှိနေတဲ့ ထပ်ဆင့်လွှင့်စက်ရုံ ၂၅၀ ကျော်နဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်

ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်

တိုင်းရင်းသား ဘာသာထုတ်လွှင့်မှုမှာတော့ ရုပ်မြင်သံကြားမှာ တိုင်းရင်းသားဘာသာ ၁၁ ဘာသာ၊ ရေဒီယိုမှာ တိုင်းရင်းသားဘာသာ ၁၇ ဘာသာကို အလှည့်ကျထုတ်လွှင့်ပေးလျက်ရှိပါတယ်။ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားဟာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ဖြစ်တဲ့အတွက် ပြီးခဲ့တဲ့တစ်နှစ်တာအတွင်းမှာ ရုပ်မြင်သံကြားအစီအစဉ်တွေ၊ ရေဒီယိုအစီအစဉ်တွေကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့တာဟာ ဌာနမှာရှိတဲ့ ဝန်ထမ်းအားလုံးရဲ့ ကြိုးပမ်းအားထုတ်မှု မှတ်တိုင်တစ်ခုလို့ ပြောရမှာဖြစ်ပါတယ်။

မေး။ ။ ရိုက်ကူးရေးနှင့် ထုတ်လွှင့်ရေးအပိုင်းတွေမှာ ပြုပြင်ပြောင်းလဲမှုတွေ၊ ဖြည့်ဆည်းဆောင်ရွက်မှုတွေ ရှိရင်လည်း သိပါရစေ။

ဖြေ။ ။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနဲ့ ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့ ပူးပေါင်းပြီး စီမံကိန်းအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (ပြည်လမ်း) ရန်ကုန်မြို့မှာ ခေတ်မီစတူဒီယိုတစ်ခုကို တည်ဆောက်နိုင်ခဲ့ပြီဖြစ်လို့ ကျွန်တော်တို့ရဲ့ ရိုက်ကူးရေးပိုင်းဆိုင်ရာတွေကို ရုပ်သံအရည်အသွေး ပိုမိုကောင်းမွန်တဲ့ HD စနစ်နဲ့ ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။

ဒီစီမံကိန်းအရ ပါရှိတဲ့ အလွယ်တကူရွှေ့ပြောင်းသွားလာနိုင်ပြီး ရိုက်ကူးနိုင်တဲ့ Digital Satellite News Gathering (DSNG) Van သုံးစီးရရှိခဲ့တာဖြစ်လို့ မူလ ကျွန်တော်တို့မှာရှိတဲ့ DSNG Van တွေ၊ ပြင်ပရိုက်ကူးရေးတွေမှာ ဆောင်ရွက်တဲ့ Outside Broadcasting (OB) Van တွေနဲ့ တွဲဖက်ပြီးတော့ နေရာအစုံကနေ ရိုက်ကူး ထုတ်လွှင့်တာ၊ တိုက်ရိုက် ရိုက်ကူးထုတ်လွှင့်တာတွေကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်တော့မှာ ဖြစ်ပါတယ်။ မြန်မာ့ရုပ်မြင်သံကြားရုပ်သံလိုင်းကို မူလက SD စနစ်နဲ့ ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ အခုအချိန်မှာတော့ အရုပ်အသံ အရည်အသွေးကို ပိုမိုကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်တဲ့ HD စနစ်အဖြစ် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၅ ရက်က စတင်ပြီး ပြောင်းလဲထုတ်လွှင့်ပေးလျက်ရှိပါတယ်။

မေး။ ။ နိုင်ငံတော်အစိုးရရဲ့ စတုတ္ထတစ်နှစ်တာအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကနေ ဘယ်လိုထူးခြားတဲ့ဆောင်ရွက်ချက်တွေကို ဆောင်ရွက်နိုင်ခဲ့ပါသလဲ။

ဖြေ။ ။ ရခိုင်ပြည်နယ်မှာရှိတဲ့ မြို့နယ်အချို့က ပြည်သူတွေ နိုင်ငံတော်အစိုးရရဲ့ နယ်မြေတည်ငြိမ် အေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှုအရပ်ရပ်ကို အလွယ်တကူသိရှိနိုင်စေဖို့ ရည်ရွယ်ပြီး ရေဒီယိုအလုံးပေါင်း ၆၇၇၈၀ ကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှတစ်ဆင့် အခမဲ့ ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ ပုံမှန်တင်ဆက်နေတဲ့ အစီအစဉ်တွေကို ပြည်သူတွေပိုမိုစိတ်ဝင်စားအားပေးလာဖို့ ရည်ရွယ်ပြီးတော့ လိုအပ်တဲ့ ပြုပြင် ပြောင်းလဲမှု Content Reform တွေလည်း ပြုလုပ်ခဲ့ရာမှာ ဌာနကဝန်ထမ်းတွေရဲ့ ရိုက်ကူးထုတ်လုပ်မှု၊ ဖန်တီးတင်ဆက်မှုတွေကို အဓိကထားပြီးဆောင်ရွက်ခဲ့ပါတယ်။ အစီအစဉ်များစွာ ထုတ်လုပ်ခဲ့ရာမှာ ပရိသတ်အသိအမှတ်ပြုတဲ့ အစီအစဉ်တွေလည်း ပါဝင်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ ပြုပြင်ပြောင်းလဲမှုတွေထဲက ပြည်သူလူထုရဲ့အကျိုးစီးပွားကို ထိထိရောက်ရောက် အထောက်အကူ ပြုနိုင်တဲ့ အကြောင်းအရာတွေကို ရွေးချယ်ပြီးတော့ စီစဉ်တင်ဆက်တဲ့ ပြည်သူ့အကျိုးပြုမှတ်တိုင်များအစီအစဉ်နဲ့ ဝေးလံခေါင်ဖျားတဲ့ ဒေသတွေမှာသွားရောက် တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေရဲ့ အခက်အခဲပေါင်းစုံကြားကနေ ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နေတဲ့ပုံရိပ်တွေကို ရိုက်ကူးထားတဲ့ အစီအစဉ်တွေလည်းပါဝင်ပါတယ်။

**အိပ်မက်လမ်းသို့ခရီးရှည်နှင့်
မှတ်တမ်းရုပ်ရှင်များ**

မြန်မာနိုင်ငံ မြောက်ဖျားပိုင်းမှာရှိတဲ့ ခေါင်လန်ဖူးဒေသမှာ တာဝန်ထမ်းဆောင်တဲ့ ပညာရေးဝန်ထမ်းတွေအကြောင်း သွားရောက်ရိုက်ကူးတဲ့ အိပ်မက်လမ်းသို့ ခရီးရှည်ဆိုတဲ့ အစီအစဉ် အပါအဝင် မှတ်တမ်းရုပ်ရှင်တွေ၊ တစ်ဖက်ကလည်း စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ပန်းချီ အစရှိတဲ့ အနုပညာရှင်တွေရဲ့ ဖြတ်သန်းလာခဲ့တဲ့ဘဝခရီး၊ သူတို့ဖန်တီးထားတဲ့ အနုပညာတွေကို တွေ့ဆုံမေးမြန်းစီစဉ်ရိုက်ကူးတဲ့ ဘဝနဲ့ အနုပညာ၊ အဲဒီအစီအစဉ်တွေကို ရိုက်ကူးတင်ဆက်နိုင်ခဲ့ပါတယ်။ ဒီနှစ်ထဲမှာ ကျရောက်တဲ့ ရန်ကုန်တက္ကသိုလ် ရာပြည့်၊ မြန်မာ့ရုပ်ရှင်ရာပြည့် အစီအစဉ်တွေနဲ့ ပတ်သက်လို့လည်း အကြို ထုတ်လွှင့်မှုတွေအနေနဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မေး။ ။ လာမယ့်အနာဂတ်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရဲ့ ဆောင်ရွက်ရန် လျာထားချက်တွေကိုလည်း သိလိုပါတယ်။

ဖြေ။ ။ ဆောင်ရွက်ဖို့လျာထားတာကတော့ ရုပ်သံအစီအစဉ်တွေကို တစ်နိုင်ငံလုံးကနေ ဖမ်းယူကြည့်ရှုနိုင်တဲ့ Direct to Home (DTH)စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တစ်ဖက်ကလည်း အာဆီယံနိုင်ငံများနည်းတူ Analogue စနစ် ဖျက်သိမ်းရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့လုပ်ဆောင်နိုင်တဲ့ အခြေအနေအပေါ် မူတည်ပြီးတော့ လုပ်ငန်းစဉ်အဆင့်ဆင့်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူ့အတွက်မြန်မာ့အသံဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပရိသတ်နှစ်ခြိုက်စေမယ့် အစီအစဉ်ကောင်းတွေကို အရည်အသွေးမီ တင်ဆက်နိုင်ဖို့အတွက် ကျွန်တော်တို့ဝန်ထမ်းတွေ ကြိုးစားအားထုတ် လုပ်ဆောင်လျက်ရှိတယ်ဆိုတာကို ပြောကြားလိုပါတယ်ခင်ဗျာ။

**ဦးရဲနိုင်(ညွှန်ကြားရေးမှူးချုပ်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)
(စတုတ္ထနှစ်အတွင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့သူ)**

မေး။ ။ ညွှန်ကြားရေးမှူးချုပ် တာဝန်ယူဆောင်ရွက်ခဲ့တဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရဲ့ စတုတ္ထတစ်နှစ်တာအတွင်း ဆောင်ရွက်ချက်တွေကို ပြောပြပေးစေလိုပါတယ်ရှင့်။

ဖြေ။ ။ ကျွန်တော်တို့ဌာနရဲ့ အနယ်နယ်အရပ်ရပ်မှာရှိကြတဲ့ ဝန်ထမ်းတွေက နယ်မြေဒေသဆိုင်ရာ သတင်းအချက်အလက်တွေကိုရယူပြီး နိုင်ငံပိုင်မီဒီယာတွေကို ပေးပို့၊ ထုတ်လွှင့်၊ ဖော်ပြတဲ့နည်းနဲ့ ပြည်သူတွေရဲ့ သတင်းသိရှိပိုင်ခွင့်ကို တတ်စွမ်းသမျှ ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ ဝန်ထမ်းတွေကို သတင်းရေးသား၊ တည်းဖြတ်၊ ပေးပို့နည်း သင်တန်းတွေ လေ့ကျင့်ပေးခဲ့သလို မိုဘိုင်းဖုန်းနဲ့ ရိုက်ကူး၊ တည်းဖြတ်၊ ပေးပို့နည်း သင်တန်းတွေလေ့ကျင့်ခဲ့ပါတယ်။ ရလဒ်အနေနဲ့ကတော့ MOI Web Portal မှာ ဗီဒီယို သတင်းဖိုင်များအပါအဝင် နေ့စဉ်ပျမ်းမျှ သတင်းပုဒ်ရေ ၁၅၀ လောက်အထိ ထုတ်လွှင့်နိုင်ပြီဖြစ်ပါတယ်။ ခရိုင်နဲ့မြို့နယ် ရုံးပေါင်း ၄၁၇ ရုံးမှာ လျှပ်စစ်မီးနဲ့ Internet Access ရရှိမှုအပေါ်မူတည်ပြီး အင်တာနက်ရရှိအောင် တပ်ဆင်ထားပြီးဖြစ်တဲ့အတွက်လည်း သတင်းပေးပို့ရတဲ့အခါ အဆင်ပြေမှုရှိလာတဲ့အပြင် ဝိုင်ဖိုင် (Wifi) တပ်ဆင်ပြီးတော့လည်း အများပြည်သူ အသုံးပြုနိုင်အောင် စီစဉ်ပေးထားနိုင်ခဲ့ပါတယ်။

မေး။ ။ ဦးစီးဌာနရဲ့ ဆောင်ရွက်ချက်တွေထဲကမှ ပြည်သူတွေကို အသိပညာပေးရေးဆိုင်ရာ ဆောင်ရွက်ချက်တွေကိုလည်း သိပါရစေ။

ဖြေ။ ။ ပြည်သူတွေ အသိပညာဖွံ့ဖြိုးတိုးတက်စေဖို့ဆောင်ရွက်တဲ့အပိုင်းမှာ လူထုအခြေ ပြုဗဟိုဌာနတွေအဖြစ် ခရိုင်နဲ့မြို့နယ်ပြန်/ဆက် ရုံးပေါင်း ၁၆ ရုံးကိုရွေးချယ်ပြီးတော့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနဲ့ ပူးပေါင်းအဆင့်မြှင့်တင်ခဲ့ပါတယ်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ရွေ့လျားစာကြည့်တိုက်ယာဉ်တွေ၊ လက်တော့ပ်ကွန်ပျူတာတွေကို အသုံးပြုပြီး စာကြည့်တိုက်လုပ်ငန်းတွေ၊ ကွန်ပျူတာသင်တန်းတွေ ဖွင့်လှစ်ခဲ့တယ်။ မူလစာကြည့်တိုက်လုပ်ငန်းတွေနဲ့ ပေါင်းစပ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလုပ်ငန်းတွေဟာ ကြီးမားကျယ်ပြန့်လာတဲ့အတွက် နိုင်ငံတော်အဆင့် တာဝန်ယူဆောင်ရွက်ဖို့ လိုအပ်လာတာကြောင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို ငွေကျပ်သန်းပေါင်း ၁၀၀၀ ကျော်တန်ဖိုးရှိတဲ့ ရွေ့လျားစာကြည့်တိုက်ယာဉ် ၁၇ စီး အပါအဝင် ကွန်ပျူတာတွေနဲ့ စာအုပ်စာစောင်တွေ၊ ကျွမ်းကျင်လုပ်သားတွေကိုပါ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့မှာ ကျွန်တော်တို့ဌာနကို ယုံကြည်စွာ လွှဲပြောင်းပေးခဲ့ပါတယ်။ ကျွန်တော်တို့ကလည်း လုပ်ငန်းတွေကို ပိုမိုတိုးတက်အောင် အရှိန်မပျက် ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်။

လူထုအခြေပြုဗဟိုဌာနဆောက်လုပ်

နိုင်ငံတော်ဘဏ္ဍာခွင့်ပြုချက်နဲ့ ရန်ကုန်မြို့ ဗဟန်းမြို့နယ်မှာရှိတဲ့ ပြန်/ဆက်ရုံးကိုလည်း လူထုအခြေပြုဗဟိုဌာန (Community Center) အဖြစ် ဆောက်လုပ်နိုင်ခဲ့ပါတယ်။ ဒီအဆောက်အအုံကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီအဆောက်အအုံကို ခေတ်မီဒီဇိုင်းပုံစံနဲ့ တည်ဆောက်ထားပြီး မူလစာကြည့်တိုက်အပြင် ကလေးစာဖတ်ခန်းတွေ၊ အစည်းအဝေးခန်းတွေ၊ ဆွေးနွေးပွဲခန်းမတွေ၊ အားကစားခန်းမတွေကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးပြီး လူထုအတွက်အကျိုးရှိအောင် ဆောင်ရွက်ထားပါတယ်။

ယခုဘဏ္ဍာနှစ်မှာလည်း ရခိုင်ပြည်နယ် သံတွဲခရိုင်ပြန်/ဆက်ရုံးကို အလားတူ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ လူထုအခြေပြုဗဟိုဌာနတွေကို နိုင်ငံတော်ဘဏ္ဍာငွေနဲ့ပဲ ဆောင်ရွက်တာမဟုတ်ဘဲနဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုစနစ်နဲ့လည်း လုပ်နေပါတယ်။ ဒီဘဏ္ဍာနှစ်မှာပဲ ရှမ်းပြည်နယ်တောင်ကြီးမြို့နဲ့ လားရှိုးမြို့မှာ လူထုအခြေပြု ဗဟိုဌာနတွေ ဆောက်လုပ်လျက်ရှိတဲ့အပြင် အခြားရုံးတွေမှာလည်း အများပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှု၊ လှူဒါန်းမှုတွေနဲ့ လူထုအခြေပြုဗဟိုဌာနရဲ့ လုပ်ထုံးလုပ်နည်းတွေကို တတ်စွမ်းသမျှ ဆောင်ရွက်နေပြီ

အထူးကဏ္ဍ [ဃ] သို့ »»»

ပြန်ကြားရေးဝန်ကြီးဌာနက မဏ္ဍိုင်ကြီးသုံးရပ်နဲ့ ပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးရတဲ့ ဌာန ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအပါအဝင် မဏ္ဍိုင်ကြီးသုံးရပ်ရဲ့ စတုတ္ထတစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့တဲ့ ဆောင်ရွက်ချက်တွေကို အများပြည်သူ သိရှိစေဖို့အတွက် ပြန်ကြားရေးဝန်ကြီးဌာနကနေ ရိုက်ကူးပြီး ရုပ်သံအစီအစဉ်တွေ၊ သတင်းစာများကနေ ဖော်ပြတာ ဖြစ်ပါတယ်။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရှိ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [၈] မှ

ဖြစ်ပါတယ်။

မေး။ ။ လူထုအခြေပြု ဗဟိုဌာနတွေနဲ့ ပတ်သက်တဲ့ သိသာထင်ရှားတဲ့ လုပ်ငန်းတွေကို ရှင်းလင်းပြောကြားပေးစေလိုပါတယ်။

ဖြေ။ ။ လူထုအခြေပြုဗဟို ဌာနတွေကို အခြေခံပြီး သိသာထင်ရှားတာတွေကတော့ ပြည်သူ့စကားဝိုင်း Public Talk တွေကို ၂၀၁၇ ခုနှစ်ကတည်းက စတင်ဆောင်ရွက်လာတာ အခုဆိုရင် အကြိမ်ပေါင်း ၃၀၀၀ ကျော် ကျင်းပနိုင်ခဲ့သလို ဌာနတွေမှာ ဖွဲ့စည်းထားတဲ့ စာဖတ်ဝိုင်း Book Club အဖွဲ့တွေကလည်း စာဖတ်ဝိုင်းတွေကို ကျင်းပလာတာ ဒီနေ့အချိန်မှာ အကြိမ်ပေါင်း ၃၀၀၀ ကျော် ရှိလာပြီဖြစ်ပါတယ်။

မေး။ ။ ကလေးစာပေပွဲတော်နဲ့ လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်တွေ ကျင်းပခဲ့တာနဲ့ ပတ်သက်လို့လည်း သိပါရစေ။

ဖြေ။ ။ ကလေးစာပေပွဲတော်တွေ၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွေကိုတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့အပြင် သက်ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့တွေနဲ့ ပူးပေါင်းပြီး စီစဉ်ကျင်းပနေတာဖြစ်ပါတယ်။ ဒီပွဲတော်တွေမှာ ဝန်ထမ်းတွေက ပြည်သူ့ဆက်ဆံရေး Public Relations နည်းလမ်းတွေကို အသုံးပြုပြီးတော့ ပညာပေးလုပ်ငန်းတွေကို ပိုမိုကျယ်ပြန့်အောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကလေးစာပေပွဲတော်တွေ ကျင်းပနိုင်မှုမှာ နိုင်ငံတော်အဆင့် (၉)ကြိမ် ၊ ခရိုင်အဆင့် (၄၉) ကြိမ်၊ ဒေသန္တရအစီအစဉ်နဲ့ (၃၇) ကြိမ်ဖြစ်လို့ စုစုပေါင်း (၉၅) ကြိမ် ကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွေကိုတော့ သုံးကြိမ်ကျင်းပခဲ့ပြီး ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နဲ့ မကွေးတက္ကသိုလ်တို့မှာ စည်ကားသိုက်မြိုက်စွာနဲ့ ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါတယ်။

မေး။ ။ အခြားအသိပညာပေး လုပ်ငန်းတွေရှိရင်လည်း ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ ပြည်သူကို အသိပညာပေးလုပ်ငန်းတွေမှာ စာအုပ်စာစောင်ထုတ်ဝေခြင်းလုပ်ငန်းနဲ့လည်း လူထုကိုအသိပညာပေးလျက်ရှိပါတယ်။ ထင်ရှားတာတွေကတော့ ဒို့ကျေးရွာ ဂျာနယ်ကို ကျေးလက်နေပြည်သူတွေရဲ့ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းတွေမှာ ထိရောက်အောင် ပံ့ပိုးနိုင်ဖို့ရည်ရွယ်ချက်နဲ့ တစ်လကို နှစ်ကြိမ်ထုတ်ဝေနေသလို ကမ္ဘာရေးရာ စာစောင်ကို နှစ်လတစ်ကြိမ်၊ မြန်မာရေးရာစာစောင်ကို သုံးလတစ်ကြိမ်၊ တိုင်းရင်းသားရေးရာစာစောင်ကို လေးလတစ်ကြိမ် ထုတ်ဝေဖြန့်ချိနေပါတယ်။ ဒါ့အပြင် လက်ကမ်းစာစောင်တွေကို နိုင်ငံတော်ရဲ့ အရေးကြီးတဲ့ အခမ်းအနားတွေနဲ့ အကြောင်းအရာအလိုက် ပြုစုထုတ်ဝေပါတယ်။ တစ်ကြိမ်ထုတ်ရင် စောင်ရေ ၂၀၀၀၀ ကျော်ဖြစ်တဲ့အတွက် ပြီးခဲ့တဲ့ တစ်နှစ်တာကာလအတွင်း စောင်ရေ တစ်သန်းကျော် ထုတ်ဝေဖြန့်ချိနိုင်ခဲ့ပါတယ်။ ဒါ့အပြင် စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေထုတ်ဝေရေးလုပ်ငန်းတွေ၊ ပုံနှိပ်လုပ်ငန်းတွေအပြင် သတင်းဖလှယ်မှုလုပ်ငန်းတွေအတွက် သတင်းအေဂျင်စီလုပ်ငန်းတွေကို စိစစ်ပြီး ခွင့်ပြုပေးနေတာရှိပါတယ်။ အဲဒီအထဲမှာ ထင်ရှားတာတွေကတော့ တိုင်းရင်းသားစာပေထုတ်ဝေမှုတွေနဲ့ ဘာသာရေးစာပေထုတ်ဝေမှုတွေ ပါဝင်ပါတယ်။

မေး။ ။ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုတွေကိုလည်း ရှင်းလင်းပြောကြားပေးစေလိုပါတယ်။

ဖြေ။ ။ ကျွန်တော်တို့ဌာနမှာ ရုပ်ရှင်မြှင့်တင်ရေးဌာနလည်း ပါဝင်ပါတယ်။ အဲဒီဌာနအနေနဲ့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနဲ့ ပူးပေါင်းပြီးတော့ မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်စေဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဌာနရဲ့မူလတာဝန်ကတော့ ပြည်တွင်း၊ ပြည်ပရုပ်ရှင်တွေနဲ့ ဗီဒီယိုဇာတ်ကားတွေကို စိစစ်ခွင့်ပြုရတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒီလုပ်ငန်းကိုလည်း တတ်နိုင်သမျှ ဖြေလျှော့ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ရန်ကုန်မြို့

ခေတ္တညွှန်ကြားရေးမှူးချုပ်
ဦးကိုကိုနိုင်

ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းမှာရှိတဲ့ ရုပ်ရှင်ခြံကို ရုပ်ရှင်အနုပညာရပ်ဝန်း (Film Development Centre – FDC) အဖြစ် ပြင်ဆင်မွမ်းမံပြီးတော့ ဆောင်ရွက်နေပါတယ်။

အဲဒီနေရာမှာ စတူဒီယို သုံးလုံးရှိပြီး ရုပ်ရှင်လောကသားတွေရိုက်ကူးဖို့ခက်ခဲတဲ့ တရားခွင်ပုံစံတွေ၊ ရဲစခန်းအချုပ်ပုံစံ ဆက်တင်တွေကို စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် တစ်နှစ်တာအတွင်း ရုပ်ရှင်ရိုက်ကူးတဲ့ အကြိမ်ပေါင်း ၁၇၀ အထိ ရှိလာတာကို တွေ့ရပါတယ်။ ဒါ့အပြင် ဒီရုပ်ရှင်အနုပညာရပ်ဝန်းထဲမှာ ရုပ်ရှင်ပြခန်းမကိုပြင်ဆင်မွမ်းမံပေးခဲ့ပြီး ကမ္ဘာကျော်ရုပ်ရှင်တွေ၊ အော်စကာဆုရဇာတ်ကားတွေကို အုပ်စုဖွဲ့ပြီးတော့ လေ့လာအကဲဖြတ်သုံးသပ်တဲ့ပုံစံမျိုးနဲ့ နှစ်ပတ်တစ်ကြိမ် မပျက်မကွက် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အလားတူပဲ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ဖို့အတွက် အကြောင်းအရာ ခေါင်းစဉ်မျိုးစုံနဲ့ ရုပ်ရှင်အနုပညာရပ်ဝန်းမှာ ဆွေးနွေးပွဲ၊ Workshop တွေ၊ Seminar တွေကိုလည်း ကျင်းပနိုင်ခဲ့တဲ့အပြင် ပြည်ပကနေ ကျွန်တော်တို့နိုင်ငံကို ရုပ်ရှင်လာရောက်ရိုက်ကူးမှုတွေ ဥပမာ– Line Walker– 2 နဲ့ အခြားခရီးသွားမှတ်တမ်း Documentary တွေကိုလည်း အဆင်ပြေစွာရိုက်ကူးနိုင်ဖို့ ညှိနှိုင်းစီစဉ်ပေးခဲ့တာရှိပါတယ်။ ကျွန်တော်တို့ဆီက ရုပ်ရှင်ကားတွေကိုလည်း ပြည်ပကို ထိုးဖောက်ပြသနိုင်ဖို့ ညှိနှိုင်းစီစဉ်ပေးခဲ့တာ ယခုဆိုရင် ၁၃ ကားအထိ ပြသနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ရုပ်ရှင်ဇာတ်ကားတွေနဲ့ သတင်းမှတ်တမ်းတွေကို ထိန်းသိမ်းခြင်းလုပ်ငန်းတွေလည်း ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ရဲ့ မြန်မာရုပ်ရှင်ဇာတ်ကားတွေနဲ့ သတင်းမှတ်တမ်းတွေကို ထိန်းသိမ်းနေတာဖြစ်ပါတယ်။ ဒါကို ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဥပမာပြောရရင် မြဂနိုင်ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားဟာ ယူနက်စကို ရှေးဟောင်းမှတ်တမ်းဝင် ဖြစ်ပါတယ်။ ဒီဇာတ်ကားအပြင် မှုန်ရွှေရည်နဲ့ ဂျပန့်ရင်သွေးစတဲ့ စုစုပေါင်း ရုပ်ရှင်ဇာတ်ကား သုံးကားကို ပြည်ပအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးတော့ ဖလင်စနစ်ကနေ ဒစ်ဂျစ်တယ်စနစ်ကိုပြောင်းပြီးတော့ ထိန်းသိမ်းထားနိုင်ပြီဆိုတာကိုလည်း အသိပေးပြောကြားလိုပါတယ်။

ဦးကိုကိုနိုင်(ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန)

မေး။ ။ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရဲ့ အဓိကလုပ်ငန်းတာဝန်တွေကို ရှင်းပြပေးစေလိုပါတယ်ရှင့်။

ဖြေ။ ။ ပုံနှိပ်ရေးနဲ့ထုတ်ဝေရေးဦးစီးဌာနအနေနဲ့ အစိုးရရဲ့ ပုံနှိပ်လုပ်ငန်းများကို အရည်အသွေးမီ၊ အချိန်မီ ပုံနှိပ်ထုတ်ဝေနိုင်ရေးနဲ့ စာပေဖွံ့ဖြိုးရေးလုပ်ငန်းနှစ်ရပ်ကို ဆောင်ရွက်လျက်ရှိပါတယ်။ ပထမလုပ်ငန်းက နိုင်ငံတော်အစိုးရအဖွဲ့အစည်းတွေ၊ လွှတ်တော်၊ အစိုးရအဖွဲ့ရုံးနဲ့ ဝန်ကြီးဌာနတွေက အပ်နှံတဲ့ ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပညာရေးဝန်ကြီးဌာနကအပ်နှံတဲ့ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ခြင်းဖြစ်ပြီး နောက်တစ်ခုကတော့ စာပေဖွံ့ဖြိုးရေးအတွက် စာအုပ်စာစောင်တွေ ပုံနှိပ်ထုတ်ဝေတဲ့လုပ်ငန်းကို ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ဌာနအနေနဲ့ နေပြည်တော်မှာ ပုံနှိပ်စက်ရုံ တစ်ရုံ၊ မန္တလေးမှာ ပုံနှိပ်စက်ရုံ တစ်ရုံနဲ့ ရန်ကုန်မြို့မှာ ပုံနှိပ်စက်ရုံ ငါးရုံရှိပြီး စုစုပေါင်း ပုံနှိပ်စက်ရုံခုနစ်ရုံနဲ့ ပုံနှိပ်လုပ်ငန်းများကို ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ စာပေဖွံ့ဖြိုးရေး လုပ်ငန်းအတွက်ကတော့

ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး
ဦးသက်ဆွေ

စာပေဗိမာန်က အဓိကဆောင်ရွက်တာ ဖြစ်ပါတယ်။

ဌာနရဲ့ စာပေဗိမာန်က ထုတ်ဝေတဲ့ အပတ်စဉ်ထုတ် ရွှေသွေးစာစောင်၊ လစဉ်ထုတ်တဲ့ သုတပဒေသာမဂ္ဂဇင်း၊ နှစ်စဉ်ထုတ်တဲ့ မြန်မာ့စွယ်စုံကျမ်းအနှစ်ချုပ်၊ အပတ်စဉ်ထုတ်တဲ့ နိုင်ငံတော်ပြန်တမ်း၊ နှစ်စဉ်ထုတ်တဲ့ ပြက္ခဒိန်၊ စာပေဗိမာန်ဆုရစာမူတွေနဲ့ ပခုက္ကူဦးအုန်းဖေဆုရစာမူတွေကို ပြည်သူ့လက်စွဲစာစောင်တွေအနေနဲ့ စာအုပ်တွေ ထုတ်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ထုထည်ကြီးမားပြီးတော့ တစ်နှစ်ပတ်လုံးဆောင်ရွက်ရတဲ့ လုပ်ငန်းကတော့ ပညာရေးဝန်ကြီးဌာနက အပ်နှံတဲ့ အခြေခံပညာကျောင်းသုံး စာအုပ်တွေကို ကျောင်းဖွင့်ချိန်အမီ အရည်အသွေးမီ ထုတ်ဝေပေးရခြင်း ဖြစ်ပါတယ်။

မေး။ ။ စတုတ္ထ တစ်နှစ်တာအတွင်း ဆောင်ရွက်ချက်တွေကိုလည်း ရှင်းပြပေးပါရှင့်။

ဖြေ။ ။ စာအုပ်စာစောင်ထုတ်ဝေတဲ့ လုပ်ငန်းတွေမှာ ၂၀၂၀–၂၀၂၁ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းသုံးစာအုပ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအတွက် စာအုပ်ခြောက်မျိုးကို အမှာစောင်ရေ ၄၁ ဒသမ ၆၉၈ သန်း ပုံနှိပ်ထုတ်လုပ်ခဲ့ပါတယ်။ နိုင်ငံတော်အဆင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွေအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ ပြည်သူ့အတွက် တတိယတစ်နှစ်တာမှတ်တမ်းစာအုပ်၊ ၂၀၁၈ ခုနှစ်အတွင်းမှာ ပြောကြားခဲ့တဲ့ နိုင်ငံတော်သမ္မတနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ရဲ့ မိန့်ခွန်း၊ အမှာစကားနဲ့ သဝဏ်လွှာများ မှတ်တမ်းစာအုပ်တွေကို ထုတ်ဝေနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ကျောင်းသုံးစာအုပ် ပုံနှိပ်ထုတ်လုပ်ခြင်းမပါ၊ အစိုးရဝန်ကြီးဌာနတွေက အပ်နှံတဲ့ စာအုပ်စာစောင် ၉၁၉၅၉၀ နဲ့ ပုံစံရွက်လွှတ် ၂၇၆၇၀၂၁၉ တို့ကို ပုံနှိပ်နိုင်ခဲ့ပါတယ်။

စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုအနေနဲ့ ကျွန်တော်တို့ဌာနအနေနဲ့ ၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနဲ့ စာပေဗိမာန်စာမူဆုတွေကို ချီးမြှင့်ပေးနိုင်ခဲ့ပါတယ်။ အမျိုးသားစာပေ တစ်သက်တာဆု နှစ်ဆု၊ အမျိုးသားစာပေဆု ၁၀ ဆုနဲ့ စာပေဗိမာန်စာမူဆု ပြိုင်ပွဲမှာ ပထမဆု ခြောက်ဆု၊ ဒုတိယဆု ကိုးဆု၊ တတိယဆု ကိုးဆု စုစုပေါင်း ၂၄ ဆု ချီးမြှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ အမျိုးသားစာပေတစ်သက်တာဆုအနေနဲ့ ဆုကြေးငွေကျပ်သိန်း ၅၀၊ အမျိုးသားစာပေဆုအနေနဲ့ ဆုကြေးငွေကျပ် ၂၅ သိန်းနဲ့ စာပေဗိမာန်စာမူဆု ပထမဆု ကျပ် ၁၀ သိန်း၊ ဒုတိယဆု ခုနစ်သိန်းနဲ့ တတိယဆု ကျပ် ငါးသိန်းစီ ချီးမြှင့်နိုင်ခဲ့ပါတယ်။

၁၉၅၄ ခုနှစ်က ထုတ်ဝေခဲ့တဲ့ မြန်မာ့စွယ်စုံကျမ်းတွဲ (၁၅)တွဲကို ပြန်လည်ပြင်ဆင် ဖြည့်စွက်ပြီး ပုံနှိပ်နိုင်ရေးဆောင်ရွက်တဲ့ လုပ်ငန်းကိုတော့ အတွဲ (၁) မူကြမ်း ပြီးစီးပြီဖြစ်သလို မြန်မာစာပေသမိုင်းမှာ ထင်ရှားတဲ့ လူထုသိသင့်တဲ့ အကျိုးဖြစ်ထွန်းမယ့် စာအုပ်တွေကို မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်များအဖြစ် စာအုပ်ထုတ်ဝေရေးဆောင်ရွက်ခဲ့တာ စတုတ္ထတစ်နှစ်တာကာလအတွင်း အတွဲ(၄)(၅)(၆)ကို ထုတ်ဝေခဲ့ပြီး ကျန်အတွဲများ ထုတ်ဝေရေးဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြားဆောင်ရွက်ချက်တွေကိုလည်း သိပါရစေ။

ဖြေ။ ။ မြန်မာစာပေ ဖွံ့ဖြိုးရေးအတွက် မြန်မာစာပေ၊ မြန်မာဘာသာစကား၊ အနီးမြင် အဝေးမြင် စာတမ်းဖတ်ပွဲ၊ အရှေ့တောင်အာရှ နယ်နိမိတ်များပေါင်းကူးခြင်း စာပေစကားဝိုင်း၊ မြန်မာမှု၊ မြန်မာ့ဓလေ့၊ မြန်မာ့အမြင် စာတမ်းဖတ်ပွဲ စုစုပေါင်း သုံးပွဲ ကျင်းပနိုင်ခဲ့ပြီး စာပေဗိမာန်အနေနဲ့ ပြည်သူလူထုစာအုပ်စာပေများ ဖတ်ရှုနိုင်ရေးအတွက် ရန်ကုန်နဲ့မန္တလေးတို့မှာ စာပေဗိမာန်စာကြည့်တိုက်များ ဖွင့်လှစ်ထားတဲ့အပြင် စာပေပြန့်ပွားရေးအတွက် ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်တွေမှာ စာပေဗိမာန်အရောင်းဆိုင်တွေ ဖွင့်လှစ်ရောင်းချလျက်ရှိပါတယ်။ ဒီနှစ်မှာတော့ စာပေဖတ်ရှုတဲ့ ပြည်သူလူထု အဆင်ပြေစေဖို့ ရန်ကုန်မြို့မှာရှိတဲ့ စာပေဗိမာန်ရုံးကို အကြီးစားပြင်ဆင်မွမ်းမံခြင်းနဲ့ ဓာတ်လှေကားအသစ် လဲလှယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

ဦးသက်ဆွေ (ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)

မေး။ ။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းကနေ တိုင်းရင်းသားဘာသာနဲ့ သတင်းဖတ်ရှုနိုင်အောင် ဆောင်ရွက်နေတဲ့ အကြောင်းကို သိပါရစေ။

ဖြေ။ ။ တိုင်းရင်းသားဘာသာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တိုင်းရင်းသားတွေအတွက် တိုင်းရင်းသားစာပေနဲ့ သတင်းတွေကို ဖတ်ရှုနိုင်ဖို့ ဆောင်ရွက်ပေးနေတာရှိပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ပူးပေါင်းပြီး အခု စတုတ္ထတစ်နှစ်တာကာလ ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်းမှာ ရှမ်းဘာသာနဲ့ ရေးသားထုတ်ဝေတဲ့ အချပ်ပိုလေးမျက်နှာကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ပြည်နယ်အတွင်း ဖြန့်ဝေနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဟိုအရင်ကတည်းက မွန်ဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာ၊ ပအိုဝ်းဘာသာ၊ ကချင်ဘာသာ၊ ရခိုင်ဘာသာတွေနဲ့လည်း အပတ်စဉ် အချပ်ပိုအဖြစ် ပုံနှိပ်ထုတ်ဝေဖြန့်ချိပေးလျက်ရှိပါတယ်။

မေး။ ။ သတင်းစာမျက်နှာတွေမှာ ကဏ္ဍသစ်တွေ ဖော်ပြပေးနေတာအပြင် အချပ်ပိုစာမျက်နှာတွေနဲ့ ကဏ္ဍအသစ်တွေ ဖော်ပြပေးနေတာတွေကိုလည်း သိလိုပါတယ်။

ဖြေ။ ။ အခု စတုတ္ထတစ်နှစ်တာကာလအတွင်း ၂၀၁၉ ခုနှစ် မေလ ၂၉ ရက်မှစတင်ပြီး ပြည်သူလူထုက ရွေးကောက်တင်မြှောက်ခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ပြည်သူ့အကျိုး၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးအတွက် ဆောင်ရွက်ချက်တွေကို မြန်မာ့အလင်းသတင်းစာမှာ “နိုင်ငံတော်နှင့် ပြည်သူ့အကျိုး ရှေးရှု လွှတ်တော်များ၏ ဖော်ဆောင်မှု” ကဏ္ဍ၊ ကြေးမုံသတင်းစာမှာ “ပြည်သူ့အရေး လွှတ်တော်ဖော်ဆောင်ပေး” ကဏ္ဍ ဆိုတဲ့ ခေါင်းစဉ်နဲ့ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပေးခဲ့ပါတယ်။

ကလေးသူငယ်များ ကျောင်းပိတ်ရက်တွေမှာ လေ့လာဖတ်ရှုနိုင်ဖို့နဲ့ ကျောင်းစာသင်ကြားရာမှာ အထောက်အကူဖြစ်စေဖို့အပြင် လောကနီတိကို သိရှိနားလည်စေဖို့ ရည်ရွယ်ပြီး “ရင်သွေးကမ္ဘာ” ကဏ္ဍသစ်ကို ၂၀၁၉ ခုနှစ် ဇွန်လ ၂ ရက်မှ စတင်ဖော်ပြခဲ့ပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မြန်မာ့အလင်းသတင်းစာမှာ ဖော်ပြပေးနေသလို အားလပ်ရက်တွေမှာ လည်ပတ်သွားလာအပန်းဖြေကြမယ့် ပြည်သူတွေအတွက် မြန်မာနိုင်ငံ အနှံ့အပြားက လည်ပတ်နိုင်တဲ့နေရာတွေ၊ သိသင့်တဲ့ဗဟုသုတတွေနဲ့ ဒေသထွက် လက်ဆောင်ပစ္စည်း ဝယ်ယူနိုင်မယ့် အကြောင်းအရာများကို ဖော်ပြပေးနေတဲ့ “ရွှေနိုင်ငံ ခရီးသည်” ကဏ္ဍသစ်ကိုလည်း ၂၀၁၉ ခုနှစ် ဇွန်လ ၂၇ ရက်က မြန်မာ့အလင်းမှာ စတင်ဖွင့်လှစ်ခဲ့ပြီး အပတ်စဉ် ကြာသပတေးနေ့တိုင်း ဖော်ပြပေးလျက်ရှိပါတယ်။

မေး။ ။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရဲ့ လုပ်ငန်းသဘောသဘာဝနဲ့လာမယ့် ကာလတွေမှာ လျှောက်လှမ်းမယ့် ရည်မှန်းချက်ပန်းတိုင်ကိုလည်း သိပါရစေ။

ဖြေ။ ။ အခု လတ်တလောကာလမှာ ကပ်ရောဂါဖြစ်တဲ့ ကိုဗစ် – ၁၉ နဲ့ ပတ်သက်ပြီး ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ထုတ်ပြန်ပေးပို့တဲ့ ထုတ်ပြန်ချက်တွေ၊ အခြားသော ဝန်ကြီးဌာနများရဲ့ ထုတ်ပြန်ချက်တွေ၊ နောက်ပြီး ကိုဗစ် – ၁၉ နဲ့ ပတ်သက်တဲ့ အင်တာဗျူးတွေ၊ စကားဝိုင်းတွေ ၊ အသိပညာပေးတွေ၊ နိုင်ငံတကာမှာ ဖြစ်ပျက်နေတဲ့ သတင်းတွေကို သတင်းစားသုံးသူ ပြည်သူတွေ အဆက်မပြတ် သိရှိစေဖို့ အလေးထား ဖော်ပြပေးလျက်ရှိပါတယ်။ ထပ်မံပြီးတော့လည်း စာဖတ်ပရိသတ်တွေရဲ့ တောင်းဆိုမှု၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းတွေရဲ့ တီထွင်ကြံဆ ကြိုးပမ်းမှုနဲ့ သတင်းကဏ္ဍအသစ်တွေကို ဆက်လက်ဖော်ပြပြီး ပြည်သူ့သတင်းစာအဖြစ် ဆက်လက်ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကြေးမုံသတင်းစာတိုက် (နေပြည်တော်)၏ သတင်းခန်းအား တွေ့ရစဉ်။